# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 20 February 2022 ၁၀၆၅၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းရင်းသားပြည်သူအားလုံးသည် မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်ကြပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ကျရောက်သည့် ဖေဖော်ဝါရီလ (၂၀) ရက်နေ့သည် ချင်းပြည်နယ်နှင့်ဒေသအသီးသီးတွင် နေထိုင်ကြသော ချင်းတိုင်းရင်းသား အားလုံးအတွက် ထူးခြားလေးနက်၍ ကျက်သရေမင်္ဂလာပြည့်ဝသော (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ ဖြစ်ပါသည်။ ယခုကဲ့သို့သော ချင်းတိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်တွင် ချင်းတိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသားပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင်


**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**ယနေ့** ဖတ်စရာ

**ပြိုင်တူတွန်းလှျင် ရွေ့နိုင်ပါသည်**

ဆောင်းပါး စာမျက်နှာ » ၆

**ဒီပွဲက ကျွန်တော်တို့လို တောင်သူတွေအတွက် ရာသီဥတုနဲ့ ကိုက်ညီတဲ့ မျိုးစေ့တွေ လေ့လာခွင့်ရနိုင်တာဆိုတော့ ဗဟုသုတတွေ၊ အကျိုးကျေးဇူးတွေ များစွာရရှိပါတယ်**

စာမျက်နှာ » ၉

**အသေးစား ငွေရေးကြေးရေးလုပ်ငန်း အကြောင်း တစေ့တစောင်း**

ဆောင်းပါး စာမျက်နှာ » ၁၀


# အဆင့်မြင့်မင်္ဂလာဈေးသစ် တည်ဆောက်ရေးလုပ်ငန်းမှ ဈေးဆိုင်ခန်းများ ဇွန်လကုန်ပိုင်းတွင် ပြီးစီးမည်



အဆင့်မြင့်မင်္ဂလာဈေးသစ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၁၉


ရန်ကုန်မြို့ အဆင့်မြင့်လက်ကားဈေးကြီးဖြစ်သော အဆင့်မြင့်မင်္ဂလာဈေးသစ် တည်ဆောက်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ မြေအောက်ထပ်အပါအဝင် မြေညီထပ်မှ အထပ်မြင့်လေးထပ်အထိဖြစ်သော ယခင်မင်္ဂလာဈေးဟောင်းမှ ဈေးသူ ဈေးသားများ ဖွင့်လှစ်ရောင်းချခဲ့သည့် ဆိုင်ခန်းများမှာ လာမည့် ဇွန်လကုန်ပိုင်းတွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**ငွေကျပ် ၆၈ ဘီလီယံ**

အဆိုပါ အဆင့်မြင့်မင်္ဂလာဈေးသစ် တည်ဆောက်ရေးစီမံကိန်းအတွက် ငွေကျပ် ၆၈ ဘီလီယံ အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။ ဈေးသစ် တည်ဆောက်သည့် စီမံကိန်းဧရိယာအတွင်း မြေအောက်ထပ်


**စာမျက်နှာ ၄ ကော်လံ ၁ သို့**





ကြေးမုံ

# ပြည်ထောင်စုမြန်မာနိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးရှေးရှု

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နှစ်ပေါင်းထောင်ချီ အစွန့်ရှည်တည်တံ့ခိုင်မြဲလျက်ရှိသည်။ ဆက်လက်၍လည်း တည်တံ့ခိုင်မြဲနေဆဲဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲရန်အတွက် အဓိကအားဖြင့် ကာကွယ်စောင့်ရှောက်ပေးခဲ့ကြသူများမှာ မည်သူတို့ဖြစ်ပါသနည်း။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သောသူတို့သည် မည်သူတို့ဖြစ်သည်ကို သမိုင်းတွင်ကြည့်နိုင်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံဖြစ်တည်လာသည့်အချိန်မှစ၍ ခက်ခဲကြမ်းတမ်းသောသမိုင်းရေစီးကြောင်းတွင် ဖြတ်သန်းခဲ့ရပါသည်။ ပြည်တွင်းပဋိပက္ခများ၊ ပြည်ပကျူးကျော်မှုများ ကြုံတွေ့ခဲ့ရပါသည်။ သို့သော် အစွန့်ရှည်လျားသော သမိုင်းစဉ်တစ်လျှောက်တွင် "ဗမ္မာတစ်လူမှာ မြန်မာ"ဟူသောဟိတ်ဖြင့် မတွန့်မဆုတ်၊ မကြောက်မလန့်၊ လေပြင်းမုန်တိုင်း မည်မျှပင်ကျရောက်သော်လည်း တုန်လှုပ်ခြင်းကင်းသော ကျောက်စိုင်ကျောက်သားကဲ့သို့ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ခဲ့ပါသည်။ ပြည်ထောင်စုကြီး မပြိုကွဲအောင်၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထဝီဝင်အနေအထားကို လေ့လာကြည့်လျှင် ရှည်လျားစွာသော နယ်စပ်မျဉ်းကြောင်းတစ်လျှောက်၏ တစ်ဖက်တစ်ချက်တွင် အလွန်ကြီးမားသော နိုင်ငံကြီးနှစ်နိုင်ငံရှိနေသည်မှာ အံ့သြဖွယ်ရာဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေအားဖြင့်လည်းကောင်း၊ အကျယ်အဝန်းအားဖြင့်လည်းကောင်း အဆမတန်ကွာဟနေသည့် နိုင်ငံကြားတွင် တည်ရှိနေသည်မှာ ထူးခြားမှုဖြစ်သည်။ ထိုသို့သောအခြေအနေရှိနေသော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ခေတ်အဆက်ဆက်၊ သမိုင်းအဆူဆူ၊ ရာဇဝင်အစောင်စောင်တို့တွင် ထွန်းပြောင်သောအသရေဖြင့် ရပ်တည်နိုင်ခဲ့သည်သာဖြစ်သည်။

မည်သည့်ခေတ်ကာလတွင်မျှ နိုင်ငံတော်၏ ပိုင်နက်နယ်မြေပြင်သည် တစ်စုံတစ်ရာမျှ ပဲ့၍ရွဲ့၍ မသွားခဲ့။ တစ်စုံတစ်ရာမျှ ဖဲ့ရန်၊ ရွဲ့ရန် ပြုလုပ်ရန်လည်း လုံးဝမရခဲ့ချေ။ မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသားတို့၏ ဇာတိမာန်၊ ဖွဲလုံ့လသတ္တိ၊ ဗျတ္တိ၊ စွမ်းပကားများနှင့် အာဇာနည်စိတ်ထားတို့ကိုလည်း ပျောက်အောင်၊ ပျက်အောင် ပြုလုပ်နိုင်ခြင်းလည်း အလျှင်းမရှိချေ။ မြန်မာတို့၏ အသွေးအသား၊ ရိုးတွင်းခြင်ဆီတွင် စိမ့်ကာ၊ ကပ်ကာ၊ ခိုမှီးနေသည့် မျိုးရိုးဗီဇတို့မှာလည်း ပျောက်ပျက်သိမ်ဖျင်းခြင်းအလျှင်းမရှိပေ။ မြန်မာတို့၏ခေါင်းသည် မည်သည့်အခါတွင်မှ မတုံးခဲ့သလို မြန်မာတို့၏ ဇာတိမာန်သည်လည်း မည်သည့်အခါတွင်မှ တုံးခြင်းမရှိပေ။ အမျိုးမာန် ဇာတိသွေးတို့သည် ပွက်ပွက်လှိုက်ဆူကာ သောင်းသောင်းညံလျက် ရှိနေတတ်သည်။

ဤကဲ့သို့ ဇာတိမာန် မပျောက်ပျက်ရလေအောင်၊ ဤကဲ့သို့ နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရလေအောင် မည်သူတို့က ကာကွယ်စောင့်ရှောက်ခဲ့ကြပါသနည်း။ အဖြေမှာ ပုဂံခေတ်ဦးကတည်းက ယနေ့ခေတ်သစ်သို့တိုင်အောင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့ကြသည့် မြန်မာ့တပ်မတော် စစ်သည်တော်များသာလျှင် ဖြစ်ပေသည်။ ပုဂံခေတ်ဦးမှသည် ယနေ့ခေတ်၊ အနာဂတ်ခေတ်များတိုင်အောင် မြန်မာ့တပ်မတော်သည် ခေတ်အဆက်ဆက်တွင် သမိုင်းပေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်။ တိုင်းပြည်အရေး၊ အမျိုးသားရေးတို့ကို ဦးလည်မသုန်ဆောင်ရွက်ခဲ့ကြသည်။

သို့ကြောင့်သာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနေ၍ တိုင်းရင်းသားပြည်သူအားလုံး ဤမြေတွင် အစွန့်ရှည်စွာရပ်တည်နေထိုင်ကြရပါသည်။ မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီရပ်တည်ခဲ့သည့်ကာလအတွင်း တိုင်းတစ်ပါးလက်အောက်သို့ နှစ်ပေါင်းတစ်ရာကျော်ကြာအောင် တစ်ကြိမ်ကျရောက်ခဲ့သည်မှအပ မည်သည့်အခါမျှ တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခြင်းမရှိပေ။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန်အတွက် အဓိကအားဖြင့် ကာကွယ်စောင့်ရှောက်ပေးခဲ့သည်မှာ မြန်မာ့တပ်မတော်ဖြစ်ပါသည်။ တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲ၍ တိုင်းပြည်ရန်စွယ်အန္တရာယ်များကို လက်တွဲဝန်းရံတွန်းလှန်ကာကွယ်ခဲ့ကြပါသည်။

မျက်မှောက်ကာလတွင် တပ်မတော်၏ ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ခဲ့ကြသည့်အခြေအနေများကို နားလည်မှုလွဲမှားမှု၊ စိတ်သဘောထားချင်း မတိုက်ဆိုင်မှု၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မလွဲသာ၊ မရှောင်သာအခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရမှုတို့ကို လက်ခံနိုင်ခြင်းမရှိသူများ အနေဖြင့် သွေးထိုးလှုံ့ဆော်မှုများရှိနေပြီး တပ်မတော်နှင့် ပြည်သူကို သွေးကွဲအောင် ပြုလုပ်လျက်ရှိသည်။ တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်အချိန်မှ ယနေ့အချိန်အထိ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်၊ အစဉ်အလာရှိသည့်၊ ဂုဏ်သိက္ခာရှိသည့် တပ်မတော်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သည် သမိုင်းအစဉ်အဆက် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် အသက်၊ သွေး၊ ချွေး၊ ဘဝများပေးဆပ်အပ်နှင်းထားသည်။ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အစဉ်အလာကောင်းသော နိုင်ငံတော်၏သမိုင်းဂုဏ်ရောင်ထွန်းပြောင်နေစေရန် တပ်မတော်သည် ဆက်လက်တာဝန်ကျေပွန်စွာထမ်းဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း။ ။

## (၇၇)နှစ်မြောက်တပ်မတော်နေ့ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်တည်ဆောက်ရေး။

## ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ရေတာရှည် ဖေဖော်ဝါရီ ၁၉



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရဲကုန်းကျေးရွာအုပ်စု အေးကြီးအထက်ရွာအနီးတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၀၁ သန်းဖြင့် မျိုးခေတ်ကျော်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့သော အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၈ ပေ၊ ဒု နှစ်ပေရှိ မြေသားကုန်ထုတ်လမ်းအား အပေါ်မှ ကျောက်ရောမြေခင်းခြင်းနှင့် နှစ်ပေရေပြွန်ပါ တံတားလေးစင်း တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းပိုင်း ဆောင်ရွက်ပြီးစီးမှုကို တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွှန့်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ ကုမ္ပဏီတာဝန်ရှိသူများက လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြသည်။ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ အေးကြီးအထက်ရွာ၊ အေးကြီးအလယ်ရွာ၊ ရဲကုန်း၊ အင်းယား၊ ဆီမီးကံ ကျေးရွာအသီးသီးမှ ရာသီအလိုက် ဒေသထွက်ကုန်များ အဆင်ပြေစွာ သယ်ယူနိုင်ကြမည်ဖြစ်သည်။

ကိုလွင်(ဆွာ)

## မာန်အောင်မြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြော

မာန်အောင် ဖေဖော်ဝါရီ ၁၉

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝမြစ်ချောင်းအင်းအိုင်များအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရေးတို့အတွက် မာန်အောင်မြို့နယ် သိမ္ဘလအုပ်စု ကုန်တန်းကျေးရွာရှိ ရေလုပ်သားများအား ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် တရားမဝင်ငါးဖမ်းဆီးမှုများမရှိစေရေး အသိပညာပေးဟောပြောခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကြည်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး ဒုတိယရဲမှူး စိုးထွန်းနိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်သန်းနှင့် ရေလုပ်သားများ တက်ရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါ စည်းကမ်းလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်အိအိမွန် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တိုင်းရင်းသားလူမျိုးများစွာဖြင့် စုစည်းနေထိုင်လျက်ရှိသော မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့မှာ မည်မျှအရေးကြီးကြောင်း သမိုင်းကပြသလျက်ရှိ

❂ ရှေ့ဖုံးမှ

ချင်းပြည်နယ် ဖလမ်းမြို့၌ လူထုညီလာခံကျင်းပကာ စော်ဘွားများအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ(၉)ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသော သတ္တမအကြိမ်မြောက် ချင်းရေးရာကောင်စီညီလာခံတွင် ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအဆိုများ တင်သွင်းမှုအပေါ် တက်ရောက်လာသော အမတ်အားလုံး၏ဆန္ဒကို ရယူလျက် ဖလမ်းမြို့တွင် လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ကို **"ချင်းအမျိုးသားနေ့"**အဖြစ် ရွေးချယ်သတ်မှတ် အတည်ပြုခဲ့ပါသည်။ ၁၉၄၈ ခုနှစ်ကို အစပြု၍ သတ်မှတ်ခဲ့သော ချင်းအမျိုးသားနေ့သည် ယခုနှစ်ဆိုလျှင် (၇၄)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တူညီသည့် ချင်းလူမျိုးအားလုံး၏ နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှ တောင်သို့ သွယ်တန်းနေသော အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်သို့ စီးဝင်နေသော ကုလားတန်မြစ်၊ ရှားပါးအပင်များ ပေါက်ရောက်ရာနှင့် ရှားပါးသတ္တဝါများ ခိုအောင်းရာ နတ်မတောင်၊ ခေါ်နူးစုမ်တောင်၊ ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားသောစစ်မြေပြင် ကနေဒီတောင်ထိပ်၊ လှပသော ရိဒ်ရေကန်၊ တသွင်သွင်စီးဆင်းနေသော မဏိပူရ်မြစ်၊ ဘွေနူးမြစ်၊ ဘုံတလာရေတံခွန် စသည့် သဘာဝအရင်းအမြစ်များနှင့် မြေပေါ်မြေအောက် သယံဇာတများ တည်ရှိရာနေရာတစ်ခု ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံဖြင့် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အတူတကွ ရင်းနှီးချစ်ကြည်နေထိုင်ခဲ့ကြပါသည်။ သို့ရာတွင် ၁၉ ရာစုအတွင်း ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့၏ ကိုလိုနီနယ်ချဲ့ကျူးကျော်မှုများကြောင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှနယ်ချဲ့တို့က သိမ်းပိုက်ကျွန်ပြုပြီး တောင်တန်းဒေသနှင့် မြေပြန့်ဒေသကို ခွဲခြားအုပ်ချုပ်ခဲ့ပါသည်။ ဤကဲ့သို့ တိုင်းတစ်ပါးသားတို့၏ မတရားကျူးကျော်အုပ်ချုပ်ခြင်းကို သူ့ကျွန်မခံလိုသော ချင်းတိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနှင့် ပူးပေါင်းကာ နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်ခဲ့ကြသည့် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ လက်တွဲပူးပေါင်း တိုက်ပွဲဝင်ခဲ့ကြသည့် ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်ခိုင်ကမ်းစသည့် ချင်းတိုင်းရင်းသားခေါင်းဆောင်များ၏ မျိုးချစ်စိတ်ဓာတ်မှာ ချင်းပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာ သမိုင်းကောင်းအစဉ်အလာပင် ဖြစ်ပါသည်။

ထို့ပြင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ဦးလှုရ်မှုန်၊ ဦးထောင်ဇခုပ်၊ ဦးကီယိုမန်းစသည့် တိုင်းရင်းသားခေါင်းဆောင်များသည်လည်း ချင်းပြည်နယ်၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ပြနိုင်ခဲ့သည့် လေးစားဂုဏ်ယူဖွယ် သာဓကများပင် ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများစွာဖြင့် စုစည်းနေထိုင်လျက်ရှိသော မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့မှာ မည်မျှအရေးကြီးကြောင်း သမိုင်းကပြသလျက်ရှိပါသည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံးသည် မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်ကြပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတော်ကြီး ထာဝရအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ချင်းပြည်နယ်နေရာဒေသအချို့အပါအဝင် နိုင်ငံနေရာအနှံ့အပြား၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံအတွက် အန္တရာယ်အလွန်ကြီးမားလှပါသည်။ ထိုသို့ဖြစ်ပေါ်ခဲ့သည့် မတည်မငြိမ်ဖြစ်ရခြင်း၏ အကြောင်းရင်းအမှန်တရားများကို သိရှိနားလည်ပြီး နိုင်ငံတော်ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေကြသူများနှင့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားများ၏ လုပ်ဆောင်နေမှုများ၊ ပယောဂများကို သိမြင်ခံစား သတိထားကြပြီး အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

> ☆ **လက်ရှိအခြေအနေတွင် ချင်းပြည်နယ်နေရာဒေသအချို့အပါအဝင် နိုင်ငံနေရာအနှံ့အပြား၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံအတွက် အန္တရာယ်အလွန်ကြီးမား**
>
> ☆ **ထိုသို့ဖြစ်ပေါ်ခဲ့သည့် မတည်မငြိမ်ဖြစ်ရခြင်း၏ အကြောင်းရင်းအမှန်တရားများကို သိရှိနားလည်ပြီး နိုင်ငံတော်ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေကြသူများနှင့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားများ၏ လုပ်ဆောင်နေမှုများ၊ ပယောဂများကို သိမြင်ခံစား သတိထားကြပြီး အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရန်လိုအပ်**

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည့်အချိန် ကျရောက်နေပြီဖြစ်ပါကြောင်း တိုက်တွန်းအသိပေးအပ်ပါသည်။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်ကို ယူနေရသည့် သတ်မှတ်ကာလအတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဦးတည်ချက်များနှင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် အလေးထား ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့် အလျောက် ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်ရှိ ပြည်သူများ မျှော်လင့်တောင့်တနေသော ချင်းပြည်နယ်အနှံ့အပြား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ပြည်မနှင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့် ပြည်နယ်တွင်း လမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်း တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုလုပ်ငန်းများသည် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အနာဂတ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများဖြစ်ပါသည်။

> ☆ **နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် အလေးထား ကြိုးစားဆောင်ရွက်လျက်ရှိ**
>
> ☆ **တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်း**

ချင်းပြည်နယ်တွင် သွားလာရန်ခက်ခဲသော သဘာဝမြေမျက်နှာပြင်နှင့် မြင့်မားသောတောင်တန်း၊ တောင်စွယ်များ တည်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှပါသည်။ ထိုသို့ တည်ဆောက်လျက်ရှိရာတွင် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စီမံကိန်းနှင့်စစ်ဆေးရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စီမံကိန်းနှင့် စစ်ဆေးရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့တွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာနအနေဖြင့် ရပ်နားထားရသည့် စီမံကိန်းများ၊ စက်ရုံ/အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေ၍ ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်နှင့်အညီ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) တွင်လည်း နိုင်ငံတော်အကြီးအကဲများက စီမံကိန်းများနှင့် ပတ်သက်သည့် ဆောင်ရွက်နိုင်သည့်နည်းလမ်းများကိုလေ့လာရန်နှင့် မမျှော်မှန်းနိုင်သည့် အခက်အခဲများနှင့်ပတ်သတ်၍ ကြိုတင်ပြင်ဆင်ထားရန် လမ်းညွှန်မှုပြုခဲ့ကြောင်း၊ ထို့အပြင် စီမံကိန်းများနှင့် ပတ်သက်သည့် Pre Projection Procedure, Project Overall Work Plan, Annual Work Plan, Budget Preparation, Project Implementation Unit (PIU), Project Operation Manual (POM), Financial Management Manual (FMM), Project Cycle Management များ ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လမ်းညွှန်ချက်များနှင့် အညီ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စက်မှုဝန်ကြီးဌာနရှိ အဆင့်မြင့်အရာရှိကြီးများအား သင်တန်းဖွင့်လှစ်ပေးရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအား ညှိနှိုင်းခဲ့ကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကို သင်တန်းဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို နားလည်သိရှိခြင်းဖြင့် လုပ်ငန်းများ မြန်ဆန်မှန်ကန်စွာ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းမှရရှိသည့် အသိပညာများကို အသုံးချပြီး စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



စီမံကိန်းနှင့်စစ်ဆေးရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနား ကျင်းပစဉ်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မှုဆိုင်ရာ အချက်အလက်များ၊ အဆိုပြုစီမံကိန်းတစ်ခုချမှတ်ရန် အခြေခံလိုအပ်ချက်များ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာတွင် လိုက်နာရမည့်အချက်များ၊ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အခြေခံမှုများ၊ စီမံကိန်းရေးဆွဲရန် ပြင်ဆင်ရမည့်အခြေခံမှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို အကဲဖြတ်ခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို အကဲဖြတ်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာစိစစ်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ စီမံကိန်းလုပ်ငန်းများကို စစ်ဆေးခြင်း စသည်တို့ကို အသေးစိတ်ဆွေးနွေး၍ တက်ရောက်လာသည့် အဆင့်မြင့်အရာထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ အစိုးရစက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဖေဖော်ဝါရီ ၁၈ ရက်၊ ၁၉ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာရှိ ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ)၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (မိတ္ထီလာ) များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်နေသည့် အခြေအနေများနှင့် ICT နည်းပညာကို အကျိုးရှိစွာအသုံးချပြီး စဉ်ဆက်မပြတ် သင်ယူခွင့်ရရှိရေးတို့ကို ပြောကြားပြီး စာသင်ခန်းများ၊ ကွန်ပျူတာခန်း၊ စက်ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်များ၊ အလုပ်ရုံများနှင့် ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ) သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (မိတ္ထီလာ)သို့ ရောက်ရှိပြီး သင်ကြားသင်ယူမှု ဆောင်ရွက်နေမှုများ၊ ကွန်ပျူတာခန်း၊ စက်ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် စာကြည့်တိုက်များ၊ အလုပ်ရုံများနှင့် ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်၊ သိပ္ပံ၊ ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် မိုးရာသီကာလအတွင်း သစ်ပင်၊ ပန်းပင်များ အရိပ်ရအပင်များ စနစ်တကျစိုက်ပျိုးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ **အဆင့်မြင့်မင်္ဂလာဈေးသစ်မှ** နှစ်ထပ်အပါအဝင် အထပ်မြင့် ၁၅ ထပ်ရှိသည့် ဈေးသစ်အဆောက်အအုံကို ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**ပြန်လည်နေရာချထားပေး**

ဈေးသစ် တည်ဆောက်ရေးလုပ်ငန်းဖြစ်သည့် မြေညီထပ်နေရာ၌ ဘဏ်များ၊ စားသောက်ဆိုင်များနှင့် အဆင့်မြင့်စူပါမားကတ်ကိုပါ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ပြီး မြေအောက်ထပ် နှစ်ထပ်အပါအဝင် အထပ်မြင့် ခြောက်ထပ်မှ ၁၃ ထပ်အထိကို ယာဉ်အစီးရေ ၇၀၀ ကျော်ရပ်နားနိုင်မည့် ယာဉ်ရပ်နားရာ ကားပါကင်နေရာ ပါဝင်တည်ဆောက်သွားမည်ဖြစ်သည်။ အထပ်မြင့် ကိုးထပ်နှင့် ၁၀ ထပ်တွင် ဆိုင်ခန်းများနှင့် ကုန်လှောင်ရုံများပါဝင်မည်ဖြစ်၍ အထပ်မြင့် ၁၁ ထပ်မှ ၁၃ ထပ်အထိကို ရုံးခန်းများ ထည့်သွင်းပါဝင်ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းအတွင်းရှိ ဆောက်လုပ်ရေးကုမ္ပဏီမှ ရရှိမည့် အထပ်မြင့် ငါးထပ်မှ ရှစ်ထပ်အထိကို ဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် ထည့်သွင်းဆောက်လုပ်မည်ဖြစ်ပြီး မြေညီထပ်မှ အထပ်မြင့် လေးထပ်အထိကို ယခင်မင်္ဂလာဈေးမီးလောင်မှုကြောင့် ဈေးအတွင်းဆိုင်ခန်းများ ငှားရမ်းကာ ရောင်းချနေကြသည့် ဈေးသူ၊ ဈေးသားများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆိုင်ခန်းနေရာများ စီမံခန့်ခွဲကာ ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ စီမံကိန်းလုပ်ငန်းခွင်ရှိ တည်ဆောက်ရေးလုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်ပြီးစီးနိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မြေအောက်ထပ်အပါအဝင် မြေညီထပ်မှ အထပ်မြင့် လေးထပ်အထိကို ဇွန်လကုန်ပိုင်းတွင် အပြီးသတ် ဆောက်လုပ်သွားမည်ဖြစ်၍ လာမည့်ဩဂုတ်လကုန်ပိုင်း၌ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချ လည်ပတ်နိုင်စေရန် လျာထားကြောင်း၊ ထို့ပြင် အဆင့်မြင့် မင်္ဂလာဈေးသစ်တည်ဆောက်ရေးလုပ်ငန်းရှိ အဆောက်အအုံတစ်ခုလုံးအား လာမည့်အောက်တိုဘာလကုန်ပိုင်း၌ ဆောက်လုပ်ပြီးစီးနိုင်ရန် လျာထားကြောင်း အဆင့်မြင့် မင်္ဂလာဈေးသစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် လှိုင်မြို့နယ် ၅ ရပ်ကွက် ပိတ်တောက်ချောင်းအတွင်း အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းရှိ မင်္ဂလာကန်သို့ သွားရောက်၍ မင်္ဂလာကန်ရေပိုလွှဲ Spill Way ကြမ်းခင်းနှင့် ရေထုတ်မြောင်းမြေထိန်းနံရံ ပြုပြင်ဆောင်ရွက်နေမှု၊ ကန်ပေါင်တစ်လျှောက်မြက်ခင်း၊ အရိပ်ရပင်၊ ပန်းအလှပင်များစိုက်ပျိုး၍ မြေယာရှုခင်း ဆောင်ရွက်နေမှု၊ လူသွားစင်္ကြံစက်ဘီးလမ်းဘေးတွင် ခုံတန်းများ တပ်ဆင်နေမှုတို့ကို လည်းကောင်း၊ အင်းစိန်မြို့နယ် တညင်းကုန်း ကုန်စိမ်းဈေးရှေ့ ရွှေပြည်သာတံတားလမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပုလဲလမ်းဆုံမှ မီးရထားသံလမ်းထိ ရေမြောင်းတစ်လျှောက် တူးဖော်ရှင်းလင်းနေမှုကို လည်းကောင်း၊ ရွှေပြည်သာမြို့နယ် ၁ ရပ်ကွက်ရှိ ရွှေဗဟိုရ်ပတ်လမ်းတစ်လျှောက် ခရိုင်နှင့် မြို့နယ်ဝန်ထမ်းအင်အား ၁၀၀ ဖြင့် လမ်းဘေးဝဲ/ယာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ပိတ်ဆို့နေသည့်ရေမြောင်းနှင့် Culvert နေရာများ တူးဖော်ရှင်းလင်းနေမှုတို့ကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်နှင့် အလုံမြို့နယ်အကြား ကွင်းချောင်းရေနုတ်မြောင်းအတွင်း အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှု၊ ပျက်စီးသွားသည့် မြေထိန်းနံရံများ ပြန်လည်ပြုပြင်ပြီးစီးမှုတို့ကို လည်းကောင်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်းရှိ သစ်တောမြစ်ထွက်ပေါက်ရေထိန်းတံခါးသို့ သွားရောက်၍ အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် အာဆီယံဆု (ASEAN Prize 2022) လျှောက်ထားနိုင်ကြောင်းကြေညာ

၁။ အာဆီယံဒေသအတွင်းရှိ လူမှုဘဝများတိုးတက်စေရေး၊ လူမှုအဖွဲ့အစည်းများ ချိတ်ဆက်မှုအားကောင်းစေရေးနှင့် ကပ်ရောဂါကြောင့် ထိခိုက်မှုများအား ပြန်လည်ထူထောင်ရေးအတွက် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခုဖြစ်သည့် ၂၀၂၂ ခုနှစ် အာဆီယံဆု (ASEAN Prize 2022)ကို ပေးအပ်ချီးမြှင့်သွားနိုင်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလျှောက်လွှာများခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် အောက်ဖော်ပြပါ နယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများဖြစ်ရပါမည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံဆောင်ရွက်မှုများ၊

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံဆောင်ရွက်မှုများ၊

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊

(င) အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးအတွက်အထောက်အကူဖြစ်စေသည့် စွမ်းစွမ်းတမံဆောင်ရွက်ချက်များ၊

၃။ လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်း စည်းကမ်းကို အခြေပြုသည့် ပြည်သူဗဟိုပြု အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ(၃)မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize/ တွင် ရယူနိုင်ပါသည်။

၅။ ၂၀၂၂ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို **၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ ဧပြီလ ၂၅ ရက်နေ့အထိ** လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာ ဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆု စတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ဆုများကို အသီးသီး ဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက် အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ရာဇဌာနီသာမဏေကျော် ကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ကြက်ခက်တောကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ ဓမ္မပါလပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အနောက်ခင်မကန်ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိဟံသာဝတီပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းထုတ်ပြန်ရေး ဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းထုတ်ပြန်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အွန်လိုင်းဖြင့်ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော် တပ်ကုန်းမှ ဝန်ထမ်းများ တက်ရောက်ဆွေးနွေးကြသည်။ ABU (Asia – Pacific Broadcasting Union )သည် အာရှပစိဖိတ်ဒေသတွင်းရှိ နိုင်ငံနှင့်ဒေသပေါင်း ၅၇ ခုမှ ရုပ်သံဌာနပေါင်း ၂၈၆ ခု ပါဝင်ဖွဲ့စည်းထားသည့် ရုပ်သံလုပ်ငန်း အဖွဲ့အစည်းဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲသည် ကုလသမဂ္ဂ၏အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစီရင်ခံစာကို ဖေဖော်ဝါရီ ၂၈ ရက်တွင် တရားဝင်ထုတ်ပြန်မည်ဖြစ်၍ ရုပ်သံဌာနများအနေဖြင့် မည်ကဲ့သို့ သတင်းထုတ်လွှင့်မည်ကို ဆွေးနွေးကြခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် Asia – Pacific Broadcasting Union–ABU အဖွဲ့ဝင် ရုပ်သံဌာနများအနေဖြင့် အစီရင်ခံစာတွင်ပါဝင်သည့် အဓိကအချက်များ၊ အစီရင်ခံစာအပေါ် အဖွဲ့အစည်းအသီးသီးမှ ဝေဖန်သုံးသပ်ချက်များ၊ Social Media Platform နှင့် မှတ်တမ်းအသုံးပြုမှုဆိုင်ရာများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရုပ်သံမှတ်တမ်းထုတ်လုပ်မှုများကို ဆွေးနွေးကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Asia–Pacific Broadcasting Union–ABU တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရာ အဖွဲ့ဝင်များအကြား သတင်းထုတ်ပြန်ရေးဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာအစီအစဉ်များထုတ်လုပ်ကြသည့် ထုတ်လုပ်ရေးမှူးများနှင့် သတင်းထောက်များ တက်ရောက်ကြကြောင်းသိရသည်။

**သတင်းစဉ်**





## တောင်ကြီးမြို့၌ ရောင်စုံအနာဂတ်ပန်းချီပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ အခြေခံပညာဦးစီးဌာနနှင့် တရုတ်နိုင်ငံ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံရုံး CFPA တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ရောင်စုံအနာဂတ်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးမြင့်လွင်က ယနေ့ခေတ်ပညာရေးစနစ်သည် ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ သက်မွေးဘက်စုံပညာရေးဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာပေဘာသာရပ် တစ်ခုတည်း ထူးချွန်၍မရကြောင်း၊ ဘက်စုံထူးချွန်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ပြိုင်ပွဲများကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအားလုံး ဘက်စုံထူးချွန်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရောင်စုံအနာဂတ်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်

**မျိုးငြိမ်းငယ်**

### အရေးပါသည့်လုပ်ငန်းစဉ်တစ်ရပ်

မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၏ အရေးကြီးသောလုပ်ငန်းစဉ်များစွာအနက်မှ တစ်ခုကို ထုတ်နုတ်ပြပါဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ညွှန်ပြရမည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးသည် အခြားသောနိုင်ငံရေး၊ စီးပွားရေးတို့ကဲ့သို့သော အရေးကြီးကဏ္ဍများနှင့် ဆက်စပ်နေရာ ငြိမ်းချမ်းရေးတည်ဆောက်မှုမှာ မြန်မာနိုင်ငံအတွက် အဓိကလုပ်ငန်းစဉ်အဖြစ် တွေ့ရပါသည်။ ငြိမ်းချမ်းရေးဟုဆိုသော်လည်း ပဋိပက္ခများ လျှော့ချရေး၊ ချုပ်ငြိမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး ရည်မှန်းချက်များသာမက အနာဂတ်နိုင်ငံတည်ဆောက်ရေးနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပါ ပူးတွဲလျက်ရှိသည်ကို တွေ့ရပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အများစုသည် သီးခြားဆောင်ရွက်နိုင်သည့် ကိစ္စရပ်တစ်ခုအဖြစ် မတည်ရှိတတ်ဘဲ အခြားသောနိုင်ငံတည်ဆောက်ရေးဆိုင်ရာကိစ္စများနှင့် လက်ယှက်ထိုး ဆက်စပ်နေတတ်ကြပါသည်။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်လုပ်ငန်းနှင့်အတူ နိုင်ငံရေးမှအစ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအဆုံး အားလုံးအကျုံးဝင်နေသဖြင့် အရေးပါသည့် လုပ်ငန်းစဉ်ဟု ဆိုရခြင်းဖြစ်ပါသည်။

ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရုပ်ပိုင်းဆိုင်ရာကိုင်တွယ်ဖြေရှင်းရသည့် လုပ်ငန်းသဘောမျိုးမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ၊ အရည်အသွေးပိုင်းဆိုင်ရာတို့နှင့်ပါ ဆက်စပ်ပတ်သက်နေသည်ကို တွေ့ရပါသည်။ သို့ဖြစ်သည့်အတွက် ခက်ခဲရှုပ်ထွေးသည့် အခြေခံလုပ်ငန်းစဉ်တစ်ရပ်ဟု ဆိုရမည်ဖြစ်ပါသည်။

### လူသားနှင့် ငြိမ်းချမ်းမှု

လူတို့၏ သဘောသဘာဝတွင် ငြိမ်းချမ်းမှုကို လိုလားသည့် စိတ်ဆန္ဒရှိကြပါသည်။ သို့အတွက်လည်း စိတ်၏ငြိမ်းအေးရာကို ရှာဖွေတတ်ကြသည်။ ကျင့်ကြံတည်ဆောက်တတ်ကြပါသည်။ စိတ်ငြိမ်းချမ်းမှ ရုပ်လည်းငြိမ်းချမ်းမည့်သဘော ဖြစ်ပါသည်။ စိတ်ပူလောင်နေသမျှ သောကများဖြင့် ရုပ်ခန္ဓာလည်း ပူလောင်နေပါလိမ့်မည်။ အပူသောကများဆိုသည်ကလည်း လူတိုင်းလိုလို၌ ရှိတတ်ကြစမြဲဖြစ်သည်။ ထိုသောကအပူ၊ လောကအပူများကို မည်သူကများ တရှိုက်မက်မက် ဖက်တွယ်မက်မောကြမည်နည်း။ ထိုသောကအပူများကင်းရာ လောကချမ်းသာ၊ လောက၏အေးငြိမ်းရာကို ရှာဖွေကြပါ၏။

လူသားတစ်ယောက်အတွက် ငြိမ်းချမ်းမှုဆိုသည်က သူ့ဘဝသက်တမ်းတစ်ခုစာအတွက်သာဖြစ်သည်။ လူ့သက်တမ်းဆိုသည်က မည်မျှကြာမည်နည်း။ သံသရာမဆိုထားဘိ ကမ္ဘာ့သက်တမ်းနှင့် ယှဉ်လျှင်ပင် မျက်စိတစ်မှိတ်၊ လက်တစ်ဖျစ်အချိန်မျှသာရှိပါသည်။ ကမ္ဘာပေါ်ရှိ လူ့သက်တမ်းနှင့် သတ္တဝါအချို့၏သက်တမ်းနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

ဂင်းနစ်မှတ်တမ်းမဝင်သော်လည်း ကမ္ဘာတွင် အသက်ရှည်ဆုံးလူသားဖြစ်သည့် တရုတ်နိုင်ငံမှ li chin yuen မှာ အသက် ၁၉၇ နှစ် (၂၅၆ နှစ်ဟုလည်းဆိုပါသည်) ထိ အသက်ရှည်ခဲ့သည်။ ဂင်းနစ်မှတ်တမ်းများအရဆိုလျှင် ယနေ့အချိန်ထိ ကမ္ဘာတွင် အသက်ရှည်ဆုံးလူသားမှာ ၁၉၉၇ ခုနှစ်က အသက် ၁၂၂ အရွယ်တွင် သေဆုံးသွားခဲ့သော ပြင်သစ်နိုင်ငံမှ ဂျင်းနီလူးဝှစ်ကလဲမင့်ဖြစ်ပါသည်။ လူသားမဟုတ်သည့် သတ္တဝါများထဲတွင် Jellyfish (ဂျယ်လီငါး)ကို ဇီဝဗေဒအရ မသေနိုင်သောသတ္တဝါအဖြစ် သတ်မှတ်ထားပါသည်။ Ocean Quahogs ၏ သက်တမ်းမှာ နှစ်ပေါင်း ၅၀၀ ကျော်အထိ ရှင်သန်နိုင်ပြီး ဂရင်းလန်ငါးမန်းများသည် အသက် ၃၀၀ မှ ၅၀၀ အထိ ရှင်သန်နိုင်သော ကျောရိုးရှိသတ္တဝါအဖြစ် တွေ့ရပါသည်။ ယင်းသတ္တဝါများနှင့်စာလျှင်ပင် လူသားသက်တမ်းမှာ တိုတောင်းလှပါသည်။

လူတစ်ဦး၏ တစ်ဘဝစာငြိမ်းချမ်းရေးသည် တိုတောင်းသော်လည်း လူမှုအဖွဲ့အစည်းတစ်ခု၏ ငြိမ်းချမ်းရေး၊ နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေးဆိုသည်က စဉ်ဆက်မပြတ်သောမျိုးဆက်များဖြင့် စဉ်ဆက်မပြတ်တည်ဆောက်နေကြရမည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်ပါသည်။

### လူ့အဖွဲ့အစည်းငြိမ်းချမ်းရေး

သို့အတွက်လည်း လူသားသမိုင်းတစ်လျှောက် မိမိတို့၏ဘဝငြိမ်းချမ်းမှုကို တစိုက်မတ်မတ် ရှာဖွေခဲ့ကြသည်။ ယနေ့ထက်တိုင်လည်း ရှာဖွေနေဆဲဖြစ်သည်။ တစ်ဦးချင်း၏ငြိမ်းချမ်းမှုမှသည် လူ့အဖွဲ့အစည်းနှင့် စုစည်းနေထိုင်လာကြသည့်အခါ တစ်ဦးတစ်ယောက်ချင်း ငြိမ်းချမ်းခြင်းသာမက သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးသည်လည်း အဓိကလိုအပ်ချက်ဖြစ်လာပါသည်။

လူ့အဖွဲ့အစည်းများဆိုသည်က လူသားများ ရှိနေသရွေ့ရှိနေပါဦးမည်။ လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းရေးသည်ပင်လျှင် များစွာအရေးကြီးနေပါက လူများစုစည်းနေထိုင်ကြသော လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးမှာ ထိုထက်ပို၍ အရေးကြီးမည်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုလည်း ယင်းအဖွဲ့အစည်းအတွင်း စုပေါင်းနေထိုင်ကြသော လူတစ်ဦးချင်းစီ၏ဘဝများမှာ လုံခြုံအေးချမ်းစွာဖြင့် ရှင်သန်ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတွင်၌သာ လုံခြုံမှု၊ အေးချမ်းမှု၊ တည်ငြိမ်မှု၊ သာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။

### ပဋိပက္ခကိုင်တွယ်ဖြေရှင်းရေး

လူသားနှင့်ပဋိပက္ခဆိုသည်မှာ ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့်ပန်းပမာဖြစ်ပါသည်။ လူသားနှင့် ပဋိပက္ခဆိုသည်မှာ ခွဲခြားရန်ခက်ခဲပါသည်။ အမေရိကန်သမ္မတဟောင်း ရော်နယ်ရီဂင် ပြောကြားခဲ့သည့် ငြိမ်းချမ်းရေးဆိုသည်မှာ ပဋိပက္ခများမရှိခြင်းဟု မဆိုလို၊ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ကိုယ်တွယ်ဖြေရှင်းနိုင်စွမ်းဖြစ်သည်ဆိုသည့်စကားတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများအကြား ဟန်ချက်မျှစေသည့် နည်းလမ်းတစ်ရပ်ကို ဖော်ပြနေပါသည်။

ယင်းစကားနှင့်အတူ မဟတ္တမဂန္ဒီ ပြောကြားခဲ့သည့် "ကိုယ့်မျက်လုံးတစ်လုံး ဖျက်ဆီးခံရလို့ သူ့ရဲ့မျက်လုံးတစ်လုံး ပြန်ဖျက်ဆီးကြမယ်ဆိုရင် ကမ္ဘာကြီးကို မျက်စိကန်းစေရုံသာဖြစ်မှာပေါ့ (An eye for an eye only ends up making the whole world blind.)" ဆိုသည့်စကားသည် ရော်နယ်ရီဂင်၏စကားကဲ့သို့ပင် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ရှောင်ကြဉ်သင့်သည့်အချက်ကို ဆင်ခြင်နိုင်ပါသည်။ ငြိမ်းချမ်းရေးသည် ကမ္ဘာကြီးအား မျက်စိကန်းစေရန်မဟုတ် မျက်စိပိုမိုပွင့်လင်းလာစေရန်ဖြစ်ပါသည်။

သို့ဖြစ်ရာ လူသားတို့နှင့် အတူယှဉ်တွဲကာ တည်ရှိနေမည့် ပဋိပက္ခများကို မှန်မှန်ကန်ကန် ရှုမြင်ချဉ်းကပ်၍ ကိုင်တွယ်ဖြေရှင်းမှသာ ရည်မှန်းသောငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ပါသည်။

### ငြိမ်းချမ်းရေးတည်ဆောက်ခြင်း

ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် ပဋိပက္ခများကို အကြမ်းမဖက်သော နည်းလမ်းများဖြင့် ဖြေရှင်းရန်နှင့် သေကျေပျက်စီးမှုများ သို့မဟုတ် အပျက်သဘော ပဋိပက္ခများကိုဖြစ်စေသည့် ယဉ်ကျေးမှုနှင့် အမူအကျင့်အခြေအနေများကို ပြောင်းလဲရန် ရည်ရွယ်သောလုပ်ငန်းစဉ်ဟုဆိုပါသည်။ ယင်းလုပ်ငန်းစဉ်တွင် အကြမ်းဖက်မှုကာကွယ်တားဆီးရေး၊ ပဋိပက္ခစီမံခန့်ခွဲမှု၊ သဘောတူညီချက် သို့မဟုတ် ပြောင်းလဲခြင်းတို့အပြင် အကြမ်းဖက်မှုများဖြစ်ပွားပြီး ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက် ကုစားရမည့် ပြင်းထန်သောတုန်လှုပ်ခံစားမှု သို့မဟုတ် ပဋိပက္ခလွန် ရင်ကြားစေ့ရေးတို့ပါဝင်ပါသည်။

အသွင်ကူးပြောင်းသည့်နိုင်ငံများတွင် တွေ့ရသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် သက်ဆိုင်ရာနိုင်ငံ၏ အခြေအနေအလိုက် ကွဲပြားခြားနားမှုများ ရှိကြပါသည်။ မိမိတို့နိုင်ငံ၏ အခြေအနေအလိုက် လုပ်ဆောင်ရသည့်လုပ်ငန်းစဉ်များ၏ အတိမ်အနက်သည်လည်း ကွာခြားကြပါသည်။ နိုင်ငံ၏ တည်ရှိဆဲ ပဋိပက္ခအတိမ်အနက်၊ ကြာရှည်မှု၊ အရင်းခံအကြောင်းတရားများ၊ ပါဝင်ပတ်သက်နေသူများ၊ လိုလားချက်များ စသဖြင့်ဆက်စပ်ထည့်သွင်းစဉ်းစားရမည့် အပိုင်းကဏ္ဍများအလိုက် မတူညီကြသည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုသည် ပဋိပက္ခ၏အတိမ်အနက်အလိုက် လုပ်ငန်းစဉ်မှာလည်း ကျယ်ပြန့်နက်နဲတတ်ကြပါသည်။

၂၀၀၇ ခုနှစ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မူဝါဒကော်မတီက ငြိမ်းချမ်းရေးတည်ဆောက်မှုအား **"ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပဋိပက္ခစီမံခန့်ခွဲမှုဆိုင်ရာ အဆင့်တိုင်းရှိ အမျိုးသားအဆင့်စွမ်းဆောင်ရည်များမြှင့်တင်ခြင်းဖြင့် ပဋိပက္ခများချုပ်ငြိမ်းသွားစေရန် သို့မဟုတ် ပဋိပက္ခအဖြစ်သို့ ပြန်လည်ရောက်ရှိနိုင်ခြေကို လျှော့ချရန်နှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအုတ်မြစ်များ ချမှတ်ရန်တို့အတွက် ရည်မှန်းထားသောအစီအမံများစွာ ပါဝင်ပါကြောင်း"** ဖော်ပြထားပါသည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ကျယ်ပြန့်လှသည့်လုပ်ငန်းစဉ်ဖြစ်ရာ စိတ်ရှည်သည်းခံမှု၊ အစဉ်တစိုက်လုပ်ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှု၊ ဖြေရှင်းသည့်နည်းလမ်း၊ စိတ်သဘောထားကဲ့သို့သော စွမ်းဆောင်ရည်များ လိုအပ်လာပါသည်။ ထိုလိုအပ်ချက်များသည် မိမိတို့နိုင်ငံတစ်နိုင်ငံတည်းတွင်သာ လိုအပ်နေသည့် စွမ်းဆောင်ရည်များမဟုတ်ဘဲ အခြားနိုင်ငံများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း အလားတူကြုံတွေ့ကြရသည့် လိုအပ်ချက်များဖြစ်ပါသည်။ ထိုစွမ်းဆောင်ရည်များ ဖြည့်ဆည်းနိုင်သည်နှင့်အမျှ လုပ်ငန်းစဉ်ချောမွေ့မှု၊ ရေရှည်တည်တံ့မှု၊ နိုင်ငံသားများ၏လိုလားချက်များ ဖြည့်ဆည်းနိုင်မှုကဲ့သို့သော ရည်မှန်းချက်များ ပြည့်ဝလာမည်ဖြစ်ပါသည်။

ထို့အပြင် ဗျူဟာမြောက်ငြိမ်းချမ်းရေးတည်ဆောက်မှုသည် ရေတိုလုပ်ဆောင်ရသည့် လုပ်ငန်းစဉ်မဟုတ်ဘဲ မျိုးဆက်များ စဉ်ဆက်လုပ်ဆောင်ကြရပါသည်။ သို့မှသာ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ပါသည်။

### နိုင်ငံတည်ဆောက်မှုနှင့် ငြိမ်းချမ်းရေး

နိုင်ငံတစ်နိုင်ငံတည်ဆောက်ရန် သို့မဟုတ် ပြန်လည်ထူထောင်ရန်အတွက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဲ့သို့သော အခြေခံလိုအပ်ချက်များစွာရှိသည့်အနက် ငြိမ်းချမ်းရေးမှာလည်း မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများတွင်သာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်နိုင်ငံတည်ဆောက်ရေးဆိုင်ရာကဏ္ဍများကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။

ငြိမ်းချမ်းမှုတည်ဆောက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးသည် မတူကွဲပြားသော်လည်း ယင်းလုပ်ငန်းစဉ်များသည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိကြပြီး တစ်ခါတစ်ရံ တစ်ခုနှင့်တစ်ခု လုပ်ငန်း လက်ယှက်ထိုးဖြစ်နေတတ်ကြပါသည်။ ထိုလုပ်ငန်းစဉ်များသည် နိုင်ငံ၏စွမ်းဆောင်ရည်မြှင့်တင်မှု၊ တရားဝင်မှု၊ တာဝန်ခံမှုနှင့် တုံ့ပြန်နိုင်စွမ်းများကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေပါသည်။ ထိုလုပ်ငန်းစဉ်များ၏ အပြန်အလှန်ဆက်စပ်နေမှုနှင့် မတူညီသောလုပ်ငန်းစဉ်များသည် ပဋိပက္ခများ ကိုင်တွယ်ဖြေရှင်းရာတွင်လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတိုးတက်စေရန်အတွက်လည်းကောင်း မရှိမဖြစ်လိုအပ်ကြပါသည်။

**နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုမှာ သက်ဆိုင်သူအားလုံး၏ အကျိုးစီးပွားနှင့်ဆက်စပ်နေပါသည်။ လတ်တလောအကျပ်အတည်းများလျှော့ချရေး၊ ဖြေရှင်းရေးအတွက်သာမက အနာဂတ်နိုင်ငံတည်ဆောက်ရေးနှင့် စဉ်ဆက်မပြတ်ငြိမ်းချမ်းမှုရှိစေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ရာ အားလုံး၏ပူးပေါင်းလုပ်ဆောင်မှုလိုအပ်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်ပတ်သက်၍ အိုင်းစတိုင်း၏စကားမှာ မှတ်သားဖွယ်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် အင်အားသုံး၍ မထိန်းသိမ်းနိုင်၊ နားလည်မှုဖြင့်သာ အောင်မြင်နိုင်သည်ဟု ဆိုပါသည်။ သက်ဆိုင်သူအားလုံး၏ အပြုသဘောလုပ်ဆောင်မှုများဖြင့်သာ ထိရောက်သော ငြိမ်းချမ်းရေးအကျိုးရလဒ်ကို ဖြစ်ပေါ်စေမည်**

စာမျက်နှာ ၇ သို့ ❉

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၂၇၆ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၀၂၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၈၄၄ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၃၈၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

**ထိုးနှံ**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၆၂၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ **ကျောဖုံးမှ**

ဘီစီ ၁၉၀ မှ အေဒီ ၅ ရာစုအတွင်း ဖွံ့ဖြိုးတိုးတက်ခဲ့သော မြို့ဟောင်းတစ်ခုဖြစ်ကြောင်းကို ကြွင်းကျန်ရစ်သည့် မြို့အင်္ဂါရပ်များကို ထောက်၍လည်းကောင်း၊ သိပ္ပံနည်းကျ ရက်စွဲသတ်မှတ်၍လည်းကောင်း သိရှိရသည်။ ယခုအခါ ဗိဿနိုးမြို့ဟောင်းသည် ၂၂.၆.၂၀၁၄ ခုနှစ်တွင် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့သည့် ပျူမြို့ဟောင်းသုံးမြို့အနက် တစ်ခုအပါအဝင် ဖြစ်သည်။

ထို့အပြင်ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်တွင်လည်း ပြကွက်များအနေဖြင့် သမိုင်းမတင်မီခေတ်ပြကွက်၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြကွက်များနှင့် ဗိဿနိုးမြို့ဟောင်းမှ တူးဖော်ရရှိသည့် မြေအရိုးအိုးများ၊ သံမှုကွင်းကြီးများနှင့် သံမယ်နများ၊ ပျူခေတ်ဒင်္ဂါးများ၊ မြေ/ ကျောက်ပုတီးစေ့များ၊ ကြေးခွက်များ၊ ကြေးရုပ်ပွားငယ်တစ်ဆူနှင့် ကြေးခေါင်းလောင်းတစ်ခု၊ တူးဖော်ပြီး အုတ်ကုန်းများနှင့် မြို့ဝင်ပေါက်ပုံစံငယ်၊ နန်းတော်ရာပုံစံငယ်များ၊ မြို့ဟောင်းမြေပုံများ၊ တူးဖော်မှုမြေပုံနှင့် ဇုန်မြေပုံများကို ပြည်သူများ ဗဟုသုတရဖွယ် ခင်းကျင်းပြသထားကြောင်း သိရသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းနှင့် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်ကို တနင်္လာနေ့တိုင်းနှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားရာ ခရီးသွားပြည်သူများအနေဖြင့် ဗိဿနိုးမြို့ဟောင်း၏ထင်ရှားသော အမှတ်လက္ခဏာများဖြစ်သည့် ရှေးဟောင်းအဆောက်အအုံများ၊ ဒင်္ဂါးများ၊ ပုတီးစေ့များ၊ အနုပညာလက်ရာမြောက် လက်ဝတ်ရတနာများ၊ မြို့ရိုးနှင့် မြို့ဝင်ပေါက်များကို ပြည်တွင်းဧည့်သည်များအတွက် အခမဲ့လေ့လာကြည့်ရှုနိုင်သဖြင့် သွားရောက်လည်ပတ်သင့်သည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


---

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၉-၂-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

---

❄ **စာမျက်နှာ ၆ မှ**

ထို့အပြင် နိုင်ငံ၏အနာဂတ် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် နိုင်ငံနှင့် လူမှုအဖွဲ့အစည်းများအကြား ဆက်ဆံရေးအပေါ် အကျိုးသက်ရောက်နေသည်ဖြစ်ရာ အသွင်ကူးပြောင်းဆဲ နိုင်ငံတစ်နိုင်ငံအတွက် လုံခြုံရေး၊ တည်ငြိမ်ရေး၊ နိုင်ငံပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် လုပ်ငန်းစဉ်များဖြစ်ကြပါသည်။

**အားလုံးပါဝင်မှု**

နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုမှာ သက်ဆိုင်သူအားလုံး၏ အကျိုးစီးပွားနှင့် ဆက်စပ်နေပါသည်။ လတ်တလောအကျပ်အတည်းများ လျှော့ချရေး၊ ဖြေရှင်းရေးအတွက်သာမက အနာဂတ်နိုင်ငံတည်ဆောက်ရေးနှင့် စဉ်ဆက်မပြတ် ငြိမ်းချမ်းမှုရှိစေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ရာ အားလုံး၏ပူးပေါင်းလုပ်ဆောင်မှုလိုအပ်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်ပတ်သက်၍ အိုင်းစတိုင်း၏စကားမှာ မှတ်သားဖွယ်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် အင်အားသုံး၍ မထိန်းသိမ်းနိုင်၊ နားလည်မှုဖြင့်သာ အောင်မြင်နိုင်သည်ဟု ဆိုပါသည်။ သက်ဆိုင်သူအားလုံး၏ အပြုသဘောလုပ်ဆောင်မှုများဖြင့်သာ ထိရောက်သောငြိမ်းချမ်းရေးအကျိုးရလဒ်ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးသည် လူသားတို့၏ဘဝအစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ လူတိုင်းမက်မောတမ်းတသော အရာတစ်ခုလည်း ဖြစ်ပါသည်။ မိမိတို့လိုလားသကဲ့သို့ အခြားသူများလည်း လိုလားကြမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခုလုံး ငြိမ်းချမ်း၍ အေးချမ်းတည်ငြိမ်သော အသိုက်အဝန်းတစ်ခု တည်ဆောက်ရန်ဆိုပါက တစ်ဦးချင်းစီ၏အရေးပါမှုကို သတိပြုကြရပါမည်။ ယင်းနှင့်ပတ်သက်၍ တရုတ်-အမေရိကန် စာရေးဆရာ Deng Ming Dao က လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းရေးသည် သေးငယ်၏။ စုစည်းနေထိုင်ကြသော လူများစွာ၏ငြိမ်းချမ်းရေးသည် ကြီးမား၏။

မိမိကိုယ်မိမိ လူ့အဖွဲ့အစည်းနှင့် သဘာဝတရားကြီးမှ ခွဲထွက်လိုက်သည်ဟု မြင်ကြည့်သည့်အခါ အကြမ်းဖက်မှုများနှင့် ရန်ပွဲများဖြစ်ပေါ်လာမည်ဖြစ်သည်။ အလုံးစုံစည်းလုံးညီညွတ်မှုတွင် ပါဝင်နေသည့် မိမိတို့၏အခန်းကဏ္ဍကို နားလည်မှသာ ငြိမ်းချမ်းရေးသည် အတိုင်းအတာတစ်ခုအထိ ဖြစ်နိုင်ခြေရှိသည်ဟု လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် တစ်ဦးချင်းစီ၏ အရေးပါမှုကို ရေးသားခဲ့ပါသည်။ ထိုသို့အရေးပါလှသည့် တစ်ဦးချင်းစီ၏ စုပေါင်းစွမ်းအားဖြင့် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ပါသည်။

သို့ဖြစ်ရာ တစ်ဦးချင်းစီ၏အရေးပါမှုဖြင့် ပြိုင်တူတွန်းပါက ငြိမ်းချမ်းရေးပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိနိုင်ပါကြောင်း အကြံပြုရေးသားလိုပါသည်။ ။

■

# မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ဆက်လက်ကျင်းပသည်။

**ခင်းကျင်းပြသထား**

ပြပွဲတွင် မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် မျိုးစေ့ကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဦးစီးဌာနများရှိ သုတေသနခြံများ၊ မျိုးသန့်မျိုးပွားခြံများမှ ထုတ်လုပ်ထားသော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးစေ့၊ ပျိုးပင် ပြခန်းပြကွက်များနှင့် စိုက်ခင်းများ၊ ပုဂ္ဂလိကပြခန်းများအပါအဝင် ပြခန်းပေါင်း ၃၅ ခန်းဖြင့် စုံလင်စွာ ခင်းကျင်းပြသထားသည်။

ထိုသို့ ခင်းကျင်းပြသထားမှုကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးတောင်သူများ၊ စိုက်ပျိုးရေးကို စိတ်ဝင်စားသူများ၊ မျိုးစေ့ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည်ကို တွေ့မြင်ရသည်။

ထို့ပြင် ပြပွဲ၌ လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ၊ တောင်သူနှီးနှောဖလှယ်ပွဲများနှင့် နည်းပညာအခြေပြု စိုက်ပျိုးပညာပေးရေးလုပ်ငန်းများကိုလည်း ထည့်သွင်းကျင်းပပေးခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လယ်ယာကဏ္ဍကို စိတ်ဝင်စားသူများအနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်အသုံးပြုခြင်းနှင့်သက်ဆိုင်သည့် ဗဟုသုတများကို စုံလင်စွာလေ့လာခွင့်ရခဲ့ကြသည်။

မျိုးစေ့ပြပွဲ ၂၀၂၂ ကို မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ငါးရက်တိုင်တိုင် ကျင်းပသွားမည်**

ယခုပြပွဲကို “လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့” ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ရာ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မိမိတို့လယ်ယာမြေအမျိုးအစားနှင့် ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်များကို လာရောက်လေ့လာခွင့်ရမည့်အပြင် စိုက်ပျိုးရေးဗဟုသုတများစွာလည်း ရရှိမည်ဖြစ်သည့်အတွက် လာရောက်လေ့လာနိုင်ရန် သတင်းကောင်းပါးအပ်ပါသည်။







**သတင်း - ခေတ်လူငယ်**
**ဓာတ်ပုံ - ကိုကိုထိန်**

# ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် မြန်မာထွက်ကုန်သီးနှံ ကုလားပဲများ ဈေးကောင်းရရှိနေ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

ပြည်တွင်းစားသုံးမှု များပြားလာခြင်းကြောင့် မြန်မာထွက်ကုန်သီးနှံကုလားပဲများ မန္တလေးဈေးကွက်အတွင်းသို့ နယ်စုံမှ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကောင်းများရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

**ဈေးကောင်းရရှိ**



အဆိုပါ ကုလားပဲများသည် ယခုရက်ပိုင်းအတွင်း ကျောက်ဆည်၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဥ့်ကူး၊ စစ်ကိုင်း၊ မြင်းမူ၊ မုံရွာ စသည့်နယ်များမှ လှိုင်လှိုင်ဝင်ရောက်လာကြောင်း၊ ပြီးခဲ့သည့်နှစ်ကာလတူအချိန်က ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၈၀၀၀၀ ဈေးရှိခဲ့သော်လည်း ယခုအချိန်တွင် ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၆၀၀၀ အထိပေါက်ဈေးရှိကာ ဈေးကောင်းများရရှိနေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

“ကုလားပဲက မြန်မာလူမျိုးတွေရဲ့ အကြိုက်နှစ်သက်ဆုံး ပဲမျိုးဖြစ်ပါတယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အလှူအတန်းတွေမှာလည်း မပါမဖြစ်ကြိုက်နှစ်သက်တဲ့ပဲပါ။ အခုအချိန်မှာ ကုလားပဲကို ပြည်တွင်းစားသုံးမှု များနေတာကြောင့် မန္တလေးမှာ စက်တွေအားလုံးနီးပါး လည်ပတ်နေရပါတယ်။ အလုပ်သမားတွေလည်း အလုပ်အကိုင်တွေရရှိနေတယ်။ ကုလားပဲကို သိုလှောင်သမားတွေလည်း ဝယ်ကြတယ်။ အိန္ဒိယဝယ်လက်တွေကလည်း ဝယ်ယူနေကြပါတယ်။ ဒီနှစ်အဖို့ ရာသီဥတုကောင်းမွန်တယ်။ ပိုးမွှားပျက်စီးမှုကလည်း ကင်းရှင်းတဲ့အတွက် ကုလားပဲအထွက်နှုန်းကလည်းတိုးမယ်။ ကုလားပဲအထွက်နှုန်းဟာ ၂၀၂၁ ခုနှစ်ထက် ၁၀ ရာခိုင်နှုန်းလောက် တိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်” ဟု ၎င်းကရှင်းပြသည်။

**အများဆုံးစိုက်ပျိုးကြ**

အဆိုပါ ကုလားပဲကို တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ ကုလားပဲကို အထက်အညာဒေသတိုင်းဒေသကြီးများတွင် အဓိကအများဆုံး စိုက်ပျိုးကြပြီး အောက်ပိုင်းဒေသများတွင် ဟင်္သာတတစ်ဝိုက်နှင့် ပဲခူးဒေသတစ်ဝိုက်တို့တွင် အနည်းငယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲအုပ်စုအနေဖြင့် ဗမာကုလားပဲ၊ ထိုင်ဝမ်ကုလားပဲ၊ V2၊ V7၊ 929 စသည်ဖြင့် အမျိုးအစားများရှိကြောင်း သိရသည်။

ယနေ့တွင် မန္တလေးပဲဈေးကွက်၌ မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၁၀၀၀၊ ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀၊ ပဲတီစိမ်း (အညာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၈၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၂၀၀၀၊ ပဲယင်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ပေါက်ဈေးများရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒီပွဲက ကျွန်တော်တို့လို တောင်သူတွေအတွက် ရာသီဥတုနဲ့ ကိုက်ညီတဲ့မျိုးစေ့တွေ လေ့လာခွင့်ရနိုင်တာ ဆိုတော့ ဗဟုသုတတွေ၊ အကျိုးကျေးဇူးတွေ များစွာရရှိပါတယ်

ကိုမြင့်အေး


မောင်သန်းထိုက်ဝေ


ဒေါ်သီတာဦး


ကိုမြင့်အေး


ဦးသန်းထိုက်


မစုစုခိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မျိုးစေ့ပြပွဲ ၂၀၂၂ ကို နေပြည်တော်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပလျက်ရှိသည်။

ထိုသို့ ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပသည့်ပြပွဲသို့ မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် မျိုးစေ့ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတောင်သူများ၊ စိုက်ပျိုးရေးဝါသနာရှင်များနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများ တစ်ခဲနက် လာရောက်လေ့လာလျက်ရှိရာ ပြပွဲကျင်းပပေးမှုနှင့်ပတ်သက်၍ ၎င်းတို့၏အမြင်များကို တင်ပြလိုက်ရပါသည်။

**မောင်သန်းထိုက်ဝေ (ဒုတိယနှစ်၊ စိုက်ပျိုးရေးသိပ္ပံကျောင်း)**

ဒီပြပွဲကို မျိုးစေ့ကုမ္ပဏီတွေ လာရောက်ပြသကြပါတယ်။ ဒီလိုပြသပေးတဲ့အတွက် အရည်အသွေးကောင်းတဲ့မျိုးစေ့တွေကို လေ့လာခွင့်ရတဲ့အပြင် စိုက်နည်းစနစ်အသစ်တွေကိုလည်း တွေ့မြင်ရပါတယ်။ နောက်ပြီး တောင်သူတွေအနေနဲ့လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို လေ့လာခွင့်ရတဲ့အတွက် သီးနှံတွေရဲ့ အရည်အသွေးကို သိရှိသွားမယ့်အပြင် သီးနှံတွေရဲ့ စိုက်နည်းစနစ်တွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားပါမယ်။ ကျွန်တော့်အနေနဲ့လည်း အရင်က မမြင်ဖူးခဲ့တဲ့ သီးနှံမျိုးစေ့တွေကို လေ့လာခွင့်ရပါတယ်။ ကျွန်တော်က စိုက်ပျိုးရေးသိပ္ပံကျောင်းသားဖြစ်တဲ့အတွက် အခုလို လက်တွေ့လေ့လာရတဲ့အပေါ်မှာ နိုင်ငံတော်အတွက် ပိုမိုကောင်းမွန်တဲ့ မျိုးစေ့တွေရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမယ်လို့ ရည်မှန်းထားပါတယ်။

**ဒေါ်သီတာဦး (ဒါရိုက်တာ၊ ချမ်းမြေ့ဇေယျာကုမ္ပဏီ)**

ကျွန်မအနေနဲ့ ကုမ္ပဏီမှာ မျိုးစေ့၊ မြေဆီနဲ့ ဆေးဝါးတွေအပိုင်းကို တာဝန်ယူထားပါတယ်။ ဒီပြပွဲကို လာရောက်ရတဲ့ ရည်ရွယ်ချက်က ကျွန်မတို့ကုမ္ပဏီအနေနဲ့ မျိုးကောင်းမျိုးသန့်ကိုးမျိုးကို မှတ်ပုံတင်ထားတယ်။ ဒီမျိုးကောင်းမျိုးသန့်ကိုးမျိုးကလည်း ဈေးကွက်ရှိပြီးသား နိုင်ငံခြားကပို့တဲ့ ဆန်အမျိုးအစားတွေဖြစ်ပါတယ်။ တောင်သူတွေကို ပြောချင်တာကတော့ တောင်သူတွေအနေနဲ့ ဒေသစပါးကိုစိုက်လိုက်တယ်။ အချိန်တန်ရင် ငါးသိန်းရမလား။ ခြောက်သိန်းရမလားမသိဘူး။ အစ်မတို့စပါးကိုစိုက်လိုက်လို့ တင်း ၁၀၀ ထွက်တယ်ဆိုရင် သွင်းအားစုလေးသိန်းဆိုရင် တောင်သူတွေအတွက် ခြောက်သိန်းကျန်မယ်။ ၁၀ ဧကစိုက်ရင် သိန်း ၆၀ ကျန်မယ်။ အဓိကဆိုလိုချင်တာက တောင်သူ အရွေ့တစ်ခုကို ရောက်စေချင်တယ်။ အစ်မတို့ကုမ္ပဏီအတွက်ရော၊ နိုင်ငံတော်အတွက်ရော၊ တောင်သူအတွက်ရော အရွေ့တစ်ခုကို ရောက်စေချင်တဲ့အတွက် ပြပွဲကိုလာရောက်ခြင်း ဖြစ်ပါတယ်။

**ကိုမြင့်အေး(ပြပွဲသို့ လာရောက်လေ့လာသည့်တောင်သူ)**

ကျွန်တော်ကတော့ စပါးကို အဓိကထားစိုက်ပျိုးပါတယ်။ အရင်ကတော့ မတ်ပဲစိုက်ပါတယ်။ အခုနောက်ပိုင်း မတ်ပဲအပင်တွေ သေတာများလာလို့ မစိုက်တော့တာပါ။ ဒီပွဲမှာ မျိုးစေ့တွေကတော့ မျိုးစုံတွေ့ရပါတယ်။ မျိုးကောင်းမျိုးသန့်တွေပါပဲ။ ဆန်စပါး၊ ဟင်းသီးဟင်းရွက်တွေ မျိုးစုံတွေ့ရပါတယ်။ ဒါပေမဲ့ အဓိကလေ့လာဖြစ်တာကတော့ စပါးကိုလေ့လာဖြစ်ပါတယ်။ အရင်တုန်းကတော့ မျိုးကောင်းမျိုးသန့်တွေ မသုံးဖြစ်ပါဘူး။ အခုနောက်ပိုင်း ရေဆင်းစိုက်ပျိုးရေးဘက်က မျိုးကောင်းမျိုးသန့်တွေဝယ်ပြီးစိုက်တော့ အထွက်နှုန်း သိသိသာသာ တက်လာပါတယ်။ မျိုးစေ့အတွက်ကတော့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ အကူအညီယူရပါတယ်။ ဒီပွဲလာရတဲ့ ရည်ရွယ်ချက်က တောင်သူတစ်ယောက်အနေနဲ့ မမြင်ဖူးတဲ့သီးနှံတွေကို မြင်ဖူးချင်တာလည်း ပါပါတယ်။ မျိုးစေ့ဆိုရင်လည်း ကျွန်တော်တို့ သုံးနေတဲ့မျိုးတွေထက် ကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သုံးနေကျ မျိုးစေ့မဟုတ်ဘဲ တခြားမျိုးစေ့တွေစိုက်ပျိုးရင် အဆင်ပြေနိုင်မယ်ဆိုရင်လည်း စိုက်ကြည့်မယ်ဆိုပြီး လာရောက်လေ့လာဖြစ်တာပါ။

ဒီလိုပြပွဲမျိုး ကျင်းပပေးတာ ကျွန်တော်တို့လို တောင်သူတွေအတွက် သိပ်ကောင်းတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ တစ်နေရာတည်းမှာ အခုလိုမျိုး စုံစုံလင်လင်မြင်ရဖို့ဆိုတာ မလွယ်ပါဘူး။ ဒီပွဲက ကျွန်တော်တို့လို တောင်သူတွေအတွက် ရာသီဥတုနဲ့ ကိုက်ညီတဲ့ မျိုးစေ့တွေလေ့လာခွင့်ရနိုင်တာဆိုတော့ ဗဟုသုတတွေ၊ အကျိုးကျေးဇူးတွေ များစွာရရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့လို တောင်သူတွေ မျိုးကောင်းမျိုးသန့်တွေ၊ ကိုယ့်ဒေသနဲ့ကိုက်ညီမယ့် တခြားမျိုးစေ့တွေကို လာရောက်လေ့လာဖို့အတွက် ဖိတ်ခေါ်ချင်ပါတယ်။

**ဦးသန်းထိုက်(TBL Limited)**

ကျွန်တော့် ကုမ္ပဏီက မျိုးစေ့တွေကို ဖြန့်ဖြူးထုတ်လုပ်ခဲ့တာ နှစ် ၂၀ လောက်ရှိပါပြီ။ ပထမဆုံး စခဲ့တာကတော့ ဝါမျိုးစေ့နဲ့ စခဲ့တာဖြစ်ပါတယ်။ အဓိက ရည်ရွယ်ချက်က တောင်သူတွေရဲ့ အခက်အခဲတွေ၊ သီးနှံနဲ့ပတ်သက်တဲ့ ရောဂါဒဏ်တွေကို ဖြေရှင်းပေးဖို့အတွက် မျိုးတွေကို ဖော်ထုတ်တာဖြစ်ပါတယ်။ တောင်သူတွေကို အကြံပြုချင်တာကတော့ တောင်သူတွေအနေနဲ့ မျိုးဝယ်တဲ့နေရာမှာ အတော်စဉ်းစားပြီးဝယ်ကြတယ်။ ပုံမှန်စိုက်နေကျမျိုးဆို ငွေသိပ်မကုန်ဘူး။ ကုမ္ပဏီကဝယ်ရတဲ့မျိုးကျ ငွေနည်းနည်းပိုကုန်တယ်ဆိုပြီးစဉ်းစားကြတယ်။ အထွက်နှုန်းကျ ကုမ္ပဏီမျိုးစေ့နဲ့ကွာသွားတယ်။ ဒီပြဿနာကို ရှင်းနိုင်မယ့်နည်းက တောင်သူတွေကို ချေးငွေပေးတဲ့နေရာမှာ အစိုးရအနေနဲ့ မှတ်ပုံတင်ထားတဲ့မျိုးတွေကို တောင်သူတွေ ဝယ်ပြီးစိုက်ရင် ချေးငွေကို နည်းနည်းတိုးပေးလိုက်ရင် အဆင်ပြေမယ်။ ဒီလိုမျိုးတွေလုပ်ပေးရင် တောင်သူတွေ မျိုးကောင်းတွေသုံးတတ်တဲ့ အကျင့်ဖြစ်လာမယ်။ နိုင်ငံတော်အတွက်လည်း အကျိုးကျေးဇူးတွေအများကြီးရမယ်။ ဒါကြောင့် တောင်သူတွေရဲ့ လိုအပ်ချက်လေးတွေကို နည်းမျိုးစုံနဲ့ ဖြည့်ဆည်းပေးဖို့ ဒီပြပွဲကို လာရောက်ရခြင်းဖြစ်ပါတယ်။

**မစုစုခိုင်(ဒုတိယနှစ်၊ စိုက်ပျိုးရေးသိပ္ပံကျောင်း)**

ဒီပြပွဲမှာ သီးနှံအမျိုးမျိုးကိုလည်း တွေ့နိုင်တယ်။ ဘယ်သီးနှံက အရည်အသွေးကောင်းပြီး ဘယ်သီးနှံက ဈေးကွက်ဝင်တယ်ဆိုတာ သိနိုင်တယ်။ စိုက်ပျိုးရမယ့်သီးနှံတွေရဲ့ မြေအနေအထားတွေကိုလည်း လေ့လာခွင့်ရပါတယ်။ တောင်သူတွေအနေနဲ့လည်း ဘယ်လိုသီးနှံမျိုးစေ့ကိုစိုက်ရင် အထွက်နှုန်းကောင်းမွန်မယ်ဆိုတာကိုလည်း လေ့လာခွင့်ရမှာ ဖြစ်ပါတယ်။ လေ့လာခြင်းဆိုတာက ကောင်းတဲ့အရာတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် သီးနှံပြပွဲကို စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ ကျောင်းသားကျောင်းသူတွေ အထူးလာရောက် လေ့လာသင့်တယ်။ နောက်ပြီး မြန်မာနိုင်ငံအနေနဲ့လည်း စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက် မျိုးစေ့ပြပွဲကို လူတိုင်းလာရောက်လေ့လာသင့်ပါတယ်။

**တွေ့ဆုံမေးမြန်း – ခေတ်လူငယ်**

**ဓာတ်ပုံ – ကိုကိုထိန်**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(၂) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၃) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၄) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(၅) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(၆) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(၇) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၈) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၉) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၁၀) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(၁၂) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၃) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အသေးစားငွေရေးကြေးရေးလုပ်ငန်းအကြောင်း တစေ့တစောင်း

**မောင်ငွေကြေး**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ၂၀၁၁ ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေတွင် **“အခြေခံလူတန်းစားအား အသေးစားချေးငွေထုတ်ပေးခြင်း၊ ယင်းတို့ထံမှ အပ်ငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း၊ ပြည်တွင်းပြည်ပမှငွေချေးယူခြင်းနှင့် အခြားငွေရေးကြေးရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကိုဆိုသည်”** ဟုဖော်ပြထားသည်။ အမှန်မှာ အသေးစားငွေရေးကြေးရေးလုပ်ငန်းသည် အသေးစားချေးငွေဟု ခေါ်ဆိုနိုင်သည့် Micro Credit (သို့မဟုတ်) Micro Loan မှ အစပြုပေါ်ပေါက်လာခြင်းဖြစ်သည်ဟုဆိုကြသည်။

မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ်တွင် United Nations Development Program (UNDP) အစီအစဉ်ဖြင့် အကောင်အထည်ဖော်သော လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ် (Human Resource Development Initiative Project) လုပ်ငန်းများထဲမှ အစီအစဉ်တစ်ခုအဖြစ် စတင်ခဲ့ကြသည်။ ထိုအစီအစဉ်ကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ (Delta Region)၊ မြန်မာပြည်အလယ်ပိုင်း ပူပြင်းခြောက်သွေ့ဇုန် (Dry Zone)၊ ရှမ်းကုန်းမြင့်ဒေသ (Hilly Region) တို့ရှိ မြို့နယ်အချို့တွင် စတင်အကောင်အထည်ဖော်ခဲ့ကြပြီး Group For Research and Technology Exchanges(GRET)၊ Save The Children၊ Pact Global Microfinance Fund (PGMF) နှင့် Grameen Bank Foundation စသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ(NGO)က ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

၁၉၈၀ မတိုင်မီနှစ်များတွင် ဘဏ်နှင့်ငွေရေးကြေးရေးလုပ်ငန်းများက ဝင်ငွေနည်းပြည်သူများအား ငွေကြေးဝန်ဆောင်မှုပေးရန်(အထူးသဖြင့်) ချေးငွေထုတ်ချေးရန် မဖြစ်နိုင်ဟုယူဆခဲ့ကြသည်။ အကြောင်းရင်းမှာ ဝင်ငွေနည်းပြည်သူများအနေဖြင့် ဝင်ငွေပုံမှန်မရှိခြင်း၊ အာမခံအပေါင်ပစ္စည်း မပေးနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကျေးလက်ဒေသများတွင် နေထိုင်ခြင်းနှင့် ချေးငွေထုတ်ပေးရာတွင် ဝန်ဆောင်စရိတ် မြင့်မားခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြကြသည်။ အထက်ပါအချက်များကြောင့် ဝင်ငွေနည်းပြည်သူများ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍမှ ပေးသော တရားဝင်ငွေကြေးဝန်ဆောင်မှုများရရှိမှုမရှိဘဲ ၎င်းတို့လိုအပ်သောငွေကြေးကို မိဘဆွေမျိုးများ၊ သူငယ်ချင်းများထံမှလည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာများရှိ ငွေတိုးချေးစားသူများထံမှလည်းကောင်း မလွှဲသာမရှောင်သာ ချေးယူခဲ့ကြရသည်။

၁၉၈၀ ပြည့်နှစ်ဝန်းကျင်တွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပါမောက္ခဒေါက်တာယူနွတ်(Professor Dr. Yunus) က ဝင်ငွေနည်းပြည်သူများကိုဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ငွေကြေးဝန်ဆောင်မှုပေးနိုင်ကြောင်း ၎င်း၏ Grameen Bank Foundation မှ ဝင်ငွေနည်းအမျိုးသမီးများအား အသေးစားချေးငွေထုတ်ချေးမှု အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် သက်သေပြနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ကမ္ဘာတစ်ဝန်းတွင် အသေးစားငွေရေးကြေးရေးဝန်ဆောင်မှု(Microfinance)လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ရေပန်းစားလာခဲ့သည်။ အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုများကို အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ(INGO)၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ (Financial Institutions)နှင့် ငွေစုငွေချေးသမဝါယမအသင်းများ (Financial Co-operatives) စသဖြင့် အသွင်အမျိုးမျိုး ဆောင်ရွက်ခဲ့ကြသည်။

အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုတွင် အသေးစားချေးငွေထုတ်ချေးခြင်း (Micro Credit)၊ စုဆောင်းငွေလက်ခံခြင်း(Saving)၊ ငွေလွှဲပြောင်းပေးပို့ခြင်း(Remittance)၊ အသေးစား အာမခံလုပ်ငန်းဆောင်ရွက်ခြင်း(Micro-insurance)၊ ငွေပေးချေခြင်း (Payment)စသဖြင့် ဝန်ဆောင်မှုမျိုးစုံရှိသော်လည်း အသေးစားချေးငွေထုတ်ချေးခြင်း(Micro Credit) နှင့် စုဆောင်းငွေလက်ခံခြင်း (Saving)တို့သည် ဝင်ငွေနည်းပြည်သူများ အများဆုံးရယူသုံးစွဲသောငွေကြေးဝန်ဆောင်မှုအမျိုးအစားနှစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ (Microfinance Business Law)ကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအရ NGO၊ INGO၊ ပြည်တွင်း/ပြည်ပ ကုမ္ပဏီများ၊ ငွေရေးကြေးရေး သမဝါယမအသင်းများအား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များခွင့်ပြုပေးခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးမဟာဗျူဟာလုပ်ငန်းစဉ်ရှစ်ရပ်အနက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေနှင့် ဆက်စပ်သည့် လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များရေးဆွဲခြင်း၊ လိုင်စင်များခွင့်ပြုခြင်း စသည့်အခြေခံလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် နှစ်အလိုက် အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ ခိုင်မာတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အာဆီယံဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများကပါ မြန်မာ့အသေးစား ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလာကြသည်။ မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍက အသေးစားငွေကြေးဝန်ဆောင်မှုပေးနိုင်မှု အခြေအနေများမှာ INGO နှစ်ဖွဲ့၊ NGO ခြောက်ဖွဲ့ ၊ ပြည်တွင်းကုမ္ပဏီ ၁၁၇ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၅၃ ဖွဲ့၊ အစုစပ် ကုမ္ပဏီ ရှစ်ဖွဲ့ စုစုပေါင်း ၁၈၆ ဖွဲ့ကိုလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုထားပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ စာရင်းအရ ၎င်းအဖွဲ့အစည်းများမှ ထည့်ဝင်ပြီး မတည်ငွေရင်း ကျပ် ၈၂၂ ဒသမ ၇၉၆ဘီလီယံ၊ ထုတ်ချေးငွေလက်ကျန် ကျပ် ၂၄၃၃ ဒသမ ၇၉၃ ဘီလီယံ၊ စုဆောင်းငွေကျပ် ၃၂၇ ဒသမ ၈၇၉ ဘီလီယံဖြင့် ကျေးလက်နှင့်မြို့ပြနေ အရွယ်ရောက်ပြီးသူ ဝင်ငွေနည်းပြည်သူ ၅ ဒသမ ၅၀၉ သန်းအား ငွေကြေးဝန်ဆောင်မှု ပေးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေး နှစ်အတွင်း အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍ၏ တိုးတက်ဖြစ်ပေါ်မှုကိုအောက်ပါအတိုင်းတွေ့ရှိရသည်။

**အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု**

| ဘဏ္ဍာရေးနှစ် | အရေအတွက် | မတည်ငွေ (ကျပ်ဘီလီယံ) | ထုတ်ချေးငွေလက်ကျန် (ကျပ်ဘီလီယံ) | | စုဆောင်းငွေ (ကျပ်ဘီလီယံ) | အသင်းဝင်ဦးရေ (သန်းပေါင်း) |
|---|---|---|---|---|---|---|
| | | | ပမာဏ | ဂျီဒီပီတွင်ပါဝင်မှု | | |
| ၂၀၁၆-၂၀၁၇ | ၁၇၀ | ၂၃၂.၈၈၀ | ၄၆၆.၄၃၂ | ၀.၅၆% | ၁၅၅.၀၂၇ | ၂.၅၁၉ |
| ၂၀၁၇-၂၀၁၈ | ၁၇၆ | ၃၂၇.၉၈၇ | ၈၄၆.၃၅၀ | ၀.၉၁% | ၃၃၅.၄၁၃ | ၃.၄၆၁ |
| ၂၀၁၈-၂၀၁၉ | ၁၇၇ | ၄၃၇.၅၆၇ | ၁၃၇၇.၃၁၉ | ၁.၃၁% | ၁၅၁.၆၄၉ | ၄.၉၅၈ |
| ၂၀၁၉-၂၀၂၀ | ၁၉၃ | ၆၇၆.၇၅၀ | ၂၂၇၁.၂၅၂ | ၂.၀၁% | ၃၀၃.၄၅၅ | ၅.၅၆၈ |
| ၂၀၂၀-၂၀၂၁ | ၁၈၈ | ၇၀၇.၅၄၃ | ၂၆၉၂.၅၄၄ | ၂.၄၇% | ၃၅၉.၉၄၉ | ၅.၈၃၀ |
| ၂၀၂၁-၂၀၂၂ | ၁၈၆ | ၈၂၂.၇၉၆ | ၂၄၃၃.၇၉၃ | ၂.၂၅% | ၃၂၇.၈၇၉ | ၅.၅၀၉ |

ဇာစ်မြစ်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

မှတ်ချက်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်များအတွက် ဂျီဒီပီကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဂျီဒီပီနှစ်ခုပေါင်း၏ ပျမ်းမျှကိုရယူထားခြင်း ဖြစ်သည်။

နယ်မြေလွှမ်းခြုံနိုင်မှုကိုကြည့်ပါက တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၂၅၉ ခု၊ ရပ်ကွက် ၂၂၇၂ ခု၊ ကျေးရွာပေါင်း ၂၇၂၃၆ ရွာကို လွှမ်းခြုံနိုင်ပြီဖြစ်သည်။

**အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ နယ်မြေလွှမ်းခြုံနိုင်မှု**

| ဘဏ္ဍာရေးနှစ် | မြို့နယ် | | ရပ်ကွက် | | ကျေးရွာ | |
|---|---|---|---|---|---|---|
| | အရေအတွက် | လွှမ်းခြုံမှု | အရေအတွက် | လွှမ်းခြုံမှု | အရေအတွက် | လွှမ်းခြုံမှု |
| ၂၀၁၆-၂၀၁၇ | ၂၂၇ | ၆၉% | ၁၈၆၇ | ၅၄% | ၁၅၉၅၄ | ၂၅% |
| ၂၀၁၇-၂၀၁၈ | ၂၃၂ | ၇၀% | ၁၉၅၅ | ၅၇% | ၁၈၆၀၈ | ၂၉% |
| ၂၀၁၈-၂၀၁၉ | ၂၄၂ | ၇၃% | ၁၉၉၅ | ၅၈% | ၂၂၈၉၃ | ၃၆% |
| ၂၀၁၉-၂၀၂၀ | ၂၅၆ | ၇၈% | ၂၂၄၃ | ၆၅% | ၂၆၅၅၉ | ၄၂% |
| ၂၀၂၀-၂၀၂၁ | ၂၅၉ | ၇၈% | ၂၂၇၀ | ၆၆% | ၂၇၁၉၁ | ၄၃% |
| ၂၀၂၁-၂၀၂၂ | ၂၅၉ | ၇၈% | ၂၂၇၂ | ၆၆% | ၂၇၂၃၆ | ၄၃% |

ဇာစ်မြစ်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

**မြန်မာနိုင်ငံ၏အသေးစားငွေရေးကြေးရေးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံသောနိုင်ငံအလိုက် အဖွဲ့အစည်းအရေအတွက်**

| စဉ် | နိုင်ငံအမည် | အဖွဲ့အစည်းအရေအတွက် |
|---|---|---|
| ၁ | အမေရိကန် | ၃ |
| ၂ | ပြင်သစ် | ၄ |
| ၃ | ဂျပန် | ၁၀ |
| ၄ | ဟောင်ကောင် | ၂ |
| ၅ | နယ်သာလန် | ၁ |
| ၆ | နီပေါ | ၁ |
| ၇ | ဖိလစ်ပိုင် | ၁ |
| ၈ | ဘင်္ဂလားဒေ့ရှ် | ၁ |
| ၉ | မလေးရှား | ၁ |
| ၁၀ | ထိုင်း | ၁ |
| ၁၁ | တောင်ကိုရီးယား | ၁၆ |
| ၁၂ | ကမ္ဘောဒီးယား | ၈ |
| ၁၃ | သီရိလင်္ကာ | ၅ |
| ၁၄ | ဗီယက်နမ် | ၁ |
| ၁၅ | စင်ကာပူ | ၈ |
| ၁၆ | ဗြိတိန် | ၁ |
| | စုစုပေါင်း | ၆၄ |

ဇာစ်မြစ်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်မှုသည် ဝင်ငွေနည်းပြည်သူများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလုပ်ဆောင်သည့် လူမှုအခြေပြုစီးပွားရေးလုပ်ငန်းဖြစ်ပြီး အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် အသေးစားငွေကြေးဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်သည့်မတည်ငွေကို ကိုယ်ပိုင်ငွေကြေးအရင်းအနှီးထည့်ဝင်ခြင်း၊ အခြားငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးယူငွေများ၊ နိုင်ငံတကာအလှူရှင်များ၏ အထောက်အပံ့များ၊ အသင်းဝင်များ၏ စုဆောင်းငွေများကိုအသုံးပြု၍ ဆောင်ရွက်ကြသည်။ ဤတွင် ထည့်ဝင်ထားသည့် ရန်ပုံငွေကို မတည်ရန်ပုံငွေကုန်ကျစရိတ် (Funding Cost) ကျခံသုံးစွဲရသည့်အပြင် အသေးစားငွေကြေးဝန်ဆောင်မှုများ အသင်းဝင်များထံသို့ အိမ်တိုင်ရာရောက် ဖြန့်ဝေပေးရသည့်အတွက် လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်(Operating Cost)လည်း ကျခံရပြန်သည်။ ထို့အပြင် အသင်းဝင်များက ချေးယူထားသည့် ချေးငွေများပြန်လည်ပေးဆပ်မှုမရှိခြင်းအတွက် ကုန်ကျစရိတ်(Loan Loss Provision) များလည်း ဖြစ်ပေါ်လာရပြန်သည်။ ထို့ကြောင့် အသေးစားချေးငွေအပေါ် ကောက်ခံရသောအတိုးနှုန်းသည် အထက်ဖော်ပြပါကုန်ကျစရိတ်များကို

စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ

ကာမိရန်လိုအပ်သည့်အပြင် လုပ်ငန်းရေရှည် ရပ်တည်နိုင်ရေး (Long Term Sustainability) အတွက် သင့်တင့်သည့် အမြတ်အစွန်း (Profit Margin) ရှိရန်လည်းလိုအပ်သည်။ သို့မှသာ အသေးစားငွေကြေးဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးနိုင်မည်ဖြစ်သည်။

အသေးစားချေးငွေထုတ်ချေးရာတွင် ယေဘုယျအားဖြင့် အပေါင်ပစ္စည်းပေးရန်မလိုသော ချေးငွေ(Uncollateralized loan)အမျိုးအစားကိုသာ အများဆုံးဝန်ဆောင်မှုပေးပြီး ကျေးလက်နှင့် မြို့ပြနေ ဝင်ငွေနည်းပြည်သူများနှင့် မှတ်ပုံတင်ထားခြင်းမရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)သည် အသေးစားငွေရေးကြေးရေးဝန်ဆောင်မှု၏အဓိကဖောက်သည်များ(Targeted Customer)များဖြစ်ကြသည်။ အဆိုပါဖောက်သည်များကို အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက ၎င်းတို့၏ ဝင်ငွေ၊ အသုံးစရိတ်၊ ကျန်ရှိသည့်အပိုဝင်ငွေ၊ ချေးငွေရယူထားမှု၊ ချေးငွေပြန်လည်ပေးဆပ်မှုရာဇဝင်၊ အိမ်ထောင်စုစာရင်းအထောက်အထားစသည့် အခြေခံအချက်အလက်များအပေါ် တွက်ချက်စိစစ်၍ ချေးငွေထုတ်ချေးရန်သင့်/မသင့်နှင့် အများဆုံးထုတ်ချေးနိုင်သည့် ချေးငွေပမာဏကို အသေးစားငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာနည်းစနစ်များ အသုံးပြု၍ စိစစ်ထုတ်ချေးကြသည်။

အသေးစားချေးငွေထုတ်ချေးရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ကနဦးအနေဖြင့်ချေးငွေလျှောက်ထားလာသူများအား စုရပ်၌အစည်းအဝေးများခေါ်ယူ၍ ငွေကြေးအသိပညာပေးရေး လုပ်ငန်းစဉ်များ(Financial Literacy Programs)စတင်ဆောင်ရွက်ပါသည်။ အဆိုပါ အစည်းအဝေးများတွင် မပျက်မကွက်တက်ရောက်ပြီး စည်းကမ်းလိုက်နာသူများကိုသာ အသင်းဝင်အဖြစ်ရွေးချယ်ပါသည်။ ချေးငွေထုတ်ချေးခြင်းလုပ်ငန်းစဉ်အနေဖြင့် အသင်းသားများမှ တင်ပြသည့် ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဈေးဆိုင်လုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် ထုတ်ချေးရန် သင့်/မသင့်နှင့် ထုတ်ချေးသင့်သည့်ပမာဏကို အသင်းဝင်မိသားစု၏ ဝင်ငွေ၊ အသုံးစရိတ်၊ လစဉ်ပိုလျှံငွေ၊ အခြားအဖွဲ့အစည်းများထံမှ ချေးငွေ ရယူထားမှုစသည့်အချက်များအပေါ် မူတည်တွက်ချက်၍ ချေးငွေစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ကာ ချေးငွေသဘောတူစာချုပ် ချုပ်ဆို၍ ချေးငွေထုတ်ချေးပါသည်။ ချေးငွေရယူရာတွင် အပေါင်ပစ္စည်းပေးရန် မလိုအပ်သော်လည်း ချေးငွေရယူမှုအတွက် လိုအပ်ချက်အနေဖြင့် အသင်းဝင်အချင်းချင်း အာမခံမှု (Social Guarantee) ရယူ ဆောင်ရွက်ပြီး အစုအဖွဲ့အလိုက်ချေးငွေ (Group Loan) အတွက် အဆိုပါအစုအဖွဲ့တွင် ပါဝင်သူများက ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျလျှင် တာဝန်ခံပေးဆပ်မည်ဖြစ်ကြောင်း အပြန်အလှန် အာမခံမှု(Mutual Guarantee)ပေးကြရသည်။ အစုအဖွဲ့အလိုက်ချေးငွေတွင် အဖွဲ့ဝင်တစ်ဦးသည် အများဆုံး ငွေကျပ် ၁၀ သိန်းအထိသာချေးယူခွင့်ရှိပါသည်။ တစ်ဦးချင်းချေးငွေ(Individual Loan) အတွက်မူ လုပ်ငန်းတူအသင်းဝင်တစ်ဦးကဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ချေးငွေပြန်လည်ပေးဆပ်မှုမှန်ကန်စေရန် အာမခံကြရပြီး တစ်ဦးချင်းချေးငွေအနေဖြင့် အများဆုံးချေးယူနိုင်သည့် ပမာဏမှာ ငွေကျပ် သိန်း ၁၀၀ အထိ ဖြစ်သည်။ ချေးငွေထုတ်ချေးပြီးနောက် ဆောင်ရွက်မှုအနေဖြင့် အသင်းသားများက ချေးငွေရယူစဉ် တင်ပြထားသည့် ဆောင်ရွက်မည့်လုပ်ငန်းများအတိုင်း အမှန်တကယ် ဆောင်ရွက်နိုင်မှုရှိ/မရှိကို ချေးငွေထုတ်ချေးသူ အရာရှိများက ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ကြရသည်။ အသင်းဝင်၏ အခြေအနေမှန်ကို စဉ်ဆက်မပြတ်သုံးသပ်အကဲဖြတ်နိုင်ရန် လုပ်ငန်းဆောင်ရွက်စဉ်ကာလ၊ ချေးငွေ ပြန်လည်ပေးဆပ်မှု မပြီးမချင်း အသင်းဝင်များ၏ နေအိမ်၊ လုပ်ငန်းခွင်သို့ ပုံမှန်သွားရောက်တွေ့ဆုံခြင်း (Regular Visits)ဆောင်ရွက်ကြရသည်။ အသင်းဝင်များ၏အခြေအနေအပေါ် မူတည်၍ ချေးငွေစည်းမျဉ်း စည်းကမ်းများပြင်ဆင်ခြင်း၊ ချေးငွေအသစ်ထုတ်ချေးခြင်း၊ အရေးပေါ်ချေးငွေ ထုတ်ချေးခြင်းနှင့် နည်းပညာအကူအညီပေးခြင်းစသည့် အသင်းဝင်အတွက် အထောက်အကူဖြစ်စေမည့် အစီအမံများ ပံ့ပိုးပေးကြရသည်။


ချေးငွေရယူမှု

အသင်းဝင်များသည် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ ချေးယူထားသော ချေးငွေအား ထိရောက်စွာစွမ်းရည်ပြည့်အသုံးချနိုင်လျှင် လူမှု စီးပွားဘဝတိုးတက်ရေးအတွက် “ဆေး” ဖြစ်သော်လည်း အကျိုးရှိစွာစနစ်တကျ အသုံးမပြုတတ်လျှင် ကြွေးနွံနစ်၊ အကြွေးထူပြီး လူမှုစီးပွားဘဝပိုမိုဆုတ်ယုတ်ကာ “ဘေး” ဖြစ်စေတတ်သည့် သဘောသဘာဝရှိပေသည်။ ဝင်ငွေနည်းပြည်သူများ အသေးစားချေးငွေရယူအသုံးပြုမှုရည်ရွယ်ချက်များမှာ စားသုံးမှုအခက်အခဲများကို ပြေလည်ချောမွေ့စေရန်၊ ကျန်းမာရေး၊ လူမှုရေးနှင့်ပတ်သက်သော အရေးပေါ်အခြေအနေများကို ဖြေရှင်းရန်၊ လိုအပ် သော လည်ပတ်မတည်ငွေရင်းတွင်အသုံးပြုရန်၊ စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်ရန်နှင့် လက်ရှိ စီးပွားရေးလုပ်ငန်းချဲ့ထွင်ရန်တို့အတွက် ချေးငွေရယူ သုံးစွဲကြခြင်းဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

## ဇီးကုန်းမြို့နယ်၌ စက်ရုံအလုပ်ရုံဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

ဇီးကုန်း ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအား ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် လယ်မကျေးရွာရှိ “တင်ဟော့”ဇာထိုးပန်းထိုးအလုပ်ရုံမှ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါအလုပ်ရုံသို့ ကွင်းဆင်းထိုးနှံပေးသည်။

အဆိုပါအလုပ်ရုံရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ၂၉၀ အား မြို့နယ်ကျန်းမာရေးဌာနမှဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ထပ်ဆောင်းထိုးနှံပေးလျက်ရှိရာ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင့်ဆွေ(ပြန်/ဆက်)



## တိုက်ကြီးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

တိုက်ကြီး ဖေဖော်ဝါရီ ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုက်ကြီးမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်ရှိရပ်ကွက်/ ကျေးရွာများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် တိုက်ကြီးမြို့နယ် ဈေးရပ်ကွက်ရှိ သာသနပါလဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ပေးအပ်

တိုက်ကြီးမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီးမင်းဇော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သင့်သည့် ပန်းခင်းစီမံချက်ဆိုင်ရာများအကြောင်းကို ပြောကြားကြပြီး မြို့နယ်ဦးစီးမှူး ဦးအောင်မင်းထွေးက နိုင်ငံသားစိစစ်ရေးကတ်ပြား အသုံးဝင်အရေးပါပုံ ပန်းခင်းစီမံချက်အကြောင်း သိကောင်းစရာများကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရှင်းလင်းပြောကြားကာ ရပ်ကွက်ကျေးရွာဒေသခံပြည်သူ ၁၄၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များကို တာဝန်ရှိသူများက ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပေးအပ်ကြသည်။



မြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများထံသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ကျန်ရှိနေသေးသည့် ရပ်ကွက်/ ကျေးရွာများရှိ ဒေသခံပြည်သူများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## နတ်မောက်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

နတ်မောက် ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကုသရေးစင်တာဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နတ်မောက်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုတွင် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများအနေဖြင့် လာရောက်ကုသမှုခံယူရာတွင် နေရာထိုင်ခင်း အဆင်ပြေစေရေး၊ လေကောင်းလေသန့် ရရှိစေရေး၊ ရေ၊ မီး၊ သန့်စင်ခန်းများ အထူးကောင်းမွန်စေရေး၊ သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်များမှ ပရဟိတလူငယ်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သင်းသင်းမြတ်

# နေချင့်စဖွယ် နေရာသစ်တစ်ခုအဖြစ် ပေါ်ထွန်းလာတော့မည့် ရန်ကုန်ပြည်သူ့အငှားအိမ်ရာစီမံကိန်း

သတင်းဆောင်းပါး- နဒီမင်း
ဓာတ်ပုံ - နေဇော်



မြေကေအားဖြင့် ကျယ်ဝန်းလှသည့် ကွင်းပြင်ကြီးအတွင်း ရွေ့လျားမောင်းနှင်နေသည့် ဆောက်လုပ်ရေး လုပ်ငန်းခွင်သုံး ခေတ်မီစက်ယန္တရားယာဉ်ကြီးများ၊ မြေသယ်၊ အုတ်သယ် အလုပ်ကြမ်းသမား၊ အတတ်ပညာရှင်၊ အသိပညာရှင်များ နေရာအနှံ့ဖြန့်ကြက်ကာ လုပ်ငန်းခွင်ဝင်ရောက်နေသူများဖြင့် လှုပ်ရှားသက်ဝင်နေသည့်မြင်ကွင်း။

ထိုမြင်ကွင်းထဲမှာပင် ဆောက်လက်စ အဆောက်အအုံများ၊ ပြီးစီးလုနီးပါးအဆောက်အအုံများကလည်း အစီအရီ။

ထိုနေရာသည် အိမ်ရာဝယ်ယူနိုင်စွမ်းမရှိသည့် ပြည်သူများအတွက် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးနေသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် လေးဒေါင့်ကန်ကျေးရွာ အမှတ် (၇) လမ်းမကြီးနှင့် အမှတ် (၂) လမ်းမကြီးအနီးရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်း တည်ဆောက်ရာနေရာပင်ဖြစ်သည်။

**အိမ်လခကြီးမြင့်မှု သက်သာရာရစေဖို့**

“ဒီစီမံကိန်းကို ကိုဗစ်ကာလရဲ့ ဆောက်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုကိုဖြေရှင်းဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့၊ အိမ်ငှားနေရတဲ့ မိသားစုတွေ အိမ်လခကြီးမြင့်မှုဒဏ် သက်သာရာရစေဖို့ အကောင်အထည်ဖော် ဆောင်ရွက်တာဖြစ်ပါတယ်”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြောသည်။

သက္ကရာဇ်တစ်ခုပြောင်းတိုင်း တိုးပွားလာနေသည့် လူဦးရေနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းအတွက် တစ်နယ်တစ်ကျေးမှ ပြောင်းရွှေ့နေထိုင်လာသူများကြောင့် လူဦးရေထူထပ်လျက်ရှိသည့် မြို့ကြီးများတွင် အိမ်ရာလိုအပ်ချက်များ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိသည်။

ထို့ပြင် အိမ်ရာဝယ်ယူနိုင်စွမ်းမရှိသည့် ပြည်သူများအနေဖြင့် ပုဂ္ဂလိကအိမ်ရာများတွင် အိမ်လခဈေးနှုန်း မြင့်မားမှုဒဏ်ကို ခံစားနေကြရသည်။

လက်ရှိကာလတွင် ကမ္ဘာနှင့်အဝှမ်း ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် စီးပွားရေးအကျပ်အတည်းများကို ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများသည်ပင် အလူးအလဲခံနေရချိန်ဖြစ်ရာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း တစ်လဝင်ငွေ ကျပ်သုံးသိန်းအောက်ဖြစ်သည့် ဝင်ငွေနည်း ပြည်သူများသည် အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ဝင်ငွေကျဆင်းခြင်းတို့ကြောင့် အိမ်ငှားနေထိုင်ရန်ပင် မတတ်နိုင်သည့် အနေအထားတစ်ခုသို့ ရောက်လုနီးပါးအခြေအနေပင်။

“အရင်တုန်းကတောင် အိမ်လခ တစ်လတစ်သိန်းရအောင် မနည်းစုနေရတာ၊ အခုကိုဗစ်ကြောင့် အမျိုးသားကလည်း အလုပ်ဆင်းရတစ်ရက် မရတစ်ရက်၊ ကျွန်မရတဲ့လစာကလည်း တစ်ဝက်လောက်ကို လျော့သွားတာဆိုတော့ နောက်လဈေးသက်သာတဲ့ အဆောင်လိုအခန်းတွဲတွေဘက် ပြောင်းနေရတော့မယ်” ဟု ဒဂုံဆိပ်ကမ်းစက်မှုဇုန်အနီးရှိ အိမ်ရာတစ်ခုတွင် ငှားရမ်းနေထိုင်သည့် မရွှေစင်ကပြောသည်။

**အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

ထိုသို့ နိုင်ငံအတွင်းရှိ ဝင်ငွေနည်းပြည်သူများ အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ဝင်ငွေကျဆင်းလာမှုတို့ကြောင့် အိမ်ငှားနေထိုင်ရန် မတတ်နိုင်သူအိမ်ရာမဲ့များ တိုးပွားမလာစေရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝကို ကာကွယ်နိုင်ရန်နှင့် ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လူဦးရေထူထပ်သည့် မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ပြည်သူ့အငှားအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တွင် ယခုလက်ရှိ လေးဒေါင့်ကန်ရပ်ကွက်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းသည် မြေဧက ၁၇၄ ဧကပေါ်တွင် လေးခန်းတွဲ ငါးထပ်ပါ အဆောက်အအုံ ၁၉၄ လုံး၊ အခန်းပေါင်း ၃၁၀၄ ခန်း ပါဝင်မည်ဖြစ်သည်။

ထိုစီမံကိန်းကို နိုင်ငံတော်အစိုးရက ဦးစွာငွေကြေး သိန်းပေါင်းများစွာ ရင်းနှီးစိုက်ထုတ်ထားပြီး ပြည်သူများသို့ သက်သာသောနှုန်းထားဖြင့် နှစ်ရှည်ငှားရမ်းခြင်းဖြင့် ကုန်ကျစရိတ်များကို ပြန်လည်ရယူရသည်ဖြစ်၍ နိုင်ငံတော်အစိုးရ၏ ကြီးမားသောရင်းနှီးမြှုပ်နှံထားမှုဟု ဆိုရမည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်း ပြီးစီးပါက ငှားရမ်းနေထိုင်ခွင့်ရသူများအား အဖိုးနှုန်းချိုသာစွာဖြင့်နေထိုင်နိုင်ရန် ဆောင်ရွက်မည်ဖြစ်သည်။

“နှစ် ၅၀ အရင်းကျေတဲ့ တွက်နည်းနဲ့ တွက်လိုက်တာ အိမ်လခက တစ်လငွေကျပ် ၅၀၀၀၀ ဝန်းကျင်ဖြစ်ဖို့များတယ်။ စီမံကိန်းကလည်း မပြီးသေးတော့ ကုန်ကျစရိတ်တွေ အတိအကျမတွက်ရသေးတော့ ခန့်မှန်းထားတာပဲရှိသေးတယ်” ဟု ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြောသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်းသည် ဝင်ငွေနည်း ပြည်သူများအတွက် ဖော်ဆောင်သည့် အငှားအိမ်ရာ စီမံကိန်းဟုဆိုသော်လည်း အခန်းတစ်ခန်းလျှင် ၆၅၀ စတုရန်းပေ ကျယ်ဝန်းကာ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊ အိမ်သာ၊ ရေနှင့် လျှပ်စစ်မီး၊ လမ်း စသည့် အခြေခံအဆောက်အအုံများ ပြည့်စုံစေရန် ဖန်တီးပေးထားမှု၊ ဈေး၊ ကျောင်း၊ ဆေးပေးခန်း၊ အားကစားကွင်းနှင့်ပန်းခြံ စသည်တို့ ပါဝင်မည်ဖြစ်ရာ နေထိုင်သူများအတွက် လူနေမှုအဆင့်မီစွာ နေထိုင်နိုင်မည်ဖြစ်သည်။

**ဆောင်ရွက်သွားမည်**

အဆိုပါစီမံကိန်းရှိ တိုက်ခန်းများထဲမှ အချို့ပြီးစီးနေပြီဖြစ်သည့် တိုက်ခန်းများအား ရေနှင့်လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပြီးပါက ၂၀၂၂ ခုနှစ်အတွင်း အငှားချထားပေးရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူ့အငှားအိမ်ရာငှားရမ်းရာတွင် လျှောက်လွှာခေါ်ယူမည့် အချိန်၊ နေ့ရက်နှင့် လိုအပ်ချက်များကို အများပြည်သူသိရှိစေရန် တရားဝင်ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်အတွင်း အိမ်ငှားနေထိုင်သူ မည်သည့်မိသားစုဝင်မဆို လျှောက်ထားနိုင်မည်ဖြစ်သည်။

“ဒီအိမ်ရာက ပြည်သူအားလုံးနဲ့ ဆိုင်ပါတယ်။ ဝန်ထမ်းဦးစားပေးမဟုတ်သလို အိမ်ပိုင်ရှိတဲ့သူတွေလည်း မဆိုင်ပါဘူး။ ပုဂ္ဂလိကအိမ်တွေမှာ ငှားနေရတဲ့သူတွေနဲ့ ဆိုင်ပါတယ်။ အိမ်ငှားနေရတဲ့ အထောက်အထားတော့ ပြဖို့လိုတယ်။ သေချာစိစစ်မှာပါ” ဟု ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ကပြောသည်။

ပြည်သူ့အငှားအိမ်ရာစနစ်ကို မြန်မာနိုင်ငံတွင် ၁၉၅၁ ခုနှစ်ကပင် ကျင့်သုံးခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် ရန်ကင်းအိမ်ရာ ၊ ဦးဝိစာရအိမ်ရာ၊ လမ်းသစ်အိမ်ရာ၊ ဝေဠုဝန်အိမ်ရာ၊ ကန်တော်လေးအိမ်ရာစသည့် အိမ်ရာများအပါအဝင် ပြည်သူ့အငှားအိမ်ရာပေါင်း ၁၁ ခုကို အကောင်အထည်ဖော်ပေးခဲ့ပြီးဖြစ်သည်။

ထိုအိမ်ရာများတွင် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအပါအဝင် ဝင်ငွေနည်း ပြည်သူများကို ဈေးကွက်တွင် လက်ရှိအိမ်လခပေါက်ဈေး ငှားရမ်းခထက်များစွာသက်သာသည့်နှုန်းထားများဖြင့် နှစ်ရှည်ငှားရမ်းနေထိုင်ခွင့်ပေးခဲ့သည်။

ယခုပြည်သူများ၏ အိမ်ရာလိုအပ်ချက်အရ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်သည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် ယခင်ကဲ့သို့ နှစ်ရှည်နေထိုင်ခွင့်ပြုတော့မည်မဟုတ်ဘဲ ကာလသတ်မှတ်ချက်တစ်ခုဖြင့်သာ ငှားရမ်းနေထိုင်ခွင့်ပြုတော့မည်ဖြစ်သည်။

“အချို့လူတွေက အပိုင်ရမယ်ထင်နေတာ။ နာမည်ကိုက အငှားအိမ်ရာဖြစ်တဲ့အတွက် အပိုင်မပေးပါဘူး။ ငါးနှစ်၊ ရှစ်နှစ် စသဖြင့် ကာလတစ်ခုသတ်မှတ်ပြီးငှားမှာပါ။ ပြည့်တာနဲ့ စာချုပ်ထပ်ချုပ်ရင်ချုပ်၊ မချုပ်ရင် ပြောင်းပေးရမှာပါ” ဟု ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ကပြောသည်။

**“နိုင်ငံအတွင်းရှိ ဝင်ငွေနည်းပြည်သူများ အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ဝင်ငွေကျဆင်းလာမှုတို့ကြောင့် အိမ်ငှားနေထိုင်ရန် မတတ်နိုင်သူအိမ်ရာမဲ့များ တိုးပွားမလာစေရေး၊ ပြည်သူတို့၏လူမှုစီးပွားဘဝကို ကာကွယ်နိုင်ရန်နှင့် ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လူဦးရေထူထပ်သည့် မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ပြည်သူ့အငှားအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ”**

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံအနှံ့ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ၊ အဆင့်မြင့်အိမ်ရာများကို နှစ်ရှည်အရစ်ကျစနစ်၊ လက်ငင်းစနစ်တို့ဖြင့် ရောင်းချပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းအိမ်ရာများ ဖော်ဆောင်ခြင်းဖြင့် နိုင်ငံ၏အိမ်ရာလိုအပ်ချက် ပြည့်မီရေးကို အစွမ်းကုန်ဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်ငှားရန်အခက်အခဲရှိသူများ(ကျူး) အတွက်လည်း သင့်တော်သည့်အိမ်ရာများ ဖော်ဆောင်ပေးနိုင်ရန် ရည်မှန်းကြိုးစားလျက်ရှိသည်။

ရန်ကုန်မြို့တွင် လက်ရှိပြည်သူ့အငှားအိမ်ရာ စီမံကိန်းဖော်ဆောင်ရာ ကွင်းပြင်ကြီးသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ အပန်းဖြေစရာ ပန်းခြံ၊ ကလေးကစားကွင်း၊ ခေတ်မီသေသပ်သည့် အဆောက်အအုံ၊ ရေနှင့် လျှပ်စစ်ပြည့်စုံမှုတို့ဖြင့် နေချင့်စဖွယ်ဖြစ်လာတော့မည်ဖြစ်ရာ စီမံကိန်းပြီးစီးသွားပါက လူနေစည်ကားရာ မြို့သစ်လေးတစ်ခုအဖြစ်သို့ ပြောင်းလဲတည်ရှိလာမည်ဖြစ်သည်။

“အိမ်တစ်လုံး ဝယ်ဖို့ မလွယ်သေးတဲ့အခြေအနေမှာ အိမ်ငှားနေရတာချင်းအတူတူ အိမ်လခသက်သက်သာသာနဲ့ အဆင့်မီမီနေရမယ်ဆိုတာ ကြားရတာနဲ့တင် ဝမ်းသာမိတယ်။ သေချာစိစစ်ပေးမယ်ဆိုတော့ မျှော်လင့်မိတယ်” ဟု ပြည်သူ့အငှားအိမ်ရာနှင့် ပတ်သက်၍ လက်ရှိတွင် အိမ်လခနည်းပါးသည့် နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့တော့မည့် မရွှေဇင်က သူ၏မျှော်လင့်ချက်ကို ပြောပြခဲ့သည်။ ။



# ဥရောပသမဂ္ဂက အာဖရိကဒေသ၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၇၀ ရင်းနှီးမြှုပ်နှံ

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁၉**

ဥရောပသမဂ္ဂက အာဖရိကဒေသ၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၇၀ တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ကြေညာကြောင်း သိရသည်။

ဥရောပသမဂ္ဂနှင့် အာဖရိကသမဂ္ဂခေါင်းဆောင်များက ဘရပ်ဆဲလ်မြို့၌ ယမန်နေ့တွင် ကျင်းပသည့် ထိပ်သီးအစည်းအဝေးတွင် အဆိုပါကြေညာချက်ကို ကြေညာခဲ့ခြင်းဖြစ်သည်။



**ထုတ်ပြန်ကြေညာခဲ့**

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ချမှတ်အကောင်အထည်ဖော်ဆောင်မည့် ကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ် ကာကွယ်ထိန်းသိမ်းရေးကိစ္စရပ်များနှင့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်သည် ဥရောပသမဂ္ဂအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုပဏာမ အစပျိုးမှုအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက်သည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ ပဏာမခြေလှမ်းကို တုပယှဉ်ပြိုင်ရွေးချယ်စရာတစ်ခုဖြစ်သည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ပြောကြားသည်။

တရုတ်နိုင်ငံက အာဖရိကတစ်လွှား၌ အခြေခံအဆောက်အအုံများတည်ဆောက်ရန် ချေးငွေများ ထောက်ပံ့ပေးလျက်ရှိစဉ် ဥရောပသမဂ္ဂကလည်း အာဖရိကဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ဗွန်ဒါလီယန်က အလေးပေးပြောကြားသည်။

**ကြိုးပမ်းလျက်ရှိ**

ထို့ပြင် ဥရောပနိုင်ငံများသည် အာဖရိက၏ အဓိကမဟာမိတ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်ကြောင်းနှင့် အာဖရိကဒေသအတွင်း ဖွံ့ဖြိုး ရေးလုပ်ငန်းများဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဗွန်ဒါလီယန်က ဆိုသည်။

ထို့ပြင် ဥရောပသမဂ္ဂနှင့် အာဖရိကသမဂ္ဂ တာဝန်ရှိသူများက အာဖရိကဒေသအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လုံလောက်စွာ ရရှိနိုင်ရေး အတွက်လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ(ဂျီ-၇) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပ

**မြူးနစ် ဖေဖော်ဝါရီ ၁၉**

ယူကရိန်းအရေးနှင့်ပတ်သက်ပြီး တင်းမာမှုများ မြင့်တက်လျက်ရှိစဉ် ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ(ဂျီ-၇)၏ နိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်အစည်းအဝေးကို ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ယနေ့ကျင်းပကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအကြီးအကဲများက မြူးနစ်လုံခြုံရေးကွန်ဖရင့် အစည်းအဝေး တက်ရောက်လျက်ရှိစဉ် ဂျီ-၇ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဂျာမနီနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အရေးပေါ် ခေါ်ယူကျင်းပခြင်းဖြစ်သည်။

ယူကရိန်းအရေးနှင့်ပတ်သက်ပြီး သံတမန်နည်းလမ်းဖြင့် ညှိနှိုင်းဆောင်ရွက်ကာ ထိန်းချုပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိစေရန်နှင့် ဂျီ-၇ နိုင်ငံအချင်းချင်း စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းထားရန် စသည့်ကိစ္စရပ်များကို ဂျီ- ၇ နိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

အစည်းအဝေးပြီးနောက် ထုတ်ပြန်ကြေညာမည့် ပူးတွဲကြေညာချက်တစ်ရပ်တွင် ဂျီ-၇ နိုင်ငံများ၏ သဘောထားသည် ရုရှားနိုင်ငံအပေါ် မည်သို့သက်ရောက်မှုရှိမည်လဲ ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ရုရှားနိုင်ငံက ယူကရိန်းအား ကျူးကျော်မှုပြုရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်သည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားသည်။ ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ နောက်ဆုံး အခြေအနေ | | | |
|---|---|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၂၂၇၀၂၇၃၄ | ဦး |
| | သေဆုံးသူ | ၅၈၉၅၅၀၆ | ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၃၄၇၃၉၄၆၅၆ | ဦး |

# ဝန်ကြီးချုပ် မိုဒီက လယ်ယာစိုက်ပျိုးရေးသုံး မောင်းသူမဲ့လေယာဉ် အစင်း ၁၀၀ ထောက်ပံ့ပေး

**နယူးဒေလီ ဖေဖော်ရီ ၁၉**

အိန္ဒိယဝန်ကြီးချုပ် မိုဒီက နိုင်ငံတစ်ဝန်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် ပိုးသတ်ဆေးဖျန်းခြင်းနှင့် အခြားသော လယ်ယာလုပ်ငန်းများ ဆောင်ရွက်ရန် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး မောင်းသူမဲ့လေယာဉ် အစင်း ၁၀၀ ခန့်ကို ယနေ့ ထောက်ပံ့ပေးကြောင်း သိရသည်။



**စာမျက်နှာသစ်တစ်ရပ်ဖွင့်လှစ်**

အဆိုပါထောက်ပံ့မှုသည် ၂၁ ရာစုခေတ်သစ်လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခြင်းပင်ဖြစ်ကြောင်း မိုဒီက ဆိုသည်။

ထို့ပြင် မောင်းသူမဲ့လေယာဉ်များ အသုံးပြုခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးအမြတ်ရရှိရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း မိုဒီက ၎င်း၏ လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားထားသည်။

လာမည့် နှစ်နှစ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍသုံး မောင်းသူမဲ့လေယာဉ် အစင်း တစ်သိန်းကို မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ Garuda Aerospace က တီထွင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ မောင်းသူမဲ့လေယာဉ် အသုံးပြုသည့် ဂေဟာစနစ်အသစ်တစ်ရပ်ကို ဖန်တီးလျက်ရှိသည်။ လက်ရှိတွင် မောင်းသူမဲ့လေယာဉ် အသုံးပြုလျက်ရှိသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းပေါင်း ၂၀၀ ကျော် ရှိပြီဖြစ်သည်။ မကြာမီအချိန်တွင် ယင်းသို့လုပ်ငန်းပေါင်းများစွာ ထွက်ပေါ်လာနိုင်ဖွယ်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း မိုဒီက ဆိုသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဂရိကမ်းလွန်ပင်လယ်၌ ခရီးသည်တင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွား၊ ၁၂ ဦးပျောက်ဆုံးနေ



**ကော်ဖူ(ဂရိ) ဖေဖော်ဝါရီ ၁၉**

ဂရိနိုင်ငံအနောက်မြောက်ဘက် ကော်ဖူကျွန်း အနီး အိုင်အိုနီယံပင်လယ်အတွင်း ယနေ့အရုဏ်တက်ချိန်တွင် ခရီးသည်တင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၂ ဦး ပျောက်ဆုံးလျက်ရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကြန့်ကြာမှုများရှိ**

သင်္ဘောပေါ်ရှိ မီးလျှံနှင့် အပူရှိန်ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြန့်ကြာမှုများရှိနေသည်။ သို့သော် ရဟတ်ယာဉ်တစ်စင်း၊ စစ်သင်္ဘောတစ်စင်း၊ မီးသတ်သင်္ဘောတစ်စင်းနှင့် ဆွဲသင်္ဘောခြောက်စင်းတို့ကို အသုံးပြုပြီး အခင်းဖြစ်ပွားသည့်နေရာတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ အဆိုပါသင်္ဘောမီးလောင်သည့်နေရာမှာ ကော်ဖူကျွန်းမှ မိုင် ၃၀ ခန့် ဝေးကွာကြောင်း သိရသည်။

အဆိုပါ သင်္ဘောသည် ဂရိနိုင်ငံမှ အီတလီနိုင်ငံသို့ ဦးတည်ထွက်ခွာနေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကူညီကယ်ဆယ်ရေးအဖွဲ့က သင်္ဘောပေါ်လိုက်ပါသည့် ခရီးသည် ၂၈၀ ခန့်ကို ကော်ဖူကျွန်းသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ သင်္ဘောပေါ် မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို လက်ရှိအချိန်အထိ မသိရသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ပြောကြား**

ပျောက်ဆုံးနေသော ခရီးသည်အားလုံးသည် ကုန်တင်ယာဉ်မောင်းများဖြစ်ကြပြီး ယင်းတို့အနက် ဘူလ်ဂေးရီးယားနိုင်ငံသား ခုနစ်ဦး၊ ဂရိနိုင်ငံသား သုံးဦး၊ တူရကီနိုင်ငံသား တစ်ဦးနှင့် လစ်သူရေးနီးယားနိုင်ငံသား တစ်ဦးတို့ ပါဝင်သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ

# စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သံဃာတော်တစ်ပါးအား ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာသတ်ဖြတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အင်တောကျေးရွာရှိ မင်းရွာမြောက်ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော် ဥူးစန္ဒော (ခ) ဦးစိန်မောင်း (၅၈)နှစ်၊ ဝါတော် (၈)ဝါ (ဘ) ဦးပေါစံအား PDF အမည်ခံအကြမ်းဖက်အဖွဲ့ အင်အား ၅၀ ခန့်က သင်္ကန်းချွတ်လူဝတ်လဲကာ ကြိုးများဖြင့်တုပ်နှောင်၍ ရေဦးကုန်းကျေးရွာအုပ်စု နပေါင်ကျေးရွာဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ဆရာတော်အား ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေအတွင်း လိုက်လံပိတ်ဆို့ရှာဖွေစုံစမ်းခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် နှောကုန်းကျေးရွာအနီးရှိ မူးဘောင်ရေမြောင်းအတွင်း၌ ဆရာတော်အား လည်ပင်းတွင် ကြိုးချည်လျက်ဖြင့် တွေ့ရှိရပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့၏ ရက်စက်စွာသတ်ဖြတ်မှုကြောင့် နဖူးပြတ်ရှဒဏ်ရာ၊ လည်ပင်းပြတ်ရှဒဏ်ရာ၊ ယာနားထင်မှ ယာပါးအထိ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ရှာဖွေတွေ့ရှိခဲ့သည်။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ ရဟန်းသံဃာတော်များအား အကြမ်းဖက်သမားများ၏ ရက်စက်စွာ ရန်ပြုအကြမ်းဖက်မှုကြောင့် နိုင်ငံတော်အတွင်း နေရာအချို့တို့တွင် သံဃာတော် ၂၄ ပါး ပျံလွန်တော်မူခဲ့ပြီး သံဃာတော် ကိုးပါးတွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြောင်း သိရသည်။ အထက်ပါဖြစ်စဉ်တွင် ဆရာတော်အား ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်လူမဆန်စွာသတ်ဖြတ်ခဲ့သည့်အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကိုဗစ်စည်းကမ်းချက်များကို တိတိကျကျလိုက်နာ

**ဘားအံ ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်ဖြစ်ပွားမှုအခြေအနေနှင့် ဒေသတွင်းဖြစ်ပွားခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ သတ်မှတ်ထားသည့် ကိုဗစ်ဆိုင်ရာစည်းကမ်းချက်များကိုလည်း တိတိကျကျ လိုက်နာနေထိုင်ကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိကို ကော်မတီဝင်များက စစ်ဆေးကြပ်မတ်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ရာခိုင်နှုန်းပြန်လည်မြင့်တက်လာခြင်းသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာခရီးစဉ်ဒေသများနှင့် ဟိုတယ်များတွင် ကိုဗစ်ဆိုင်ရာစည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစွမ်းအားမြှင့် Booster ကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပြည်တွင်းခရီးသွားများ၏ ပုံရိပ်မှတစ်ဆင့် နိုင်ငံတကာခရီးသွားများအား ဆွဲဆောင်

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

**လူမှုဘဝမြင့်မား**

တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တန်ခိုးကြီးဘုရားပုထိုးစေတီများရှိသည့်အပြင် ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်ဝင်စားသည့် တောတောင်သဘာဝနှင့် တိုင်းရင်းသားရိုးရာဓလေ့များကို လေ့လာနိုင်သော ခရီးစဉ်နေရာများလည်းရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများကို လာရောက်ကြသည့် ပြည်တွင်းခရီးသွားများ၏ ပုံရိပ်မှတစ်ဆင့် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ခရီးသွားပြည်သူများ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရသည့် ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုတင်ဆောင်ရွက်ထားကြရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး ဝင်ငွေတိုးပွားလာခြင်းကြောင့် လူမှုဘဝများ မြင့်မားလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဒေသဆိုင်ရာ



ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်သူဦးက တိုင်းဒေသကြီးအတွင်း ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်ပေးထားမှုအခြေအနေ၊ ခရီးသွားဝင်ရောက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာသူများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အသီးသီး အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌက အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လူမှုရေးအသင်းအဖွဲ့များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး

**လွိုင်ကော် ဖေဖော်ဝါရီ ၁၉**

ကယားပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂)ကို ယမန်နေ့ နံနက် ၉ နာရီက ကယားပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ကြိုတင်စီစဉ်ဆောင်ရွက်**

ကယားပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်းသို့ လမ်းကြောင်းအမျိုးမျိုးမှ ဝင်ရောက်လာသည့် ခရီးသွားပြည်သူများကို စစ်ဆေးဆောင်ရွက်ရေးနှင့် ရောဂါပိုးတွေ့ရှိသူများအား စနစ်တကျကုသရေးအကောင်းဆုံးနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အထောက်အကူပြု ဆေးပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများကို ပြည်နယ်အတွင်းရှိမြို့နယ်အသီးသီးတွင် အလုံအလောက် ထိန်းသိမ်းထားရှိအသုံးပြုနိုင်ရေးအတွက်လည်း ကြိုတင်စီစဉ်ဆောင်ရွက်ပေးထားရန် လိုအပ်ကြောင်း၊ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ပေးနေသောလူမှုရေးအသင်းအဖွဲ့များ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ဆက်လက်၍ ကယားပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်ဝေက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ပြည်နယ်ကော်မတီအဖွဲ့အဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ကယားပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ် ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# မန်းရွှေစက်တော်ဘုရားကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးမိဘပြည်သူများ လာရောက်ဖူးမြော်ကြည်ညို

**မင်းဘူး ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၌ အပတ်စဉ် စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးမိဘပြည်သူများ လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ဘုရားဖူးလာရောက်ကြသူများက ခြေတော်ရာအား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း၊ ပရိတ်/ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ နဂါးစာကျွေး၊ ငါးလွှတ်ကုသိုလ်ပြုခြင်းနှင့် မျောက်စာကျွေးမွေးကြသူများအပြင် မန်းချောင်းအတွင်း ရေချိုး အပန်းဖြေခြင်း၊ အမှတ်တရ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြသူများဖြင့် စည်ကားကြောင်း သိရသည်။

“ဘုရားဖူးတွေကတော့ အပတ်စဉ် စနေ၊ တနင်္ဂနွေနဲ့ အစိုးရရုံးပိတ်ရက်တွေမှာအများအပြား လာရောက်လည်ပတ်အပန်းဖြေတာတွေရှိပါတယ်။ ကိုဗစ်စည်းကမ်းချက်တွေနဲ့အညီ ဖူးမြော်ခွင့်ပြုထားပြီးတော့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးမိဘပြည်သူတွေအနေနဲ့ နေ့ခင်းဘက် တည်းခိုဆောင်တွေမှာ ငှားရမ်းပြီးနားနေနိုင်ပါတယ်။ တည်းခိုဆောင်မှာ ညအိပ်ဖူးမြော်ခြင်းကိုတော့ ခွင့်မပြုထားပါဘူး။ ပွဲတော်ကာလမှာ တပို့တွဲလဆန်း ၅ ရက်ကနေ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ဖြစ်ပါတယ်”ဟု မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဝင် အောက်စက်တော်ရာ တာဝန်ခံဦးသိန်းလှိုင်က ပြောကြားသည်။

ဘုရားဖူးမိဘပြည်သူများ မန်းချောင်းအတွင်း ရေချိုးအပန်းဖြေရင်းနေ့ခင်းဘက် နားနေနိုင်ရန်အတွက် တည်းခိုဆောင် အလုံး ၉၀ ကျော်တည်ဆောက်ပေးထားပြီး တည်းခိုဆောင်တစ်လုံးလျှင် ကျပ် ၁၀၀၀၀ နှုန်းသတ်မှတ်ထားကြောင်း၊ တည်းခိုဆောင်အတွင်း ညအိပ်ဖူးမြော်ခြင်းကို ခွင့်မပြုထားဘဲ ရပ်ဝေးမှ လာရောက်ကြသူများအနေဖြင့် မန်းရွှေစက်တော်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ နီးစပ်ရာ သာသနိကအဆောက်အအုံ၊ ဘုန်းတော်ကြီးကျောင်း (ဓမ္မာရုံ)များတွင် ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထားလက်မှတ်၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းဖြင့် ဧည့်စာရင်းတိုင်ကြားပြီး ညအိပ်ဖူးမြော်နိုင်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# ဆောင်းရာသီကာလ မိတ္ထီလာတောင်ကန်ပတ်ဝန်းကျင်၌ ဆောင်းခိုငှက်များ စတင်ရောက်ရှိ ကျက်စား

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၉**

မိတ္ထီလာဒေသသို့ဆောင်းရာသီကာလရောက်တိုင်း နှစ်စဉ်လာရောက်လေ့ရှိသောဆောင်းခိုငှက်များသည် မိတ္ထီလာတောင်ကန်ပတ်ဝန်းကျင်၌ စတင်ရောက်ရှိကျက်စားလျက်ရှိသည်။

“မိတ္ထီလာဒေသကို ဆောင်းရာသီကာလရောက်တိုင်း နှစ်စဉ်လာရောက်လေ့ရှိတဲ့ဆောင်းခိုငှက်မျိုးစုံ မိတ္ထီလာမြောက်ကန်ပတ်ဝန်းကျင်မှာရောက်ရှိ ကျက်စားနေကြတာပြီးခဲ့တဲ့ ဒီဇင်ဘာလကုန်ပိုင်းနဲ့ ဇန်နဝါရီလဆန်းပိုင်း အချိန်ကတည်းက ဖြစ်ပေမယ့် မိတ္ထီလာ တောင်ကန်ဘက်ကိုတော့ အခုရက်ပိုင်းအတွင်းမှပဲ ရောက်ရှိလာတာ တွေ့ရတယ်။ နှစ်စဉ် မိတ္ထီလာ တောင်ကန်ဘက်ကို လာရောက်တဲ့ ဆောင်းခိုငှက်အများစုက ပေါက်ချောင်းရပ်ကွက် ကန်ပတ်လမ်းအနီးက ကန်ရေပြင်မှာ ကျရောက်ကျက်စားတာဖြစ်ပြီး ဒီနှစ်လည်းအဲဒီနေရာမှာ တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ မိတ္ထီလာ တောင်ကန်ဘက်မှာတော့ ပေါက်ချောင်းကန်ပတ်လမ်းပြီးရင် တောင်ကန် တောင်ဘက်ဖျားနားကလူးခင်ကြီးကျေးရွာနဲ့ နွားစမ်းတောင် ကျေးရွာအနီး ရေကန်စပ် တစ်ဝိုက်မှာလည်း ဆောင်းခိုငှက် တချို့ကိုမြင်တွေ့ရတယ်”ဟု ဒေသခံငှက်ကြည့်ဝါသနာရှင်တစ်ဦးဖြစ်သူ ကိုရန်နိုင်လှက ပြောသည်။

မိတ္ထီလာမြောက်ကန်တွင်ယခုနှစ်ဆောင်းရာသီကာလ၌ဆောင်းခိုငှက်များအား နန်းတော်ကုန်းရပ်ကွက်မြောက်ဘက်ရှိ ကန်ရေဝပ်ဧရိယာနေရာများတွင် လည်းကောင်း၊ ကုလားမကျွန်းကျေးရွာ၊ အုတ်နဲ့ဘုတ်ကျေးရွာ၊ အင်းပက်လက်ကျေးရွာနှင့် ကျောက်ဖြူကုန်းကျေးရွာ၊ ရွာမကျေးရွာများအနီးရှိ ကန်ရေဝပ်ဧရိယာများတွင် တွေ့ရှိရသည်။

ယခုနှစ် ဆောင်းရာသီကာလတွင် မိတ္ထီလာဒေသသို့ရောက်ရှိကျက်စားသောဆောင်းခိုငှက်များအား လေးခွဖြင့်ပစ်ခြင်း၊ ပိုက်ကွန်ဖြင့်ထောင်ခြင်း စသည့်နည်းလမ်းများဖြင့် ဖမ်းယူမှု ပိုမိုများပြားလာခြင်းကြောင့် ဆောင်းခိုငှက်များအား ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုစေရေး အသိပညာပေးခြင်းများလိုအပ်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာဒေသတွင် နှစ်စဉ်ရောက်ရှိကျက်စားလေ့ရှိသည့် ခရုစုပ်ငှက်၊ ဒေါင်းလန်းခြေထောက်၊ ဝမ်းဘဲဟသာ၊ မယ်ညို၊ ရေကြက်ဒုံ စသည့်ဆောင်းခိုငှက်အများအပြားကို အဆိုပါနေရာများတွင် တွေ့မြင်နိုင်ကြောင်း သိရသည်။

ချမ်းသာ
(မိတ္ထီလာ)





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## စာစီစာကုံး တွေးနည်း ရေးနည်းများ

စာရေးသူ ရွှေဒါးမောင်မြင့်ထွန်း စုစည်းရေးသားသည့် Top Ten ဝင် မြန်မာစာဂုဏ်ထူးရှင်များ၏ သင်ရိုးသစ် စာစီစာကုံး၊ အဆိုအချေနှင့် စာစီစာကုံး တွေးနည်းရေးနည်းများ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာစီစာကုံးသည် ကျောင်းသား ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို များစွာဖော်ထုတ်ပြနိုင်သော မှတ်ကျောက်တစ်ခုဖြစ်သည်။

စာအုပ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာ အထက်တန်းကျောင်းသား ကျောင်းသူများအနက် မြန်မာစာဂုဏ်ထူးရှင်များ၏ စာစီစာကုံး အတွေးအရေးတို့နှင့် အဆိုအချေများကို ပေါင်းစုထားသည်ဖြစ်ရာ မှီငြမ်းပြုလေ့လာလိုသူ ကျောင်းသား ကျောင်းသူများအတွက် အတွေးသစ် အရေးသစ်များကို ဖြစ်ပေါ်စေ၍ အရေးအသား ချောမွေ့စေပြီး နည်းမှီစံပြုတုပရေးသားနိုင်သော ကိုယ်ပိုင်အရေးအသား၊ ကိုယ်ပိုင်စိတ်ကူးကောင်းများဖြင့် ပြန်လည်ရေးသားနိုင်စေရန် ရည်ရွယ်ထုတ်ဝေထားသဖြင့် ကျောင်းသား ကျောင်းသူများ၏ စာစီစာကုံး စိတ်ကူးဉာဏ်နှင့် ရေးသားတွေးခေါ်နည်းတို့ကို ရရှိစေရန် ရေးသားထားသည်။

စာအုပ်ကို ရွှေဒါးအောင်သပြေစာပေ အမှတ်(၅၀၃/၁) စုမြတ်သရဖီလမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မှ ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။



## ချစ်သောပြင်ဦးလွင် သို့မဟုတ် တိမ်ခိုးတွေကြားက နတ်မိမယ်မြို့

စာရေးသူ သက်နိုင် (ပြင်ဦးလွင်) ပြုစုရေးသားသည့် ချစ်သော ပြင်ဦးလွင် (သို့မဟုတ်) တိမ်ခိုးတွေကြားက နတ်မိမယ်မြို့ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

ပြင်ဦးလွင်မြို့သည် ရှမ်းကုန်းမြေမြင့်ပေါ်၌ တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၃၈ ပေ မြင့်မားသည့် ရာသီဥတုကောင်းမွန်ပြီး သာယာလှပသည့်မြို့ ပြင်ဦးလွင်၊ မေမြို့၊ ပန်းမြို့တော်၊ နှင်းမြို့တော်၊ တောင်လေကားမြို့တော်ဟူသည့် ရွှေမြို့တော်။ စိတ်ဝင်စားဖွယ် အကြောင်းအရာများ၊ မန္တလေးမြို့မှတစ်ဆင့် ပြင်ဦးလွင်သို့ စတင်ကာ မိုင်တိုင်အမှတ် (၁၆)မှသည် သစ်ရိပ်တောရိပ် တောင်ခိုးတောင်ငွေ့များဖြင့် ရစ်ပတ်ခြုံလွှမ်းနေသည့် မြို့၊ နှင်းမှုန်နှင်းငွေ့များ တိမ်ခိုးတိမ်ငွေ့များအပြည့်ဖြင့် ရစ်ဆိုင်းဝေသီနေသည့် ပြင်ဦးလွင်ရှိ အထင်ကရနေရာများသို့ စာရေးသူကိုယ်တိုင်ရောက်ရှိ လေ့လာစူးစမ်းခဲ့သည်များကို ခရီးသွားဧည့်သည်တို့အတွက်သာမက ပြင်ဦးလွင်မြို့နေသူတို့အတွက်ပါ ဒေသန္တရဗဟုသုတများရရှိနိုင်စေရန် ကြိုးစားရေးဖွဲ့ထားသည်။

စာအုပ်ကို ပြည်ချစ်သားစာပေမှ ကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။

# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ စိစစ်ခွင့်ပြုထားသည့် အရည်အသွေးအာနိသင် အာမခံချက်ရှိသည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါး Molnupiravir ကို စနစ်တကျ အသုံးပြုခြင်းဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသန်းနိုင်စိုး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

### ကိုဗစ်-၁၉ ရောဂါ ကုသရေးခရီးလမ်းနှင့် နောက်ဆုံးပေါ် ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးများ

ကိုရိုနာဗိုင်းရပ်စ်ပိုးသစ် (Novel Coronavirus) ဖြစ်သည့် SARS-CoV-2 (ကိုဗစ်-၁၉ ဗိုင်းရပ်စ်) ပေါ်ထွက်လာချိန်မှစတင်၍ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားခဲ့သည်မှာ ၁၈-၂-၂၀၂၂ ရက်နေ့ ကိန်းဂဏန်းများအရ ကမ္ဘာတစ်ဝန်း ရောဂါဖြစ်ပွားသူ သန်း ၄၂၀ ကျော်ရှိ၍ ရောဂါကြောင့် သေဆုံးသူ ၅ ဒသမ ၈ သန်းခန့် ရှိပြီဖြစ်သည်။ မိမိတို့နိုင်ငံတွင်လည်း ၁၈-၂-၂၀၂၂ ရက်နေ့ ညပိုင်းထုတ်ပြန်ချက်များအရ ရောဂါဖြစ်ပွားသူ ငါးသိန်းငါးသောင်း ကျော်ရှိ၍ ရောဂါကြောင့်သေဆုံးသူ ၁၉၃၂၂ ဦးရှိပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်ကာလ ကြာမြင့်လာသည်နှင့် အတူ ဆေးပညာရှင်များ၊ တိုင်းရင်းဆေးပညာရှင်များ၊ သိပ္ပံပညာရှင်များအနေဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများ၊ ရောဂါကာကွယ်ဆေးများ၊ ရောဂါထိန်းချုပ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေး စသဖြင့်နယ်ပယ်ပေါင်းစုံတွင် သုတေသနများ ဆောင်ရွက်ခဲ့ခြင်းနှင့်အတူ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ကာကွယ်ထိန်းချုပ်ကုသနိုင်မည့် ဆေးဝါးနှင့် ဆေးပစ္စည်းများစွာ ပေါ်ထွက်လာခဲ့ပြီဖြစ်ပါသည်။

ကိုဗစ် - ၁၉ ရောဂါ ကုသရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးများစွာ ပေါ်ပေါက်ခဲ့ရာ၌ မိမိတို့နိုင်ငံတွင် လူသိများသည့် ဆေးဝါးများမှာ အမေရိကန်နိုင်ငံအခြေစိုက် Gilead Sciences ကုမ္ပဏီက စတင်ထုတ်လုပ်သည့် Remdesivir (ရမ်ဒက်ဆီဗာ)၊ ဂျပန်နိုင်ငံအခြေစိုက် Toyama Chemical မှစတင်ထုတ်လုပ်သည့် Favipiravir (ဖာဗီပီရာဗာ)၊ အမေရိကန်နိုင်ငံအခြေစိုက် Pfizer Inc. က စတင်ထုတ်လုပ်သည့် Paxlovid (ပက်ခ်လိုဗစ်) နှင့် ယခုတင်ပြမည့် အမေရိကန်နိုင်ငံအခြေစိုက် Merck & Co. မှ စတင်ထုတ်လုပ်သည့် Molnupiravir (မော်လ်နူပီရာဗာ) တို့ဖြစ်ကြပါသည်။

### Molnupiravir (မော်လ်နူပီရာဗာ) ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆန့်ကျင် ဆေးဝါးပေါ်ပေါက်လာပုံ

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါး Molnupiravir (မော်လ်နူပီရာဗာ)သည် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အက်တလန်တာမြို့ရှိ အမ်မိုရီ(Emory) တက္ကသိုလ်၏ ဆေးဝါးဆန်းသစ်တီထွင်မှုကုမ္ပဏီ Drug Innovation Ventures at Emory (DRIVE)အနေဖြင့် တုပ်ကွေးရောဂါကုသရန် မူလကတီထွင်ခဲ့သော်လည်း မျိုးဗီဇပြောင်းလဲစေခြင်းဂုဏ်သတ္တိ (Mutagenicity) များကြောင့် သုတေသနဆက်လက်လုပ်ဆောင်မှုများကို ရပ်ဆိုင်းထားခဲ့ပါသည်။ အဆိုပါဆေးဝါးနည်းပညာကို မီယာမီအခြေစိုက်ကုမ္ပဏီဖြစ်သည့် Ridgeback Biotherapeutics ကရရှိခဲ့ပြီး နောက်ပိုင်းတွင် ဆေးကုမ္ပဏီကြီးဖြစ်သည့် Merck & Co. နှင့် ပူးပေါင်း၍ ဆေးဝါးထုတ်လုပ်နိုင်ရေးသုတေသနများ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

### Molnupiravir (မော်လ်နူပီရာဗာ) ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆန့်ကျင် ဆေးဝါးအလုပ်လုပ်ပုံ

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးအနေဖြင့် လူ့ခန္ဓာကိုယ်ဆဲလ်အတွင်းဝင်ရောက်၍ ဗိုင်းရပ်စ်ပုံတူများစွာပွားများရာတွင် ဗိုင်းရပ်စ်၏ မျိုးဗီဇ (RNA)များကို အရေအတွက်မြောက်မြားစွာ ပုံတူပွားရပါသည်။ ထိုသို့ ဗိုင်းရပ်စ်၏ မျိုးဗီဇပုံတူပွားများခြင်းဖြစ်စဉ်တွင် Molnupiravir ဆေးကြောင့် ဗိုင်းရပ်စ်၏မျိုးဗီဇအတွဲများတွင် ကျယ်ပြန့်သော မျိုးဗီဇပြောင်းလဲမှုများဖြစ်စေရန် အားပေးခြင်းအားဖြင့် ဗိုင်းရပ်စ်မျိုးပွားခြင်းကို Molnupiravir က ဟန့်တားပျက်စီးစေပါသည်။ သို့ဖြစ်ပါ၍ ဗိုင်းရပ်စ်အရေအတွက်ကို လျော့ကျစေရာမှ ရောဂါပြင်းထန်စွာ ဖြစ်ပွားခြင်းကို လျော့ကျစေခြင်းဖြစ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ Molnupiravir သည် ကိုဗစ်-၁၉ ရောဂါကြောင့် ရောဂါပြင်းထန်စွာဖြစ်ပွား၍ ဆေးရုံတက်ရောက်ရခြင်းနှင့် ရောဂါကြောင့် သေဆုံးရခြင်းကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်ဟု တွေ့ရှိထားပါသည်။



Merck & Co.မှ ထုတ်လုပ်သည့် Molnupiravir (မော်လ်နူပီရာဗာ) ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါး။

Molnupiravir ဆေးဝါးနှင့်ပတ်သက်၍ သတိပြုရန်အချက်မှာ မျိုးဗီဇပြောင်းလဲစေခြင်း ဂုဏ်သတ္တိရှိခြင်းဖြစ်၍ အထူးသဖြင့် ကိုယ်ဝန်ဆောင်များအနေဖြင့် လုံးဝအသုံးမပြုရန် လိုအပ်ပါသည်။

### အရေးပေါ်အသုံးပြုခွင့်(EMERGENCY USE AUTHORIZATION- EUA) ရရှိသည့်ဆေးဝါးအနေဖြင့်သာ ခွင့်ပြုချက်ပေးထားသည့် ဆေးဝါးဖြစ်သည်

Molnupiravir ဆေးဝါးသည် ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် အရေးပေါ်အသုံးပြုခွင့် (EMERGENCY USE AUTHORIZATION – EUA) ရရှိသည့် ဆေးဝါးအနေဖြင့်သာ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ခွင့်ပြုချက်ပေးထားသည့်ဆေးဝါးဖြစ်ပါသည်။

Molnupiravir ဆေးဝါးကို စနစ်တကျအသုံးပြုရာတွင် ကုသရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကုသရေးတွင် အသက် (၁၈) နှစ်နှင့်အထက် လူနာများအတွက် ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးများအသုံးပြုခြင်း လုပ်ငန်းလမ်းညွှန် (Algorithm for Antiviral treatment of adult patient with Covid-19, Version1) (16-2-2022) အရလည်းကောင်း၊ အထူးကုဆရာဝန်များ၏ အနီးကပ်ကြီးကြပ်မှုအောက်တွင်ရှိသည့် ဆရာဝန်များ၏ ဆေးညွှန်းစာအရလည်းကောင်း သုံးစွဲရမည့်ဆေးဖြစ်ပါသည်။

### ဆေးညွှန်းအရ Molnupiravir ဆေးဝါးအသုံးပြုနိုင်သည့်လူနာများ

ဆေးညွှန်းအရ Molnupiravir ဆေးဝါးအသုံးပြုနိုင်သည့် လူနာများမှာ -

(က) အသက် (၁၈) နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများတွင် သာမန်နှင့် အတန်အသင့် ပြင်းထန်သည့် ရောဂါလက္ခဏာခံစားရသူများနှင့် ရောဂါလက္ခဏာ ပိုဆိုးလာနိုင်ရန် အခြေအနေရှိသည့် လူနာများ၊

(ခ) ကိုဗစ်-၁၉ ရောဂါကုသရန် ချမှတ်ထားသော အခြားကုထုံး/ဆေးဝါးများ မရရှိနိုင်ခြင်းနှင့် အခြားကုထုံး/ဆေးဝါးများဖြင့် ကုသရန်မသင့်လျော်သောလူနာများ (ဥပမာ – Favipiravir, Remdesivir တို့ဖြင့် ကုသရန်မသင့်တော်ခြင်း)

(ဂ) Molnupiravir ဆေးဝါးဖြင့် ကုသမှုခံယူရန်နှင့် ဆေးသောက်သုံးရန် သဘောတူသည့်လူနာများ။

### Molnupiravir ဆေးဝါးအသုံးမပြုသင့်သည့်အခြေအနေများ

Molnupiravir ဆေးဝါးအသုံးမပြုသင့်သည့် အခြေအနေများမှာ –

(က) Molnupiravir ဆေးဝါးသည် သန္ဓေသားအား အဆိပ်အတောက်ဖြစ်စေနိုင်သည့်အတွက် ကိုယ်ဝန်ဆောင်များတွင် အသုံးပြုရန်မသင့်ပါ၊

(ခ) အရိုးနှင့်အရိုးနုများ ပျက်စီးစေနိုင်သည့်အတွက် နို့တိုက်မိခင်များနှင့် အသက် (၁၈) နှစ်အောက် လူငယ်များတွင်လည်း အသုံးမပြုသင့်ပါ၊

(ဂ) Molnupiravir ဆေးဝါးသည် ကိုဗစ်-၁၉ ကြိုတင်ရောဂါကာကွယ်ဆေးမဟုတ်ပါ၊

(ဃ) ကိုဗစ်-၁၉ ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ပြီးနောက် ကြိုတင်ကာကွယ်သည့်အနေဖြင့် သောက်သုံးရမည့် ဆေးဝါးမဟုတ်ပါ၊

(င) ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရန် လိုအပ်သောလူနာများတွင် ကနဦးကုသခြင်းအနေဖြင့် မသုံးစွဲသင့်ပါ၊

(စ) ဆေးညွှန်းစာတွင် ပါဝင်သည့် သတ်မှတ်ပမာဏအတိုင်း သုံးစွဲရန်နှင့် ငါးရက်ထက်ပို၍အသုံးမပြုရပါ၊

(ဆ) လူနာများအနေဖြင့် အထူးကုဆရာဝန်များ၏ အနီးကပ်ကြီးကြပ်မှုအောက်တွင်ရှိသည့် ဆရာဝန်များ၏ ဆေးညွှန်းစာမပါဘဲ မိမိသဘောဖြင့် ဝယ်ယူသောက်သုံးခြင်း လုံးဝမပြုသင့်ပါ။

### Molnupiravir ဆေးဝါး၏ ဘေးထွက်ဆိုးကျိုးများ

Molnupiravir ဆေးဝါး၏ ဘေးထွက်ဆိုးကျိုးများမှာ–

(က) ဝမ်းလျှောခြင်း၊ ခေါင်းမူးခြင်း၊ ပျို့အန်ခြင်းကို အများအားဖြင့် ခံစားရတတ်ပါသည်။

(ခ) အရေးပေါ်ဆေးဝါးအနေဖြင့် အသုံးပြုရသည့်အတွက် ဖော်ပြထားသည့် ဆိုးကျိုးများအပြင် အခြားဘေးထွက်ဆိုးကျိုးများ၊ အခြားသုံးစွဲရန်မသင့်သည့် အခြေအနေများနှင့် အခြားဆေးဝါးများနှင့် ပေါင်းစပ်အသုံးပြုရာတွင် ရရှိနိုင်သည့် ဘေးထွက်ဆိုးကျိုးများ စသည်တို့ကို မသိရှိရသေးသည့်အတွက် ဆေးညွှန်းဖြင့်သာ စနစ်တကျအသုံးပြုရန် လိုအပ်ခြင်းဖြစ်ပါသည်။

### ဆေးညွှန်းဖြင့် Molnupiravir ဆေးဝါးဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့်အချက်များ

ဆေးညွှန်းဖြင့် Molnupiravir ဆေးဝါးဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့်အချက်များမှာ –

(က) Molnupiravir ဆေးဝါးသည် ဆရာဝန်ညွှန်ကြားချက်ဖြင့် စနစ်တကျသုံးစွဲရမည့်ဆေးဝါး(POM-Prescription Only Medicine) ဖြစ်၍ ပြည်သူ့ကျန်းမာရေး လိုအပ်ချက်အရသော်လည်းကောင်း၊ အမျိုးသားဆေးဝါး ဥပဒေအမိန့်ကြော်ငြာစာအမှတ် (၇/၉၃) အရသော်လည်းကောင်း ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ အများပြည်သူကိုရောင်းချခြင်း၊ ကြော်ငြာခြင်း ပြုလုပ်ရမည်ဖြစ်ပါသည်။

(ခ) Molnupiravir ဆေးဝါးကို ဝယ်ယူသည့်အခါတွင်လည်း အရည်အသွေး၊ အာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု အာမခံချက်မရှိသည့် Online တွင် ဈေးနှုန်းကြီးမြင့်စွာ ကြော်ငြာရောင်းချနေသော မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ခွင့်ပြုထားခြင်းမရှိသည့် Molnupiravir ဆေးဝါးများ ဝယ်ယူမသုံးစွဲသင့်ပါ။

(ဂ) မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သုံးစွဲရန်ခွင့်ပြုချက်ရရှိပြီးသော Molnupiravir ဆေးဝါးများသာလျှင် အရည်အသွေးအာမခံချက် ရရှိနိုင်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)အနေဖြင့် ပြည်သူ့ကျန်းမာရေးလိုအပ်ချက်အရ Molnupiravir ဆေးဝါးကို ဆရာဝန်ညွှန်ကြားချက်ဖြင့် စနစ်တကျသုံးစွဲရမည့်ဆေးဝါး(POM-Prescription Only Medicine) အဖြစ် အရေးပေါ်အသုံးပြုခွင့် (EMERGENCY USE AUTHORIZATION – EUA) ပေးထားပြီးဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် FDA အသိအမှတ်ပြု ဆရာဝန်ညွှန်ကြားချက်ဖြင့် စနစ်တကျသုံးစွဲရမည့်ဆေးဝါး(POM-Prescription Only Medicine)ရောင်းချနိုင်သည့် ဆေးဆိုင်များတွင် လွတ်လပ်စွာ ဆေးညွှန်းပြသဝယ်ယူ၍ ဆရာဝန်ညွှန်ကြားသည့် ဆေးညွှန်းအတိုင်း တိကျစွာလိုက်နာပြီး သောက်သုံးနိုင်ပါကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

## ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးပစ္စည်းများ ဖြန့်ဝေ

**ညောင်တုန်း ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သည့် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ယနေ့ နံနက်၉နာရီက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးတို့က ကြီးကြပ်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သည့် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို မြို့နယ်ကြက်ခြေနီအသင်းမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အခြေခံပညာကျောင်းများရှိ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ထက်ဝေဖြိုး(ပြန်ဆက်)**

## ပွင့်ဖြူမြို့နယ်တွင် ဆေးဝါးပစ္စည်းများ ပြတ်လပ်မှုမရှိစေရန်နှင့် ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး စစ်ဆေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဆေးဝါးပစ္စည်းများ ဈေးနှုန်းမြှင့်တင်ရောင်းချမှုများ မရှိစေရန်နှင့် ဆေးဝါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် ဌာနဆိုင်ရာများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ပွင့်ဖြူမြို့ပေါ်ရှိ ဆေးဝါးပစ္စည်းအရောင်းဆိုင်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပွင့်ဖြူမြို့ပေါ်ရှိဆေးဝါးပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်ကာဆေးဝါးပစ္စည်းများ ရောင်းချရာတွင် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းရှိ / မရှိနှင့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျရောင်းချခြင်း ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ဆေးဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေသည့်ကာလ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးပစ္စည်းများဝယ်ယူရာတွင် အခက်အခဲ မဖြစ်စေရေးအတွက် သတ်မှတ်ကာလပေါက်ဈေးထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းများမပြုလုပ်ကြရန်နှင့် ဆေးဝါးပစ္စည်းများပြတ်လပ်မှုမရှိစေရေး စီစဉ်ဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးဆွေးနွေးပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး မောင်တောတွင် နှာခေါင်းစည်းများ ဖြန့်ဝေပေး

**မောင်တော ဖေဖော်ဝါရီ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငါးခူရကျေးရွာအတွင်းရှိ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ယနေ့ နံနက် ၉ နာရီက နှာခေါင်းစည်းများ ဖြန့်ဝေပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ငါးခူရပြန်လည်လက်ခံရေး မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမျိုးကျော် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ ငါးခူရကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ ပူးပေါင်း ကာ ငါးခူရဈေးအတွင်းရှိ ဈေးရောင်းချသူများနှင့် လမ်းသွား၊ လမ်းလာ ပြည်သူများအား နှာခေါင်းစည်းဖြန့်ဝေပေးခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များအား ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြိတ်မြို့ သံဃာ့ဆေးရုံတွင် Fever Clinic ဖျားနာအခမဲ့ဆေးကုသခန်း ပြန်လည်ဖွင့်လှစ်

**မြိတ် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း (မြိတ်)မှ အထက်ရေပုန်းရပ် စပါးရွှေဝါလမ်းမကြီးရှိ သံဃာ့ဆေးရုံ၌ Fever Clinic ဖျားနာအခမဲ့ဆေးကုသခန်းကို ယမန်နေ့က ပြန်လည်ဖွင့်လှစ်ပြီး ဖျားနာလူနာများအား အခမဲ့ဆေးကုသပေးလျက်ရှိသည်။

"ပြည်သူ လူထုထဲမှာ နေမကောင်းတဲ့သူ ပိုများလာတဲ့ လက္ခဏာရှိတယ်။ မြန်မာနိုင်ငံမှာ အိုမီခရွန်ကူးစက်မှုများလာတဲ့အတွက် တတိယလှိုင်းတုန်းကလို ဖျားနာတဲ့သူတွေ ဆေးခန်းသွားရ အခက်အခဲရှိမှာ စိုးတဲ့အတွက် Fever Clinicကိုပြန်လည်ဖွင့်လှစ်ရခြင်းဖြစ်ပါတယ် "ဟု မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)မှဒေါက်တာတင်စိုးမိုးက ပြောဆိုသည်။

Fever Clinic ဖျားနာအခမဲ့ဆေးကုသခန်းကို ဖျားနာပြီး ငွေကြေးအခက်အခဲရှိ၍ အိမ်မှာနေကာ ဘာလုပ်ရမှန်းမသိသူများကို အခမဲ့ဆေးဝါး ကုသပေးရန် ရည်ရွယ်ချက်ဖြင့် သံဃာ့ဆေးရုံ၌ ပြန်လည် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဆရာဝန်နှင့် သူနာပြုအင်အား အခြေအနေပေါ် မူတည်၍ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ ဖျားနာသူများအား လိုအပ်သည့် ဆေးကုသမှုများနှင့် ညွှန်ကြားမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Fever Clinic ဖျားနာအခမဲ့ဆေးကုသခန်းကို မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)နှင့်အတူ မြိတ်မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ပါရမီ၊ လောဟိတဒါန၊ ကရုဏာပရဟိတအဖွဲ့များ ပူးပေါင်း၍ ကုသပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**ခိုင်ထူး ( မြိတ် ပြန်/ဆက်)**

## YBS ခရီးသည်တင် ယာဉ်လိုင်းများတွင် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ခရီးသည်တင်ယာဉ်လိုင်းများတွင် ကိုဗစ်–၁၉ ရောဂါ မျိုးဗီဇပြောင်းရောဂါပိုး အိုမီခရွန်ကူးစက်မှု မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)၏ စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းက ဆူးလေဘုရားလမ်း၊ ပန်းဆိုးတန်းလမ်းနှင့် လှည်းတန်းလမ်းဆုံတို့တွင် ခရီးသွားပြည်သူများနှင့် လမ်းသွားလမ်းလာများအား ပါးစပ်/နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးသည်။

"ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)က YBS ခရီးသည်တင်ယာဉ်လိုင်းတွေမှာ ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်ပြီး လိုက်နာဖို့ ညွှန်ကြားချက်တွေ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ အဓိကကတော့ YBS ခရီးသည်တင်ယာဉ်မောင်းတွေအနေနဲ့ ပါးစပ်/နှာခေါင်းစည်းတပ်ဆင်ပြီးမှ မောင်းနှင်ရန်၊ လိုက်ပါစီးနင်းသည့် ခရီးသည်များ အနေနဲ့လည်း ပါးစပ်/နှာခေါင်းစည်းတပ်ဆင်ပြီးမှ စီးနင်းကြရန်၊ ကား အတက်/ အဆင်းတွေမှာ လက်သန့်ဆေးရည် အသုံးပြုပြီး စက္ကန့် ၂၀ ကြာ စနစ်တကျဆေးကြောကြရန်၊ YBS ခရီးသည်တင်ယာဉ်တွေမှာ လေဝင်/လေထွက်ကောင်းစေဖို့အတွက် ပြတင်းပေါက်တံခါးတွေကို ဖွင့်ထားကြရန်၊ ခရီးစဉ်တစ်ခု ပြီးဆုံးသွားတိုင်း ယာဉ်တွေကို ပိုးသတ်ဆေးဖျန်းရန်၊ မှာကြားထားပြီးဖြစ်ပါတယ်။ ဒီနေ့မှာတော့ YBS ခရီးသည်တင်ယာဉ်တွေအနေနဲ့ ကိုဗစ်–၁၉ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်တွေကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်းနှင့် လိုက်ပါစီးနင်းသည့် ခရီးသွားပြည်သူတွေကို ကိုဗစ်–၁၉ ရောဂါ မျိုးဗီဇပြောင်းရောဂါပိုးအိုမီခရွန် ကူးစက်မှုမရှိစေရေးအတွက် နှာခေါင်းစည်းတွေကို အခမဲ့ ဖြန့်ဝေပေးဖြစ်တာပါ " ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူ ပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ (YRTC)မှတွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောကြားသည်။

ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အနေဖြင့် မြို့တွင်းခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ(YRTC) အနေဖြင့် YBS ခရီးသည်တင်ယာဉ်လိုင်း (၁၁၈) လိုင်းမှ ယာဉ်အစီးရေ ၂၉၀၀ နီးပါးဖြင့် နေ့စဉ် မြို့တွင်း ခရီးသွားပြည်သူ ခြောက်သိန်းနီးပါးခန့်ကို ပြေးဆွဲပို့ဆောင်ပေးလျက်ရှိပြီး YBS ခရီးသည်တင်ယာဉ်လိုင်းများတွင် ကိုဗစ်–၁၉ ရောဂါမျိုးဗီဇပြောင်းရောဂါပိုးအိုမီခရွန်ကူးစက်မှုမရှိစေရေးအတွက် နှာခေါင်းစည်း အခုရေ တစ်သောင်းကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**





# တပို့တွဲလနှင့် မြန်မာ့ဓလေ့

လွှန်းပိုးအိမ် - စာပေလက်ထောက်-၁(ပြ)၊ ထုတ်လုပ်ရေးဌာနခွဲ

"ပေါက်လဲပွင့်တုံ၊
ဆူးပန်းငုံ၊
မီးပုံယာဂုပွဲ"

(ကင်းဝန်မင်းကြီး)

ပေါက်ပန်း၊ လဲပန်း၊ ဆူးပန်းတို့ ဖူးပွင့်ခဲ့လေပြီ။ ပြာသိုမှာ ခွာညိုပန်းတို့ သင်းရနံ့ ကြိုင်လှိုင်ခဲ့ကြသလို တပို့တွဲလ အခါသမယတွင်လည်း ပေါက်ပင်၊ လဲပင်၊ ဆူးပင်တို့မှာ မြူးကြွစွာ ဖူးပွင့်ခဲ့ကြလေပြီ။ ရဲရဲနီသော ပေါက်ပွင့်တို့မှာ တပို့တွဲလ၏ ထင်ရှားသည့် အလှတစ်ပါးပင် ဖြစ်သည်။ ဆောင်းရာသီ၏ ငွေရောင်အခင်းအကျင်းအောက်တွင် နီရဲနေသော ပေါက်ပန်းများကို ကြည့်ရသည်မှာ ပန်းချီကား တစ်ချပ်လိုပင် ဖြစ်နေသည်။

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် လတိုင်းလတိုင်းသည် အနက်အဓိပ္ပာယ်နှင့် မြန်မာ့အလှသဘာဝကို ဖော်ဆောင်ရင်း ဘာသာရေးကို အခြေခံသောပွဲတော်များကို လအလိုက် ဆင်ယင်ကျင်းပခဲ့ကြပေသည်။ တပို့တွဲလသည် ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်သည်။ ညဉ့်အချိန်တွင် နှင်းမှုန်ဖြူလွလွလေးများက ဇာပဝါလိုခြုံလွှမ်းထားပြီး လွန်စွာချမ်းအေးလှသဖြင့် ရှေးစာဆိုတော်ကြီးများက "နှာရည်ယိုရွှဲ တပို့တွဲ"၊ "တပို့တွဲ ကျွဲချိုဖျား ဆတ်ဆတ်ခါ" ဟု လည်းကောင်း တင်စားရေးသားခဲ့ကြပေသည်။

**စိတ်ပျော်ရွှင်စေသောလ**

တပို့တွဲလသည် နှင်းမှုန်၊ နှင်းစက်၊ နှင်းခက်၊ နှင်းငွေ့များဖြင့် ရီဝေမှုန်ဝါးကာ အေးချမ်းသာယာပြီး လူတို့၏နှလုံးဘဝင်ကို စိတ်ပျော်ရွှင်စေသောလလည်းဖြစ်ပါသည်။ တပို့တွဲလကို ပုဂံခေတ်ကျောက်စာများတွင် တပိုဒ်တွယ်၊ တပိုတွဲ၊ တပိုင်တွဲဟူ၍ အမျိုးမျိုးရေးသားခဲ့ကြပြီး မျက်မှောက်ခေတ်တွင် တပို့တွဲဟူ၍သာ ခေါ်ဝေါ်ခဲ့ကြသည်။ ဇေဒင်အခေါ်အဝေါ်အားဖြင့် ကုံရာသီဖြစ်သည်။ ရာသီရုပ်သည် ရေထမ်းသမား ဆင်းရဲသားပုံ ဖြစ်သည်။

တပို့တွဲလ၏အမည်သည် ထိုလရာသီတွင် ဖူးကြသီးကြသော ထန်းပင်ကို အကြောင်းပြု၍ ခေါ်ဝေါ်ကြခြင်းဖြစ်ကြောင်း စာပေများတွင် တွေ့ရပေသည်။ တပို့တွဲလတွင် ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့တွဲလောင်းကျအောင် ပြုလုပ်ပြီး ထန်းရည်နင်းသည်ကိုအစွဲပြု၍ တပို့တွဲလဟု တွင်လာကြောင်း စာဆိုများက ရေးသားခဲ့ကြသည်။ တပို့တွဲလနှင့်ပတ်သက်၍ စာဆိုဦးယာက "ပေါက်လဲငုံကင်း၊ ထန်းယဉ်နင်းသည်၊ နှင်းစီစီငယ်နှင့်လေး" ဟူ၍ ရာသီပန်းနှင့် အေးချမ်းသော အချိန်အခါ ထန်းများဖူးသောလကို စာကဗျာဖြင့် ဖွဲ့သီခဲ့ပေသည်။ ထို့အတူ ကျော်အောင်စံထား ဆရာတော်ဘုရားကြီးကလည်း ဝေါဟာရတ္ထပကာသနီကျမ်းတွင် လယ်သမားများသည် လယ်ယာကိစ္စအချို့ပြီးစီး၍ လယ်ယာလုပ်ကိရိယာများဖြစ်သော ထမ်းပိုးများကို ဆွဲထားလေ့ရှိသောကြောင့် ထမ်းပိုးဆွဲမှ တပို့တွဲလဟူသော စကားဖြစ်ပေါ်လာသည်ဟု မြန်မာဆန်ဆန် ကြံစည်ယူဆခဲ့ကြသည်ဟု ဆိုထားပြန်သည်။

**မီးအလှူပွဲ(ခေါ်) မီးပုံပွဲနှင့် ထမနဲ(ထမန့်)ပွဲများ**

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတိုင်းတွင် ဘာသာရေးကို အခြေခံသော ကောင်းမှုပွဲတော်များ ကျင်းပခဲ့ကြရာ တပို့တွဲလတွင်လည်း ရှေးမြန်မာမင်းများ လက်ထက်ကပင် အဓိပ္ပာယ်အနှစ်သာရပြည့်ဝစွာဖြင့် မီးအလှူပွဲ(ခေါ်) မီးပုံပွဲနှင့် ထမနဲ(ထမန့်)ပွဲများမှာ မြန်မာ့ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထင်ရှားပေသည်။

တပို့တွဲလ၏ချမ်းအေးဒဏ်ကြောင့် သုံးလောကထွတ်ထား မြတ်စွာဘုရားကိုယ်တိုင် တပို့တွဲလညများ၌ ဆီးနှင်းများပြင်းထန်စွာကျ၍ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသောကြောင့် ခတ်ကြီးလေးပါးမှုတစေရန် မီးအိုးကင်းတွင် ရွှေလက်တော်တင်ကာ မီးလှုံတော်မူခဲ့သည်ကို "သယမ္ဘူသော်မှ မီးမယ်ဖျူး၊ ရွှေလက်ကင်သည် ရေစက်သွင်အေးတဲ့သည်လ" ဟု ဦးကြော့က ရေးဖွဲ့ခဲ့သည်။

ရှေးမြန်မာမင်းများနှင့် ရဟန်းရှင်လူတို့သည် တပို့တွဲလတွင် မီးအလှူ (ဝါ) မီးကုသိုလ် ပြုပွဲ၊ မီးပုံပွဲကိုကျင်းပခဲ့ခြင်းဖြစ်သည်။ မီးပုံပွဲကို ပုဂံခေတ်ကပင်ရှိခဲ့သော ရာသီပွဲဟု ယူဆကြသည်။ ဒေသတိုင်း၌ ကျင်းပလေ့မရှိကြသော်လည်း တချို့ဒေသများတွင် စဉ်လာမပျက် ကျင်းပနေကြသည်ကို သိရှိရပါသည်။

**သနပ်ခါးထင်းဖြင့် မီးအိုးကင်းလှူကြ**

အထက်အညာဒေသတွင် များသောအားဖြင့် ပြုလုပ်လေ့ရှိကြသည်။ နံနက်အရုဏ်မတက်ခင်ကတည်းက ဘုရားတွင် သနပ်ခါးမီး၊ နံ့သာမီးများဖြင့် ပူဇော်မှု ပြုလုပ်ကြသည်။ မီးမပူဇော်မီ သစ်သီး၊ မုန့်စသည့် လှူဖွယ်များကိုလည်း ဆက်ကပ်လှူဒါန်းကြပါသည်။ စာရေးသူတို့ဒေသတွင် တပို့တွဲလဆန်းလာလျှင် တောထဲသို့သွား၍ သနပ်ခါးထင်းများခုတ်ကာ နေပူလှန်းထားကြသည်။ တပို့တွဲလပြည့် ရောက်သောအခါ ခြောက်နေပြီဖြစ်သော နံ့သာထင်းများကို ဘုရားရှေ့တွင် စနစ်တကျစုပုံကာ မီးပူဇော်ကြသည်။ ဘုရားစေတီရှေ့တွင်သာမက သံဃာတော်များ၊ သက်ကြီးရွယ်အိုများအား နံ့သာထင်းဟုခေါ်သော သနပ်ခါးထင်းဖြင့် မီးအိုးကင်းလှူကြသည်။

မီးကုသိုလ်ပြုပွဲနှင့် ပတ်သက်၍ မြင်းခွာရွှာစား၏ ရတုတွင် "ပေါက်လဲပွင့်လှိုင်၊ လနှင့်ပြိုင်က၊ ဘုန်းခိုင်မြတ်ဖျား၊ ကိုယ်တော်စားဟု၊ သုံးပါးရတနာ၊ မြတ်ရာရာဝယ်၊ သဒ္ဓါကြည်လင်၊ ပျော်မြူးရွှင်လျက်၊ သဘင်မီးပုံ၊ တပြုံးပြုံးသည်၊ ပြည်လုံးညွတ်တော့မည်ဘုရား" ဟု ဖွဲ့ဆိုထားပေသည်။ ယခုအခါ နံ့သာထင်းများ ရှားပါးလာသည့်အတွက် မီးကုသိုလ်ပြုပွဲ (မီးဖုန်းပွဲ) ပြုလုပ်သည့် အလေ့အထမှာ တစ်စတစ်စ ပျောက်ကွယ်လုနီးပါးဖြစ်လာပြီး မီးဖုန်းပွဲအစား ထမနဲပွဲကိုသာ ကျင်းပခဲ့ကြသည်။

မျက်မှောက်ခေတ်တွင် ထင်ရှားသော ရာသီပွဲမှာ ထမနဲပွဲသာဖြစ်ပေသည်။ မြန်မာ့ရိုးရာ ထမနဲသည် ကောင်းညှင်းနှင့် စီမံပြုလုပ်သော မြန်မာတို့၏ ချိုဆိမ့်မွှေးသည့် စားစရာတစ်မျိုးဖြစ်သည်။ ကောက်ညှင်းထမင်းကို ကော်များ၊ ပတ်စာများ လုပ်သကဲ့သို့ ထပ်ပြန်တလဲလဲ မွှေ၍ နယ်ရသောကြောင့် ထမနဲဟု ခေါ်ဆိုသည်။ ထမနဲကို အရပ်ဒေသလိုက်၍ ယာဂုဟုလည်း ခေါ်သည်။ မြန်မာလို ဆန်ပြုတ်ဟု အဓိပ္ပာယ်ရသည်။ ကောက်ညှင်း၊ အုန်းသီး၊ မြေပဲ၊ ချင်း၊ နှမ်းဆီနှင့် နှမ်းနိုင်နိုင် ထည့်ရသောကြောင့် နှမ်းမနဲဟုလည်း ခေါ်ကြသည်။

မြန်မာနိုင်ငံအနှံ့အပြား ကျေးလက်တောရွာများအထိ ထမနဲပွဲများ ကျင်းပကြသည်။ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ထမနဲပွဲများ ပြုလုပ်ခဲ့ရာ အစောဆုံးတွေ့ရသော ထမနဲပွဲမှာ ညောင်ရမ်းခေတ်နှောင်းပိုင်း (ဒုတိယအင်းဝခေတ်) တွင် ပြုလုပ်ခဲ့ကြောင်း စာဆိုတော်များက "တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ၊ ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ" ဟု စပ်ဆိုခဲ့ကြသည်။

မြန်မာ့ရိုးရာ ထမနဲပွဲသည် စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတဖြစ်သလို ထိုးသောထမနဲပွဲ၏ အရသာကောင်းခြင်းသည်လည်း စည်းလုံးညီညွတ်ခြင်း၏ အောင်မြင်မှု ပြယုဂ်တစ်ခုဖြစ်သည်ဟု ရှေးလူကြီးများ ဆိုစကားရှိခဲ့သည်။ တပို့တွဲလတွင် မြန်မာ့ရိုးရာထမနဲကို မွှန်မွှန်မြတ်မြတ် စုပေါင်းပြုလုပ်ပြီး သံဃာတော်များအား ဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာ ကုသိုလ်အဖြစ် ကျွေးမွေးခြင်းတို့မှာ ရှေးမြန်မာလက်ထက်မှသည် ယနေ့ခေတ်အထိ အစဉ်အဆက် ပြုလုပ်လာခဲ့သည့် ကြည်နူးဖွယ် ဓလေ့တစ်ခုဖြစ်သည်။

**ရာသီကိုက်ဓာတ်စာ**

တပို့တွဲလရောက်လျှင် မိသားစုလိုက်၊ ရပ်ကွက်/ကျေးရွာအလိုက် စုပေါင်းထမနဲထိုးပွဲများ ပြုလုပ်လေ့ရှိကြသည်။ ထမနဲထိုးရာတွင် အားကောင်းမောင်းသန် ယောကျ်ားများ ချွေးပြိုက်ပြိုက်ကျအောင် စည်းလုံးညီညွတ် ပျော်ရွှင်စွာထိုးကြရသဖြင့် အချင်းချင်း စည်းလုံးချစ်ခင်မှုနှင့်အတူ အေးမြသောရာသီကို အန်တုယှဉ်ပြိုင်ကာ ထိုးကြရသဖြင့် ကျန်းမာရေးအတွက်လည်း ကောင်းမွန်လှပေသည်။ တပို့တွဲလသည် အဆီခန်းခြောက်ချိန်ဖြစ်သည့်အတွက် ထိုလတွင် ဆီနိုင်သော အပူစာထမနဲကို သုံးဆောင်လျှင် အသားအရေစိုပြည်၍ အပူဓာတ်ရလာနိုင်သည်ဟု ရာသီကိုက်ဓာတ်စာဖြစ်ကြောင်း ဆေးကျမ်းများတွင် ရေးသားထားပါသည်။

ယခုအခါ ရာသီတပို့တွဲရောက်ရှိလာပြီ ဖြစ်သည့်အတွက် မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် ရိုးရာထမနဲနှင့်ပတ်သက်၍ လှုပ်ရှားမှုများကိုလည်း နှစ်သက်ဖွယ် တွေ့မြင်နေရပါသည်။ အလှူရှင်တစ်ဦးချင်းက မတည်ထမနဲထိုးကြသလို အသင်းအဖွဲ့များဖြင့်လည်း စုပေါင်းပြုလုပ်ကြသည်။ လပြည့်ရက်မတိုင်မီ လဆန်းရက်များကပင် ထမနဲထိုးကြ၊ လှူဒါန်းကြဖြင့် ချစ်စဖွယ် မြန်မာဓလေ့မှာ ပေါ်လွင်လှသည်။


တပို့တွဲလ၏ ထူးမြတ်ချက်မှာ မီးပုံပွဲ(မီးဖုန်းပွဲ)နှင့် ထမနဲပွဲတော် ကျင်းပခြင်းပင်ဖြစ်သည်။ ထိုပွဲတော်နှစ်ရပ်လုံးသည် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်စူးရည်မှန်းကာ ပူဇော်သော အလှူပွဲများဖြစ်ရာ တပို့တွဲလအခါသမယသည် မြန်မာလူမျိုးတို့၏ ရိုးရာပွဲတော်များနှင့်အတူ ပျော်ရွှင်ကြည်နူးစရာ လတစ်လပင် ဖြစ်ပေတော့သည်။

ဆိုရပါလျှင် မြန်မာ့ရိုးရာပွဲတော်များကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ဆင်နွှဲနေကြသည်မှာ ကြည်နူးဖွယ်ရာ ကောင်းလှသလို မြန်မာ့သဘာဝ၊ မြန်မာ့အလှနှင့် တစ်ဆယ့်နှစ်လရာသီ၏ မြန်မာ့ပုံရိပ်ပန်းချီကားများက ဆေးခြယ်သလို မကုန်နိုင်ပေ။ ။



**"အထက်အညာဒေသတွင် နံနက်အရုဏ်မတက်ခင်ကတည်းက ဘုရားတွင် သနပ်ခါးမီး၊ နံ့သာမီးများဖြင့် ပူဇော်မှုပြုလုပ်ကြသည်။ မီးမပူဇော်မီ သစ်သီး၊ မုန့် စသည့် လှူဖွယ်များကိုလည်း ဆက်ကပ်လှူဒါန်းကြပါသည်။ စာရေးသူတို့ဒေသတွင် တပို့တွဲလဆန်းလာလျှင် တောထဲသို့သွား၍ သနပ်ခါးထင်းများခုတ်ကာ နေပူလှန်းထားကြသည်။ တပို့တွဲလပြည့်ရောက်သောအခါ ခြောက်နေပြီဖြစ်သော နံ့သာထင်းများကို ဘုရားရှေ့တွင် စနစ်တကျစုပုံကာ မီးပူဇော်ကြသည်။ ဘုရားစေတီရှေ့တွင်သာမက သံဃာတော်များ၊ သက်ကြီးရွယ်အိုများအား နံ့သာထင်းဟုခေါ်သော သနပ်ခါးထင်းဖြင့် မီးအိုးကင်းလှူကြ"**

ဝတ္ထုတို




## မင်းမော်နောင်ထိုက်(သဘာဝ)

ဦးနိုင်မြင့်ကို တစ်ရွာလုံးက လေးစားကြသည်။ အလှူအတန်းရက်ရောသောကြောင့်လည်း ချစ်ကြခင်ကြသည်။ ကျောင်း၊ ကန်၊ ဘုရားများအတွက် လိုအပ်သော လှူဒါန်းမှုများတွင်လည်း ဦးနိုင်မြင့် ထိပ်ဆုံးကပါသည်။ ရပ်ရွာဖွံ့ဖြိုးရေးအတွက်ဆိုလည်း ဦးနိုင်မြင့်ပါသည်။ ရပ်ရွာ ကျန်းမာရေးအတွက်ဆိုလည်း ဦးနိုင်မြင့်ပါသည်။ ရပ်ရွာ စာသင်ကျောင်းအတွက်ဆိုလည်း ဦးနိုင်မြင့်ပါသည်။ ဦးနိုင်မြင့်သည် ရပ်ရွာအတွက် လိုအပ်သည့် မည်သည့်နေရာမဆို ငွေအားဖြင့် ကူညီသည်။ ထို့ကြောင့် တစ်ရွာလုံးက ရိုသေလေးစားချစ်ခင်ကြသည်။

လယ်ယာလုပ်ငန်း၊ ပွဲရုံလုပ်ငန်းများကြောင့် ဦးနိုင်မြင့်စီးပွားရေးသည် အလွန်ကောင်းသည်။ ထို့အပြင် ကုန်ကား၊ ခရီးသည်ကားများ၊ ထော်လာဂျီကအစ သယ်ယူပို့ဆောင်ရေးလုပ်သည်။ လုပ်ငန်းလည်းကောင်း ဆက်ဆံရေးလည်းကောင်းသောကြောင့် စီးပွားရေးမှာပြောစရာမလိုလောက်အောင် ကောင်းသည်။ ထို့ကြောင့် ဦးနိုင်မြင့်သည် တစ်ရွာလုံး၏ ချမ်းသာသူစာရင်းဝင် သူဌေးတစ်ဦးဖြစ်သည်။ ချမ်းသာသောကြောင့် လှူနိုင်၊ ပေးနိုင်၊ ကမ်းနိုင်သည်။ ကမ္ဘာ့ကပ်ရောဂါဖြစ်သော ကိုဗစ်ရောဂါကြောင့် အလုပ်အကိုင်များ ရပ်နားထားကြရသည်။ ဤကဲ့သို့ကာလတွင်လည်း ဦးနိုင်မြင့် မိမိရပ်ရွာအတွက် ကူညီပေးပါသည်။ ရပ်ရွာအတွက် ပိုးသတ်ဆေးဖျန်းခြင်းအတွက် လိုအပ်သော ငွေကြေးထောက်ပံ့သလို လိုအပ်သော အကာအကွယ်ပစ္စည်းများအတွက်လည်း လှူဒါန်းသည်။

တစ်နေ့ရွာထဲမှ အနံ့မရသော လူအချို့ဆေးစစ်ကြည့်ရာတွင် ကိုဗစ်ပိုးရှိသည်ဟု အဖြေထွက်ပေါ်လာသည်။ တစ်ရွာလုံးလည်း စိုးရိမ်ပူပန်လာကြသည်။ တစ်ဆင့်တစ်ဆင့် အနံ့မရသူများက များလာသည်။ ထို့ကြောင့် ရွာသူ၊ ရွာသားများ မိမိအိမ်မှာပင်နေကြရန်၊ အကြောင်းမရှိဘဲ အပြင်မထွက်ရန်၊ ဈေးဝယ်ရာတွင်လည်း တစ်ဦးတည်းကပင် ပြီးပြည့်စုံအောင် တစ်ခါတည်းဝယ်ခဲ့ရန် စည်းကမ်းချက်များ ချမှတ်လိုက်သည်။ ထိုအချိန်မှစ၍ အကြောင်းမရှိဘဲ တစ်အိမ်မှတစ်အိမ်သွားခြင်းကို မလိုလားကြတော့ပေ။ သံသယများဖြင့် တစ်ယောက်အိမ်တစ်ယောက်လာခြင်းကိုပင် မကြည်ဖြူကြတော့ပေ။ ဦးနိုင်မြင့်လည်း အကြောင်းမရှိဘဲ မိမိအိမ်ကိုမလာရန် အိမ်ရှေ့ဝင်းတံခါးပေါက်တွင် စာကပ်ထားသည်။

ဒေါ်သိန်းမေသည် ဦးနိုင်မြင့်၏ အဒေါ်ဖြစ်သည်။ ဦးနိုင်မြင့်၏ ကပ်လျက်အိမ်တွင်နေသည်။ အသက် ၆၅ နှစ်ကျော်ရှိသော ဒေါ်သိန်းမေမှာ အိမ်အိုကြီးတစ်လုံးနှင့် တစ်ကိုယ်တည်းနေရသည်။ လင်ယောကျ်ားဖြစ်သူမှာ အိမ်ထောင်သက်တမ်း ရှစ်နှစ်လောက်နှင့် ကွယ်လွန်ခဲ့ရရှာသည်။ သားသမီးကလည်း မထွန်းကားခဲ့ရှာ။ ထို့ကြောင့် မုဆိုးမဘဝနှင့် တစ်ယောက်ထဲနေရသည်။ ဆင်းရဲလွန်းသည်။ မိဘအမွေ၊ ယောကျ်ားထားခဲ့သော စည်းစိမ်လေးများကို ထုခွဲရောင်းချပြီး စားသောက်ခဲ့ရသည်။ ယခုဆိုလျှင် ရောင်းစရာဆို၍ သစ်သားပျဉ်ထောင် အိမ်အိုကြီးတစ်လုံးသာ ရှိတော့သည်။ ဤအိမ်ကိုတော့ မည်သို့ပင်ခက်ခဲပါစေ ဒေါ်သိန်းမေ ရောင်းမည်မဟုတ်။ မိဘအမွေလည်းဖြစ်၊ ယောကျ်ားဖြစ်သူ၏ အငွေ့အသက်များကို မမေ့နိုင်၍လည်း ဤအိမ်အိုကြီးကို မစွန့်ခွာနိုင်။

ယခုလို ခက်ခဲသောကာလတွင် ဒေါ်သိန်းမေအတွက် အားကိုးစရာဟူ၍ ပြေးကြည့်မှ တူတော်မောင်ဦးနိုင်မြင့် တစ်ယောက်သာရှိသည်။ အတော်အတန်ကိစ္စမျိုးဆို ဒေါ်သိန်းမေ တူဖြစ်သူထံ အကူအညီမတောင်းလို။ ယခုတွင်မူ စားစရာထမင်းချက်ဖို့ကို ဆန်မရှိတော့ပေ။ အကူအညီတောင်းမှဖြစ်မည်။ ထို့ကြောင့် တူဖြစ်သူဦးနိုင်မြင့်ထံ အကူအညီတောင်းရတော့သည်။

"ဟဲ့ ငနိုင်တို့ ဘယ်သွားကြတုန်း ငါ့ကို အပေါက်ဖွင့်ပေးပါဦး"

ဒေါ်သိန်းမေသည် သူ့တူ ဦးနိုင်မြင့်ကို ငနိုင်ဟုခေါ်သည်။ ဦးနိုင်မြင့် ငယ်စဉ်ကပင် ဒေါ်သိန်းမေ ထိန်းကျောင်းခဲ့ရသည်။

"ဟဲ့ မိမိလေး သွားကြည့်စမ်း ဘာလုပ်ချင်လို့လဲမေးခဲ့ သွား သွား နှာခေါင်းစည်းတပ်သွား"

ဦးနိုင်မြင့် တူမဖြစ်သူ မိမိလေးကို အမေးခိုင်းသည်။ကိုယ်တိုင်မသွားလို။

"အဘွား ဘာလုပ်မလို့လဲတဲ့ ဦးကြီးက မေးခိုင်းလို့"

"အော် ငါ့တူမရယ် အဘွား ဆန်မရှိလို့ လာတောင်းတာလို့ ပြောလိုက်ပါကွယ်"

"ဟုတ်ကဲ့ ပြောလိုက်မယ် အဘွား"

မိမိလေးလည်း ဦးကြီးဖြစ်သူကို ပြောလိုက်သည်။ ဦးနိုင်မြင့်လည်း လိုသောဆန်ကို ပေးလိုက်သည်။

"ကဲ မိမိလေး ဆန်ရှစ်ပြည် ထည့်ပေးလိုက် ပြီးတော့နောက်မလာနဲ့လို့ ပြောလိုက်။ ဒီလိုကာလကြီး ဘယ်မှမသွားနဲ့ မှာလိုက်" မိမိလေးလည်း ပြောခိုင်းသည့်အတိုင်းပြော၍ ပေးလိုက်သည်။ ဒေါ်သိန်းမေမှာတော့ ဆန်ရှစ်ပြည်ကို ခေါင်းလေးပေါ်ရွက်ကာ ယိုင်နဲ့နဲ့နှင့်ပင် အိမ်ပြန်ခဲ့သည်။ ခြောက်ရက်ခန့်ကြာပြီးနောက် ဒေါ်သိန်းမေ အဖျားဝင်လာသည်။ စားဖို့အတွက် မပူပင်ရတော့ပေမယ့် ဆေးဖိုးဝါးခမရှိပေ။ ရှိပြန်ရင်လည်း ဝယ်ယူဖို့ မလွယ်ကူရှာ။ ထို့ကြောင့် အဖျားမကြီးခင် ဆေးအရင်ဦးနိုင်မှ သက်သာမည်။ တူတော်မောင့်ထံ သွားရပြန်သည်။ တူတော်မောင်က မလာရန်ပြောသော်လည်း အဖျားဒဏ်ကို မခံစားလို၍ သွားရသည်။

"ဟဲ့ ငနိုင် ငါ့ကို အပေါက်ဖွင့်ပေးပါဦး"

ဦးနိုင်မြင့်ကြားသည်။ မိမိက မလာရန် ပြောထားသော်လည်း လာသောအဒေါ်ဖြစ်သူကို ဒေါသဖြစ်မိသည်။ ထို့ကြောင့် နှာခေါင်းစည်းတပ်ကာ မိမိကိုယ်တိုင် သွားတွေ့သည်။

" ဒေါ်ကြီး ခင်ဗျားကိုမလာပါနဲ့လို့ ပြောထားတာကို လာသေးတယ်ဗျာ"

"ငါ့တူရယ် မလာလို့မဖြစ်လို့ လာရတာပါကွယ်"

"ဘာများအရေးကြီးလို့လဲ ဟိုတစ်ခါ ပေးထားတဲ့ဆန်ရှစ်ပြည်ကုန်သွားလို့လား"

"မကုန်ပါဘူး ငါ့တူရယ်၊ ဒေါ်ကြီးကို အိမ်ထဲ ဝင်ခိုင်းပါဦး။ အပေါက်ဝမှာ ရပ်နေရတာ မကောင်းပါဘူးကွယ်"

"ဟ မကောင်းရင် မလာနဲ့ပေါ့ဗျာ။ ကြည့်ဦး နှာခေါင်းစည်းကလည်းမပါဘူး။ ဟာ ခင်ဗျား ဘာမှနားမလည်တာလား ရောဂါတွေ ဒီလောက်ကူးနေကြတာကို သွားသွားပြန်တော့"

"အေးပါကွယ် အိမ်ထဲမဝင်နဲ့ဆို မဝင်တော့ပါဘူးကွယ်။ ဒေါ်ကြီးဖျားနေလို့ ဆေးလေးရှိရင်ပေးပါကွယ်"

ဦးနိုင်မြင့် အဖျားပျောက်ဆေးရှိသည်။ အဖျားပျောက်ဆေးမှမဟုတ် ဆေးမျိုးစုံကြိုတင်ဝယ်ယူထားတာ အစုံရှိသည်။ သို့သော် အိမ်ထဲသို့ပြန်ယူရမှာ မလိုလား။ အရေးမကြီးဘူးဟုမှတ်သည်။

"ဘာဗျ ဖျားနေတာ ဟုတ်လား။ ဖျားမှာပေါ့ အသက်ကဖြင့်ကြီးပြီ ကျန်းမာရေး ဂရုစိုက်ပေါ့"

အသံမာမာနှင့် အဒေါ်ဖြစ်သူကိုပင် အပြစ်တင်ပြောဆိုနေသည်။ ပုံမှန်အချိန်ဆို ယခုလိုပြောမည်မဟုတ်။ ဆေးလည်း ယူပေးချင်ပေးလိမ့်မည်။ ကိုဗစ်ကာလဖြစ်၍ ဦးနိုင်မြင့် စိုးရိမ်စိတ်များ၊ သံသယစိတ်များဖြင့် ပြောမိသည်။

"ရော့ ရော့ ငါးထောင်ယူသွား ကိုယ့်ဘာသာ ဆေးဝယ်ဝယ် ဘာဝယ်ဝယ် ကြိုက်တာလုပ်သွားသွား"

ဦးနိုင်မြင့်လည်း အိတ်ကပ်ထဲမှ ငါးထောင်တန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။

"ငါ့တူရယ် ဒေါ်ကြီးကို ဆေးလေး တစ်ခွက်စာ နှစ်ခွက်စာလောက်ပေးရင် ရပါပြီကွယ် ဆေးပဲပေးပါကွယ်"

"ဟာ ငါးထောင်ပေးထားတာပဲဗျာ ဆေးကြိုက်သလောက်ဝယ် ရနေတာပဲ သွား သွား"

ငါးထောင်တန်လေးကို အိမ်ပြင်တံခါးဝ၌ ပစ်ပြီးပေးလိုက်သည်။

"ငါ့တူရယ် ဒေါ်ကြီး ဆေးဆိုင်မသွားနိုင်လို့ပါကွယ်"

ဦးနိုင်မြင့် နောက်သို့လှည့်မကြည့်။ နှာခေါင်းစည်းကိုချွတ်ကာ အမှိုက်ပုံးထဲထည့်လိုက်သည်။ ထို့နောက် ရေစင်ကိုသွားကာ ဆပ်ပြာနှင့် လက်ကိုသေချာဆေးတော့သည်။ ဒေါ်သိန်းမေလည်း မတတ်သာသည့်အဆုံး တူဖြစ်သူပေးသော ငါးထောင်တန်လေးကို ကောက်ယူကာ အိမ်ပြန်ခဲ့ရှာသည်။

ရက်အနည်းငယ်အကြာ ဒေါ်သိန်းမေ ဆုံးပြီဟူသောသတင်း ကြားရသည်။ တစ်ယောက်တစ်ပေါက် ပြောကြသည်။ ကိုဗစ်ကြောင့်ဟု ပြောသူပြော။ အာဟာရပြတ်၍ သေသည်ပြောသူပြောကြနှင့်ပင်။ ထိုသတင်းကို ဦးနိုင်မြင့်ကြားသောအခါ စိုးရိမ်စိတ်ပို၍ ဝင်လာသည်။ သံသယစိတ် ပိုဝင်လာသည်။

"ဒေါ်ကြီးသေတာ အကြောင်းမဆန်းဘူး။ ကိုဗစ်နဲ့ဆို ငါ့ကိုများ ကူးနေပါဦးမယ်။ မသေခင်တစ်ရက်နှစ်ရက်က ဖျားလို့ဆိုပြီး အိမ်ရှေ့လာသေးတာ အဲဒါကိုဗစ်နေမှာပါ "

ထိုသို့စိုးရိမ်စိတ်များဖြင့် သောကရောက်နေသည်။ ရပ်ရွာတာဝန်ရှိသူများက ဒေါ်သိန်းမေ၏အလောင်းကို မြေချရန်ပြင်ဆင်ကြသည်။ အိမ်အိုကြီးထဲတွင် လေးဘက်ခုတင်ယိုင်နဲ့နဲ့လေးပေါ် ဒေါ်သိန်းမေတစ်ယောက် ခွေခွေလေး အိပ်နေသည့်အလား။ ချမ်းလွန်း၍ ခွေနေသည့်ပုံပေါ်သည်။ စောင်အဟောင်းလေးတစ်ထည်ခြုံ၍ ခွေနေရှာသည်။ တာဝန်ရှိသူများက မြေမြှုပ်ရန်ပြင်ဆင်ရာဝယ် ဒေါ်သိန်းမေ၏ လက်ထဲတွင် တင်းကျပ်စွာဆုပ်ကိုင်ထားသော ငါးထောင်တန်လေးတစ်ရွက်ကို တွေ့ရသည်။ ထိုသို့ဖြင့် ဒေါ်သိန်းမေအား ငါးထောင်တန်လေးနှင့်အတူ မြေမြှုပ်လိုက်တော့သည်။ အိမ်အိုကြီးမှာတော့ ပိုင်ရှင်မဲ့ ခြောက်ကပ်ကပ်နှင့်။

ရက်သတ္တပတ်ကြာသော် တစ်ရွာလုံး ပိုးမရှိကြ။ ရာသီတုပ်ကွေးသာဖြစ်ကြောင်း သိရသည်။ ရာသီတုပ်ကွေးဖြစ်နေချိန်တွင် ကိုဗစ်ပိုးစစ်လျှင် ကိုဗစ်ပိုးတွေ့ရသည်ဟု သိရသည်။ ထိုအကြောင်းကိုသိ၍ ဒေါ်သိန်းမေသေဆုံးခြင်းဟာ ရိုးရိုးအဖျားကြီး တုပ်ကွေးကြောင့်ဟု အသေအချာသိလိုက်သည်။ တစ်ရွာလုံး ပုံမှန်အတိုင်း လှုပ်ရှားနေချိန် ဦးနိုင်မြင့် တစ်ယောက် တွေတွေကြီးနှင့်ဘယ်မှ မထွက်နိုင်။

ထိုနေ့က သူသာဆေးပေးခဲ့လျှင် အဒေါ်ဖြစ်သူ သေချင်မှသေမည်။ ယခုတော့စိုးရိမ်လွန်း၍ အဒေါ်ဖြစ်သူ သေရှာပြီ။

ထိုသို့ ပြန်တွေးရင်းတွေးရင်း ငယ်စဉ်က မိမိကျောင်းစရိတ်ကို ဒေါ်သိန်းမေ ထောက်ပံ့ပေးခဲ့ပုံ၊ မိဘများက စက်ဘီးဝယ်မပေးနိုင်၍ ဒေါ်သိန်းမေမှ ဝယ်ပေးခဲ့ပုံ။ ထိုစဉ်က ဒေါ်သိန်းမေသည် အလွန်ချမ်းသာခဲ့သည်။ ဦးနိုင်မြင့်တို့မိသားစုမှာ ဆင်းရဲလှ၏။ ဒေါ်သိန်းမေမှာ အစ်ကိုဖြစ်သူ ဦးနိုင်မြင့်၏အဖေကို လယ်ယာများ စိုက်ပျိုးယူရန်ပေးသည်။ ထိုမှတစ်ဆင့် စီးပွားတက်လာခဲ့သည်။ ဒေါ်သိန်းမေလင်ယောကျ်ား ကွယ်လွန်မှ စီးပွားကျခဲ့ရှာသည်။ အစ်ကိုဖြစ်သူက လုပ်ကိုင်ပေး၍ အဆင်ပြေသော်လည်း အစ်ကိုပါ ကွယ်လွန်သွားသောအခါ မိမိပိုင်ဆိုင်သမျှကို ထုခွဲရောင်းချရင်း အိမ်အိုကြီးတစ်လုံးသာ ကျန်ခဲ့ရသည်အထိပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဒေါ်သိန်းမေ၏ကျေးဇူးများသည် ဦးနိုင်မြင့်အပေါ်မှာရှိပေသည်။ ဦးနိုင်မြင့်၏ ကျေးဇူးရှင်ထဲတွင် ဒေါ်သိန်းမေ ထိပ်ဆုံးကပါသည်။

ဦးနိုင်မြင့်တစ်ယောက် အတွေးများဖြင့် နောင်တတစ်ခုကိုရလိုက်ပေသည်။ သို့သော် ထိုနောင်တသည် ပြန်ပြင်၍ မရနိုင်တော့ပေ။

"ဪ ... ငါ ကျေးဇူးရှင်ကို ဆန်ရှစ်ပြည်၊ ငွေငါးထောင်နဲ့ ကျေးဇူးဆပ်လိုက်ရတာပါလား"

ဦးနိုင်မြင့် ယူကျုံးမရဖြစ်နေသည်။ ဘုရား၊ ကျောင်းကန်၊ ရပ်ရေး၊ ရွာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊ ကျေးရွာပညာရေးအတွက်ပါ ပါဝင်ကူညီပေးခဲ့သော လူရိုသေရှင်ရိုသေ ဦးနိုင်မြင့်တစ်ယောက် ကျေးဇူးရှင်အဒေါ်ဖြစ်သူကိုမူ ဆန်ရှစ်ပြည်နှင့် ငွေငါးထောင်သာ ကျေးဇူးဆပ်လိုက်ရသည်။ ။

**ဒေါ်သိန်းမေသည် ဦးနိုင်မြင့်၏အဒေါ်ဖြစ်သည်။ ဦးနိုင်မြင့်၏ ကပ်လျက်အိမ်တွင်နေသည်။ အသက် ၆၅ နှစ်ကျော်ရှိသော ဒေါ်သိန်းမေမှာ အိမ်အိုကြီးတစ်လုံးနှင့် တစ်ကိုယ်တည်းနေရသည်။ လင်ယောကျ်ားဖြစ်သူမှာ အိမ်ထောင်သက်တမ်းရှစ်နှစ်လောက်နှင့် ကွယ်လွန်ခဲ့ရရှာသည်။ သားသမီးကလည်း မထွန်းကားခဲ့ရှာ။ ထို့ကြောင့် မုဆိုးမဘဝနှင့် တစ်ယောက်ထဲနေရသည်။ ဆင်းရဲလွန်းသည်။ မိဘအမွေ၊ ယောကျ်ားထားခဲ့သော စည်းစိမ်လေးများကို ထုခွဲရောင်းချပြီး စားသောက်ခဲ့ရသည်။ ယခုဆိုလျှင်ရောင်းစရာဆို၍ သစ်သားပျဉ်ထောင်အိမ်အိုကြီးတစ်လုံးသာ ရှိတော့သည်။**

## ပျိုမေတို့ရဲ့ပန်းဥယျာဉ်

ပန်းကလေးတွေ ရောင်စုံဖြာ
လှပ လွန်သာယာ။
နံနက် ချိန်ခါ လေပြည်ညင်း
မွှေးရနံ့တွေသင်း။
ရေတွင်းဘေးက ပန်းမျိုးစုံ
ခူးလို့ဘယ်မကုန်။
ဖူးငုံပွင့်တွေ ရောင်စုံလွှမ်း
မြင်သူစိတ်ရွှင်လန်း။
အသွင်ဆန်းတဲ့ သစ်ခွရယ်
ပျိုတိုင်းချစ်ကြတယ်။
စံပယ်ရုံက ဖြူဖြူဖွေး
နှင်းဆီနီစွေးစွေး။
ပန်းဥယျာဉ်လေး စိမ်းစိုစို
ဆည်းဆာနေညိုညို။
ပျိုပျိုမေက ရေတွေလောင်း
ဖူးငုံပွင့်တွေ ဝေစေကြောင်း
ဝယ်သူလာတော့
ခူးဆွတ်ရောင်း။ ။

မိုးခန့်ကျော်(မြစ်သား)

## ဂိမှာန်နွေဦး အလှထူး

နှင်းပျောက်ပါတဲ့ သည်ချိန်ခါ
မုတ်သုံတောင်လေလာ။
ရွက်ဟောင်းကြွေကာ ရွက်နုသစ်
ဂိမှာန်ကိုဖွင့်လှစ်။
တေးဆိုဟစ်လို့ နွေကိုကြို
ဥသြငှက်ငယ်ပျို။
အလွမ်းမူပို မြည်သံပေး
နွေဦးသံစဉ်တေး။
ချောင်းရိုးနံဘေး ပင်ယံဆီ
လက်ပံရဲရဲနီ။
ဖူးပွင့်ဝေစည် လှနိုင်အား
နွေဦးပန်းချီကား။
သဒ္ဒါတရား လွန်ထက်သန်
လှူပွဲခြိမ့်ခြိမ့်ညံ။
သာစွပြည်မြန် အလှထူး
ဂိမှာန်ခါနွေဦး။ ။

သာကီနွယ်(ညောင်ရမ်း)

ဆောင်းပါး

# ကလေးလူငယ်များနှင့် လွတ်လပ်စွာကစားခွင့်

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

ကျွန်တော် ကျောင်းဝင်းထဲအရောက်တွင် ကျောင်းစုဝေးကွင်း၌ ဆရာမတစ်ဦးက ဆုံးမစကား ပြောနေသည့်အသံကို ကြားလိုက်ရသည်။ ဆိုင်ကယ်ကိုရပ်ကာ ရှစ်တန်းကျောင်းသားများ အနီးတွင် ဆရာမ၏စကားကို နားထောင်နေလိုက်မိသည်။ "ကျောင်းရှေ့မှာ ဘောလုံးမကန်ရဘူး။ မလိုလား အပ်တဲ့ပြဿနာတွေ လိုက်မရှင်းချင်ဘူး။ အားလုံး ကြားလား"တဲ့။ ဆရာမ၏ မလိုလားအပ်တဲ့ ပြဿနာ ဆိုတာကို ကျွန်တော်စဉ်းစားနေစဉ်"ကျောင်းနောက်က ဘောလုံးကွင်းမှာကော ကန်လို့ရလား ဆရာမ" ဟူသော ရှစ်တန်းကျောင်းသားတစ်ဦး၏ အမေးစကားကြောင့် ကျွန်တော့်၏ အတွေးစပျက်ကာ ဆရာမ၏ အဖြေကိုဆက်လက်နားစွင့်လိုက်မိသည်။ "မကန်ရဘူး။ ကန်ချင်ရင် ကျောင်းပိတ်ရက် အိမ်မှာ ကြိုက်သလိုကန်ကြ။ ကျောင်းမှာဘယ်သူမှဘောလုံး မကန်ရဘူး" ဆရာမ၏ အဆုံးသတ်စကားကြောင့် ကျောင်းသားအများစု မျက်နှာပျက်သွားကြသည်ကို တွေ့လိုက်ရသည်။

ယောကျ်ားလေး ကျောင်းသားများ၏ အနှစ်သက်ဆုံးကစားနည်းမှာ ဘောလုံးကန်ခြင်းဖြစ်သည်။ အဘယ်ကြောင့် ဘောလုံးမကစားရသနည်း။ ကျောင်းရှေ့တွင် ကစားခြင်းသည် တခြားသော ကျောင်းသားငယ်များကို ထိခိုက်မိခြင်း၊ ပြတင်းပေါက်မှန်စသည်တို့ ထိခိုက်ပျက်စီးတတ်သောကြောင့် ဘောလုံးမကန်သင့်သည်မှာ နည်းလမ်းကျသည်ဟု ကျွန်တော်ထင်သည်။ သို့သော် ဘောလုံးကွင်းတွင် အဘယ်ကြောင့် မကစားရသည်ကိုတော့ ကျွန်တော် နားမလည်သည်မှာ အမှန်ပင်ဖြစ်သည်။ ကျွန်တော့်၏ စာသင်ချိန်သို့ ရောက်သောအခါ ရှစ်တန်းကျောင်းသားများက ဘောလုံးကွင်းတွင် ဘောလုံးကန်လိုကြောင်း၊ ပြဿနာမဖြစ်အောင် ကန်ကြမည်ဖြစ်ကြောင်း စသည်ဖြင့် ကျွန်တော့်ကို ပြောလာကြတော့သည်။ ထိုအခါကျွန်တော်က ဆရာမနှင့်ညှိနှိုင်းပေးမည်ဖြစ်ကြောင်းနှင့် ကန်ခွင့်ရပါက ဆရာတောင်းသောကတိကို ပေးရမည်ဖြစ်ကြောင်း၊ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောသောအခါ အားလုံးက သဘောတူလက်ခံခဲ့ကြသည်။

ထို့ကြောင့် ဆရာ ဆရာမများ အစည်းအဝေးတွင် ကျောင်းသားများဘောလုံးကန်ခွင့်ရဖို့ ဆရာမကြီးကို အကျိုးအကြောင်းခိုင်လုံစွာ ကျွန်တော်တင်ပြခဲ့သည်။ ထို့နောက် ဘောလုံးကန်ချင်ကြသည့် ကျောင်းသားများကိုလည်း ဆရာမများရှေ့တွင် "သားတို့က အတန်းအားလုံးမှာ အသက်အကြီးဆုံးဖြစ်တယ်၊ ဘောလုံးကစားတဲ့အခါ တခြားကလေးတွေကို ထိခိုက်မှုရှိလာနိုင်တယ်၊ ကျောင်းရဲ့ ပြတင်းပေါက်မှန်တွေ ထိခိုက်နိုင်တယ်၊ အချင်းချင်း ရန်ဖြစ်မှုတွေ မဖြစ်အောင် သားတို့ ဘယ်လိုတာဝန်ယူဖြေရှင်းကြမလဲ"ဟု ကျွန်တော်မေးလိုက်သည်။

ကျွန်တော့်၏ မေးခွန်းကို ရှစ်တန်းမှ အတန်းခေါင်းဆောင် ကျောင်းသားက ပြန်လည်ဖြေဆိုသွားပုံမှာ "သားတို့ မနက်ခင်း ကျောင်းမတက်မီ မကန်ပါဘူး။ အတန်းငယ်တွေ ကစားဖို့ပါ။ နေ့လယ် ထမင်းစားနားချိန်ကန်ပါမယ်။ အချင်းချင်းရန်မဖြစ်အောင် သားက တာဝန်ယူထိန်းသိမ်းပါမယ်။ ပြတင်းပေါက်မှန်တွေအတွက် သားတို့အားလုံး တာဝန်ယူကြပါမယ် ဆရာ"ဟု ကတိတွေပေးလာကြသည်။ အားလုံး၏ သဘောတူညီမှုနှင့်အတူ ဘောလုံးကစားခွင့်ရသွားသောတပည့်များကို ကြည့်ကာ ကျွန်တော်ကြည်နူးမိသည်။

လူငယ်များတွင် လမ်းနှစ်သွယ်ရှိသည်။ ပထမလမ်းသည် မပွင့်ခင်က ကြွေကျသည့်မှူးယစ်ဆေးဝါးလမ်းဖြစ်သည်။ ဒုတိယလမ်းသည် ကျန်းမာသန်စွမ်းစွာ ဖူးပွင့်လာစေမည့် အားကစားလိုက်စားခြင်းဖြစ်သည်။ အားကစားလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော လူငယ်များအဖြစ်နှင့် လှပသောအနာဂတ်ကို ဖန်တီးနိုင်ကြမည်ဖြစ်သည်။

ကလေးများကို ဟိုကစားနည်းဖြင့် မကစားရ၊ သည်ကစားနည်းဖြင့် မကစားရဟု တားမြစ်ပိတ်ပင်နေခြင်းထက် ကစားကြသောအခါ ဖြစ်ပေါ်လာမည့် ကောင်းခြင်း၊ ဆိုးခြင်းများကို မြင်သာအောင် နည်းလမ်းတကျ လမ်းညွှန်ပေးတတ်ဖို့ လိုသည်။ ကလေးငယ်များနှင့် လိုက်ဖက်သော လွတ်လပ်မှုကို နည်းစနစ်ကျစွာ ပေးလိုက်ခြင်းသည် ၎င်းတို့အတွက် များစွာသော အကျိုးသက်ရောက်နိုင်မှုရှိမှာ ဖြစ်သည်။

ကျောင်းသားအရွယ် ကလေးများအတွက် ကြံ့ခိုင်မှုကောင်းဖို့ အထူးလိုအပ်ပါသည်။ ကိုယ်ခံအားစနစ်ကောင်းမွန်မှသာ ကြံ့ခိုင်သော ကျောင်းသားများ ဖြစ်လာကြမည်ဖြစ်သည်။ ကလေးငယ်များကို စာတတ်စေရုံမက ကျန်းမာအောင်၊ စိတ်နေစိတ်ထား ကောင်းအောင် လေကျင့်ပျိုးထောင်ပေးကြရပါမည်။ ထို့ကြောင့် ကစားချိန်၊ နားချိန်၊ လိုအပ်သော အစာအာဟာရ စသည်ဖြင့် ဖြည့်ဆည်းပေးကြရန် လိုအပ်သည်။

ကျွန်တော်သည် ပညာရေးဝန်ထမ်းတစ်ဦးဖြစ်သောကြောင့် ကလေးများစွာနှင့် ထိတွေ့ဆက်ဆံနေရသည်။ ထို့ကြောင့် ကလေးများ၏ စိတ်နေသဘောထား၊ အပြုအမူ၊ ဓလေ့စရိုက်တို့ကို အမြဲပင် လေ့လာဖြစ်သည်။ ကလေးငယ်အများစုသည် သဘာဝအရသည်းခံစိတ် နည်းပါးတတ်ကြသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ကလေးငယ်များ၏ စိတ်နေသဘောထား၊ အပြုအမူများကို အမြဲလေ့လာအကဲခတ်ကြဖို့ လိုအပ်သည်။

ကလေးများ၏ အခြေခံစိတ်ဓာတ်များ မြင့်မားရန်အတွက် ကျွန်တော်တို့အားလုံးတွင် တာဝန်ရှိသည်။ ကလေးများအတွက် မျက်စိ၊ နား၊ ဦးနှောက်များ ရှင်သန်ပြီး စနစ်တကျသုံးတတ်စေရန်၊ ဆုံးဖြတ်ချက်များမှန်ကန်ရန် လမ်းညွှန်ပေးရမည်မှာ ကျွန်တော်တို့၏တာဝန်ဖြစ်သည်။ ကျွန်တော်တို့သည် ကလေးတစ်ဦးချင်းစီ၏ လွတ်လပ်မှုနှင့် အရည်အချင်းများကို လေးစားလိုက်နာပေးရမည်ဖြစ်သည်။

တိုင်းပြည်တစ်ခု၏ အနာဂတ်ကို လေ့လာရန်အတွက် ထိုတိုင်းပြည်တွင်ရှိသော လူငယ်များကို လေ့လာ၍ သိနိုင်သည်။ နိုးကြားတက်ကြွသော လူငယ်များ၊ ကျန်းမာသန်စွမ်းသော လူငယ်များ၊ ပညာရေးကိုစိတ်ဝင်စားသောလူငယ်များ၊ အားကစားကို လိုက်စားသောလူငယ်များရှိသော တိုင်းပြည်၏ အနာဂတ်မှာ ရွှေရောင်တောက်ပနေမည်ဖြစ်သည်။

လူငယ်များသည် ပန်းဖူးပန်းငုံလေးများနှင့်တူသည်။ ပန်းဖူးပန်းငုံများသည် တဖြည်းဖြည်း ပွင့်လန်းလာပါလိမ့်မည်။ မွှေးပျံ့လာပါလိမ့်မည်။ ထို့အတူ လူငယ်များသည်လည်း သူတို့၏ အစွမ်းဖြင့် လောကကို အလှဆင်လာကြမည်ဖြစ်သည်။

အားကစားတွင် မွေ့လျော်သော ကလေးများသည် ကျန်းမာကြံ့ခိုင်သော၊ ပညာဉာဏ်ရည်ထက်မြက်သော လူကြီးများ ဖြစ်လာပါလိမ့်မည်။ ကြိုးစားအားထုတ်လိုစိတ်များ ရှင်သန်လာကြပေလိမ့်သည်။ စည်းလုံးညီညွတ်စွာ ဆောင်ရွက်တတ်လာကြမည်လည်းဖြစ်သည်။ အရှုံးနှင့်ရင်ဆိုင်ရသောအခါ အနိုင်ရအောင် ပြန်လည်ကြိုးစားလိုသောစိတ်များ ဖွံ့ဖြိုးလာကြမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့အားလုံး လူငယ်များကို ယဉ်ကျေးလိမ္မာ၍ စည်းကမ်းပြည့်ဝသော လူငယ်များ ဖြစ်လာနိုင်ရန် လွတ်လပ်စွာ ကစားခွင့်ပေးသင့်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## လက်ပံပွင့်ချိန်

✳ ပင်လက်ပံ ဟိုအထက်
ဆက်ရက်ငှက် သံချိုဝေ၊
နွေဦးမှာ လေရူးဆင့်
ပွင့်လက်ပံကြွေ။
ကြည့်စမ်းပါ့ အိုအဆွေ
နီစွေးစွေး ပွင့်လှာဆင်း၊
ကတ္တီပါ လှကွက်ဖောက်
ပင်အောက်မှာခင်း။

✳ ပွင့်လက်ပံ အကြွေကောက်
ခံတောင်းမောက် ပြည့်လျှံနေ၊
ကျေးလက်ပျို ဖော်တစ်သင်း
ပျော်ခင်းဖွဲ့စေ။
ပွင့်လက်ပံ ဝေ့ဝဲကြွေ
ဤရပ်မြေ စဉ်မြတ်နိုး။
ပွင့်ချပ်လှာ ချွေအကျန်မှာလ
လက်ပံခေါင်း ဟင်းတစ်မယ်ပေါ့
ရိုးရာနွယ် စဉ်စွဲမက်
မြိန်ယှက်စေရိုး။ ။

နှင်းဇာခြည်မြင့်(ရွှေကျွန်းမြေ)

## မြင့်မြတ်သင်းထုံ ပညာဂုဏ်

အနာဂတ်ရဲ့ လင်းလက်ကြယ်
ပြည့်အား တို့မောင်မယ်။
စာပေကိုကွယ် နေ့စဉ်ဖတ်
သုတစုံလင်မှတ်။
စိတ်ဓာတ်မြင့်မား သတိပို
ဆုံးဖြတ်တတ်စေလို့။
ဘဝကိုလေ ပဲ့ကိုင်ထား
စာပေကျေးဇူးတရား။
အသိဉာဏ်တိုးပွား မြတ်ပညာ
ဆည်းပူး လေ့လာပါ။
ကောင်းဆိုးနှစ်ဖြာ ခွဲခြားသိ
တန်ဖိုး ရှိပါဘိ။
မြင့်မြတ်လှသည့် ပညာဂုဏ်
ရနံ့သင်းပျံ့ထုံ။
လောကစံကြို ဖြေရှင်းဖို့
စာပေ ဖတ်ကြစို့။ ။

မင်းဝေအောင်(ရဲကျွန်း)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀၅၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁၀ ဒသမ ၀၃ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၀,၄၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၀၅၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၇၀,၀၆၇)ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၆၂,၃၆၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၉၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၂,၄၀၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၂၇) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှ ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၉-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၂၄) ခု | (၁၂၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၃) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၂) ခု | (၆၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၇) ခု | (၂၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၁၅) ခု | (၂၄၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၇၃၀) ခု | (၄၄၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၄,၄၉၄) ခု | (၂,၁၅၅) ဦး |
| စုစုပေါင်း | (၃၀,၄၀၆) ခု | (၃,၀၅၀) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၀၂၄၅၃၁ | ၅၁၄၁၆၇၄၃ | ၉၅၈၃၀၀ |
| ၂။ | အိန္ဒိယ | ၄၂၈၀၂၅၀၅ | ၄၂၀၃၇၅၃၆ | ၅၁၁၂၆၂ |
| ၃။ | ဘရာဇီး | ၂၈၀၆၄၂၂၄ | ၂၄၈၂၆၄၅၇ | ၆၄၃၁၁၁ |
| ၄။ | ပြင်သစ် | ၂၂၁၅၁၁၈၈ | ၁၈၆၇၂၄၈၃ | ၁၃၆၄၄၆ |
| ၅။ | ဗြိတိန် | ၁၈၅၄၆၂၀၅ | ၁၆၅၁၉၇၄၆ | ၁၆၀၃၇၉ |
| ၆။ | ရုရှား | ၁၅၁၉၉၇၂၀ | ၁၂၂၁၇၉၄၂ | ၃၄၄၇၁၅ |
| ၇။ | ဂျာမနီ | ၁၃၃၆၀၅၇၈ | ၉၅၉၅၀၀၀ | ၁၂၁၆၉၃ |
| ၈။ | တူရကီ | ၁၃၃၅၃၆၇၆ | ၁၂၄၇၃၄၇၀ | ၉၁၉၁၀ |
| ၉။ | အီတလီ | ၁၂၃၇၇၀၉၈ | ၁၀၈၂၀၃၈၀ | ၁၅၂၅၉၆ |
| ၁၀။ | စပိန် | ၁၀၈၀၀၉၂၂၂ | ၈၃၂၆၇၉၃ | ၉၇၉၉၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၅၁၄၉၀၂၁ | ၄၄၈၁၉၀၉ | ၁၄၆၂၀၂ |
| ၂။ | ဖိလစ်ပိုင် | ၃၆၅၀၇၄၈ | ၃၅၃၂၆၀၈ | ၅၅၆၀၇ |
| ၃။ | မလေးရှား | ၃၁၆၆၀၂၃ | ၂၉၀၀၆၈၂ | ၃၂၂၇၆ |
| ၄။ | ထိုင်း | ၂၆၉၃၃၆၂ | ၂၅၁၃၂၆၉ | ၂၂၅၉၇ |
| ၅။ | ဗီယက်နမ် | ၂၆၈၅၄၆၃ | ၂၂၆၁၁၈၀ | ၃၉၃၅၈ |
| ၆။ | မြန်မာ | ၅၆၂၃၆၄ | ၅၂၂၄၀၀ | ၁၉၃၂၇ |
| ၇။ | စင်ကာပူ | ၅၅၁၅၁၉ | ၄၈၉၂၉၉ | ၉၃၇ |
| ၈။ | လာအို | ၁၄၀၈၈၉ | ၁၃၇၁၄၃ | ၆၀၈ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၅၇၅၃ | ၁၂၀၁၆၅ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၃၂၅၁၃ | ၁၉၀၄၂ | ၁၀၉ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ သုံးခု၊ ယာဉ်စီးရေ ရှစ်စီးဖြင့် နှာခေါင်းစည်း ၅၁ တန်ကို တင်သွင်းခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ၁၉ ရက်အတွင်း ကုမ္ပဏီ ၂၆ ခုမှ ယာဉ်စီးရေ ၆၄ စီးဖြင့် နှာခေါင်းစည်း ၄၃၃ တန် တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ကိုးမျိုး စုစုပေါင်း ၁၄၁၂၀ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဗီယက်နမ်နိုင်ငံ၌ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး မကြာမီကျင်းပတော့မည်

ကိုဌေး (ကနောင်)

### အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games) သမိုင်းကြောင်း

အရှေ့တောင်အာရှနိုင်ငံများ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ အာရှအားကစားပြိုင်ပွဲများတွင် အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်နိုင်ရေးဆိုသည့် ဦးတည်ရည်မှန်းချက်များဖြင့် ၁၉၅၉ ခုနှစ်မှစတင်၍ ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games)ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် စတင်ကျင်းပခဲ့သည်။ ၁၉၇၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် ပြိုင်ပွဲမှစတင်၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games) အဖြစ် အမည်ပြောင်းလဲကျင်းပခဲ့သည်မှာ မကြာမီ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အားကစားပြိုင်ပွဲသည်ပင်လျှင် (၃၁) ကြိမ်မြောက် တိုင်ခဲ့ပြီဖြစ်ပါသည်။

ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games)တွင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ခြောက်နိုင်ငံဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ထည့်သွင်းကျင်းပသည့် အားကစားနည်းများအနေဖြင့်လည်း ၁၂ နည်းခန့်ဖြင့်သာ စတင်ကျင်းပနိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပြီး SEA Games ပြိုင်ပွဲကျင်းပသည့် တစ်ကြိမ်ထက်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများတိုးတက်လာခဲ့သည့်အတွက် ယခုဆိုလျှင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၁၁ နိုင်ငံနှင့် နှစ်နှစ်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပြိုင်ပွဲကြီးစတင်ကျင်းပခဲ့သည့် ၁၉၅၉ ခုနှစ်မှစတင်၍ ကျင်းပသည့်ပြိုင်ပွဲတိုင်းတွင် မပျက်မကွက် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် အိမ်ရှင်အဖြစ် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်၊ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲများနှင့် ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် သုံးကြိမ်တိုင်တိုင် အောင်အောင်မြင်မြင် လက်ခံကျင်းပနိုင်ခဲ့ပါသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ဒုတိယအကြိမ်နှင့် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအလိုက် အဆင့် (၁)နေရာရယူနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့် (၂) နေရာရရှိအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။



(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပမည့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ My Dinh အားကစားကွင်းကို တွေ့ရစဉ်။

### အောင်မြင်မှုမြင့်မားခဲ့သည့် မြန်မာ့အားကစား

မြန်မာ့အားကစားသမိုင်းကြောင်းအရ ၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း အောင်မြင်မှုမြင့်မားခဲ့ပြီး အားကစားနည်းအချို့ဆိုလျှင် အရှေ့တောင်အာရှအဆင့်ကို ကျော်လွန်ပြီး အာရှအဆင့်ကို ထိုးဖောက်၊ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည့် သာဓကများလည်းရှိခဲ့ပြီး မြန်မာ့အားကစားအဆင့်အတန်း မနိမ့်ခဲ့သည်ကိုလည်း မှတ်တမ်းမှတ်ရာများက သက်သေခံလျက်ရှိပါသည်။ အဆိုပါကာလများအတွင်း အောင်မြင်မှုအမြင့်မားဆုံး အားကစားနည်းကိုပြပါဆိုလျှင် မြန်မာ့ဘောလုံးကို ပြရမည်ဖြစ်ပါသည်။ တစ်ချိန်က မြန်မာ့ဘောလုံးအသင်းအနေဖြင့် ၁၉၆၆ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်များတွင် အာရှချန်ပီယံ နှစ်ကြိမ်၊ ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃ ခုနှစ်များတွင် အရှေ့တောင်အာရှကျွန်းဆွယ် ချန်ပီယံ ငါးကြိမ်ဆက်တိုက်ရရှိခဲ့ပြီး ဒေသတွင်းပြိုင်ပွဲများဖြစ်သည့် မာဒေးကားချန်ပီယံ လေးကြိမ်၊ ပတ်ချုံဟီးဖလားချန်ပီယံ သုံးကြိမ်၊ ဂျကာတာဖလားချန်ပီယံ လေးကြိမ်၊ မာရာဟာလင်ဖလားချန်ပီယံ သုံးကြိမ်၊ အာရှလူငယ်ချန်ပီယံ ရှစ်ကြိမ် ရရှိခဲ့သည့်အပြင် ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုများအထိ ရရှိခဲ့သည့် အောင်မြင်မှုမှတ်တမ်းများကို ပိုင်ဆိုင်ထားပြီး အခြားအောင်မြင်မှု မြင့်မားခဲ့သည့် ပြေးခုန်ပစ်၊ ဘော်လီဘော၊ အလေးမ၊ သေနတ်ပစ်၊ ရေကူး၊ ကျွမ်းဘား၊ လက်ဝှေ့အားကစားနည်းများ၏ အောင်မြင်မှုမှတ်တမ်းမှတ်ရာများမှာလည်း သိသာထင်ရှားလှပါသည်။

### တဖြည်းဖြည်းကျဆင်းလာသည့် မြန်မာ့အားကစား

သို့ရာတွင် အခြေအနေအကြောင်းကြောင်းအရ မြန်မာ့အားကစားအဆင့်အတန်း တဖြည်းဖြည်းကျဆင်းလာခဲ့သည်မှာ ဆယ်စုနှစ် လေး၊ ငါး စုတိုင်ကြာမြင့်ခဲ့ပြီဖြစ်သည်ကိုလည်း စိတ်မကောင်းစွာမြင်တွေ့နေရပါသည်။ ကျင်းပပြီးစီးခဲ့သည့် SEAP Games, SEA Games ပြိုင်ပွဲသမိုင်းတစ်လျှောက်ကို ပြန်ကြည့်ပါက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် SEAP Games ပြိုင်ပွဲတွင် ရွှေတံဆိပ် ၃၅ ခုဖြင့်လည်းကောင်း၊ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် SEAP Games ပြိုင်ပွဲတွင် ရွှေတံဆိပ် ၅၇ ခုဖြင့်လည်းကောင်း နိုင်ငံအလိုက် ပထမရရှိခဲ့ပြီး ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ် ၈၆ ခုဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရှိရကာ ပြိုင်ပွဲယှဉ်ပြိုင်မှုကာလတစ်လျှောက် ဆုတံဆိပ်ရရှိမှုအခြေအနေများအား သုံးသပ်ရလျှင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

- ၁၉၇၁ ခုနှစ် ဆဋ္ဌမအကြိမ် SEAP Games ပြိုင်ပွဲနှင့် ၁၉၇၉ ခုနှစ် ဒသမအကြိမ် SEA Games ပြိုင်ပွဲအထိ မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် (၂၀၊ ၂၈၊ ၂၅၊ ၂၆) ခု ရရှိခဲ့သဖြင့် ရွှေတံဆိပ် ၂၀ မှ ၂၈ ခုအကြား ရရှိခဲ့သည်ကို တွေ့ရပါသည်။
- ၁၉၈၁ ခုနှစ် (၁၁) ကြိမ်မြောက်မှ ၁၉၉၉ ခုနှစ် အကြိမ် (၂၀) မြောက် SEA Games ပြိုင်ပွဲများအတွင်း အမြင့်ဆုံးရွှေတံဆိပ် ၁၈ ခုကို ၁၉၈၃ ခုနှစ် စင်ကာပူ SEA Games တွင် ရရှိခဲ့ပြီး ၁၉၉၉ ခုနှစ် ဘရူနိုင်း SEA Games တွင် ရွှေတံဆိပ် သုံးခုသာ ရရှိခဲ့ပါသည်။
- ၂၀၀၁ ခုနှစ် (၂၁) ကြိမ်မြောက် မလေးရှား SEA Games ပြိုင်ပွဲမှ ၂၀၁၁ ခုနှစ် (၂၆) ကြိမ်မြောက် အင်ဒိုနီးရှား SEA Games ပြိုင်ပွဲအတွင်း အမြင့်ဆုံး ရွှေတံဆိပ် ၁၉ ခုနှင့် အနိမ့်ဆုံး ရွှေတံဆိပ် ၁၂ ခုအတွင်းသာ ရရှိခဲ့သည်ကို တွေ့ရသည်။

### အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန်လိုအပ်လာသည့်အားကစား

မြန်မာ့အားကစားအောင်မြင်ရေးသည် တာဝန်ယူဆောင်ရွက်နေသည့် ဝန်ကြီးဌာနတစ်ခုတည်းကသာ အောင်မြင်မှုရရှိရေးဆောင်ရွက်ရန် အခက်အခဲရှိသည်ဖြစ်ရာ ယနေ့အချိန်တွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အားကစားတိုးတက်မြင့်မားရေးအတွက် လိုအပ်ချက်များ လမ်းညွှန်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တွန်းအားပေးဆောင်ရွက်နေချိန်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ အားကစားဆပ်ကော်မတီများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၊ အားကစားဝါသနာရှင်များ၊ မီဒီယာလောကသားများ၊ အမြို့မြို့အနယ်နယ်ရှိ အားကစားကို စိတ်ပါဝင်စားသည့် မြို့မိမြို့ဖများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးအသိစိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့်အချိန်ရောက်ပြီဟုလည်း ဆိုချင်ပါသည်။

### မကြာမီကျင်းပတော့မည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

ဗီယက်နမ်နိုင်ငံတွင် လာမည့် ၂၀၂၂ ခုနှစ် မေလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဟနွိုင်းမြို့နှင့် နီးစပ်နေရာ ၁၂ နေရာတွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကြီးကို အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားရန် အတည်ပြုဆုံးဖြတ်ပြီးဖြစ်ပါသည်။ ထည့်သွင်းကျင်းပမည့် အားကစားနည်း ၄၀ အတွက် စုစုပေါင်း ရွှေတံဆိပ် ၅၂၆ ခု ချီးမြှင့်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၈ နည်း ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားလေ့ကျင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအားကစားနည်း ၁၈ နည်းအတွက် ရွှေတံဆိပ် ၂၇၉ ခု ချီးမြှင့်သွားမည်ဖြစ်ပါသည်။ စာမျက်နှာ ၂၄ သို့ ✳

**“ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းတွင် အားကစားနည်း ၁၂ နည်းဖြစ်သည့် မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်/စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ ဝူရှူး စသည့် အားကစားနည်းများကို ၁-၂-၂၀၂၁ ရက်နေ့မှ စတင်စခန်းသွင်းလေ့ကျင့်လျက်ရှိ။**

**ရန်ကုန်မြို့ရှိ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်အသီးသီးတွင် အားကစားနည်း လေးနည်းဖြစ်သည့် ဘိလိယက်/ စနူကာ၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ လှေလှော်နှင့် သေနတ်ပစ် စသည့်အားကစားနည်းများကို ၁-၂-၂၀၂၁ ရက်နေ့မှစတင်ပြီး စခန်းသွင်းလေ့ကျင့်လျက်ရှိ”**

※ စာမျက်နှာ ၂၃ မှ

### ကြိုတင်ပြင်ဆင်မှုများ

ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် အားကစားနည်း ၁၂ နည်းဖြစ်သည့် မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်/စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ ဝူရှူး စသည့်အားကစားနည်းများကို ၁-၂-၂၀၂၁ ရက်နေ့မှ စတင်စခန်းသွင်း လေ့ကျင့်လျက်ရှိပြီး စခန်းသွင်းအင်အားအနေဖြင့် အုပ်ချုပ်/နည်းပြ ၃၉ ဦး၊ အားကစားသမား (ကျား) ၈၃ ဦး၊ အားကစားသမား (မ) ၅၉ ဦး၊ အားကစားသမား စုစုပေါင်း ၁၄၂ ဦး၊ အုပ်ချုပ်/နည်းပြအပါအဝင် စုစုပေါင်း ၁၈၁ ဦး စခန်းဝင်လေ့ကျင့်လျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ် အသီးသီးတွင် အားကစားနည်း လေးနည်းဖြစ်သည့် ဘိလိယက်/စနူကာ၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှု၊ လှေလှော်နှင့် သေနတ်ပစ် စသည့် အားကစားနည်းများကို ၁-၂-၂၀၂၁ ရက်နေ့မှစတင်ပြီး စခန်းသွင်း လေ့ကျင့်လျက်ရှိပါသည်။ စခန်းသွင်းအင်အား အနေဖြင့် အုပ်ချုပ်/နည်းပြ ၅၈ ဦး၊ အားကစားသမား (ကျား) ၁၂၁ ဦး၊ အားကစားသမား (မ) ၈၃ ဦး၊ အားကစားသမားစုစုပေါင်း ၂၀၄ ဦးနှင့် အုပ်ချုပ်/နည်းပြအပါအဝင် စုစုပေါင်း ၂၆၂ ဦး စခန်းသွင်း လေ့ကျင့်စေလျက်ရှိပြီး ကျန်အားကစားနည်း နှစ်နည်းဖြစ်သည့် ဂေါက်သီးနှင့် စစ်တုရင် အားကစားနည်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့ချုပ် အစီအစဉ်ဖြင့် လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း လည်း သိရှိရသည်။

ပြိုင်ပွဲကြီးတွင် အောင်မြင်မှုရရှိစေရေးအတွက် လည်း အားကစားနည်းခြောက်နည်းကို တရုတ် နိုင်ငံသို့ Joint Training စေလွှတ်ထားရှိပြီး ပြေးခုန် ပစ် အားကစားနည်းမှ ၁၀ ဦး၊ လက်ဝှေ့ ၁၀ ဦး၊ ဘော်လီဘော ၁၅ ဦး၊ အလေးမ ၁၆ ဦး၊ ဝူရှူး ရှစ်ဦး၊ လှေလှော် (ကနူး/ကယက်) ၂၀ စုစုပေါင်း ၇၉ ဦး စေလွှတ်ထားပြီး ယခုအခါ ဘော်လီဘောနှင့် ကနူး/ ကယက် အားကစားသမားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေပြီး ကျန်အားကစားနည်းများမှ အားကစားသမားများလည်း မကြာမီအချိန်အတွင်း ပြန်လည်ရောက်ရှိလာတော့မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

### ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်/ နည်းပြ၊ အားကစားသမား ခန့်မှန်းအရေအတွက်

လက်ရှိအနေအထားအရ ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်မည့် အားကစားနည်း ၁၈ နည်းအတွက် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများ အင်အား ၄၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားရှိပြီး အုပ်ချုပ်/နည်းပြ၊ အားကစားသမားအရေအတွက် အနေဖြင့် အနည်းငယ် အတိုး/အလျှော့ရှိနိုင်ကြောင်း သိရှိရပါသည်။ ပြိုင်ပွဲသို့ အမှန်တကယ်သွားရောက် ယှဉ်ပြိုင်သည့်အခါ ဖိတ်ကြားခံပုဂ္ဂိုလ်များ၊ အုပ်ချုပ် မှုအဖွဲ့၊ ဆေးအဖွဲ့၊ မီဒီယာအဖွဲ့များပါရှိမည်ဖြစ် သည့်အတွက် ခန့်မှန်းအင်အား ၄၅၀ နှင့် ၅၀၀ ကြားခန့်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားရှိသည်။



တိုက်ကွမ်ဒိုအားကစားသမားများ စခန်းသွင်းလေ့ကျင့်နေစဉ်။

### နိုင်ငံတကာနည်းပြ ငှားရမ်း ဆောင်ရွက်မှုအခြေအနေ

စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစား နည်းများ အောင်မြင်မှုရရှိစေရေးအတွက် မြားပစ် အားကစားနည်းနှင့် တိုက်ကွမ်ဒိုအားကစားနည်း များအတွက် ကိုရီးယားနည်းပြကိုလည်းကောင်း၊ ပီတန်းအားကစားနည်းအတွက် ထိုင်းနည်းပြကို လည်းကောင်း၊ အားကစားသမားအားလုံး သတ်မှတ် လေ့ကျင့်ချိန်များအတိုင်း GYM လေ့ကျင့်ခန်းများ ဝင်ရောက်သည့်အခါ စနစ်ကျသည့် လေ့ကျင့်မှုများ ပြုလုပ်နိုင်စေရေးအတွက် ဂျပန်နည်းပြတစ်ဦးကို လည်းကောင်း ငှားရမ်းလေ့ကျင့်စေလျက်ရှိကြောင်း သိရှိရသည်။

### အားကစားနည်းအလိုက် အားကစားသမားများ စိစစ်အတည်ပြုရွေးချယ်မှုအခြေအနေ

စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစား နည်းများအနက် စံချိန်စံညွှန်းနှင့် ရွေးချယ်ရသည့် မြားပစ်၊ ပြေးခုန်ပစ်၊ လှေလှော်၊ သေနတ်ပစ်၊ အလေးမ စသည့် အားကစားနည်းများအား ရွေးချယ်သည့်အခါ ယခင် SEA Games ပြိုင်ပွဲဝင် စံချိန်များအပေါ် နှိုင်းယှဉ်၍ စိစစ်ရွေးချယ်ခြင်း ဖြစ်ပြီး စံချိန်စံညွှန်းမရှိသည့် ကျန်အားကစားနည်း များအတွက် အားကစားနည်းအလိုက် သက်ဆိုင်ရာ နည်းပြအဖွဲ့များနှင့် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ပေးအပ်သူများဖြင့် စနစ်တကျ အမှတ်ပေးရွေးချယ်လျက်ရှိကြောင်းလည်း သိရှိရ ပါသည်။

### စခန်းဝင်အားကစားသမားများအား ကျွေးမွေးထောက်ပံ့နေမှုအခြေအနေ

စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အုပ်ချုပ်/ နည်းပြ၊ အားကစားသမားများအား စားစရိတ်အဖြစ် တစ်ဦးလျှင် တစ်ရက် ၅၀၀၀ နှုန်းဖြင့် ကျွေးမွေး ဆောင်ရွက်လျက်ရှိပြီး အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအတွက် ထောက်ပံ့ကြေး အဖြစ် (A) အဆင့် သတ်မှတ်ခံရပါက လစဉ် ကျပ် နှစ်သိန်း၊ (B) အဆင့် ကျပ်တစ်သိန်းခွဲ၊ (C) အဆင့် ကျပ်တစ်သိန်း ချီးမြှင့်ထောက်ပံ့ထားပြီး အားကစား သမားများအနေဖြင့် ရွှေတံဆိပ်ရရှိခဲ့ဖူးသူဖြစ်ပါက (A)အဆင့်သတ်မှတ်ပြီး ငွေ/ကြေး ဆုတံဆိပ် တစ်ခုခုရရှိခဲ့ဖူးပါက (B) အဆင့် သတ်မှတ်ကြောင်း နှင့် ယခင် SEA Games ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ဖူးပြီး ဆုတံဆိပ် မရရှိခဲ့သော်လည်း လက်ရှိအနေအထားအရ စွမ်းဆောင်မှုကောင်းမွန် ပြီး အလားအလာရှိသူအား (C) အဆင့် သတ်မှတ် ချီးမြှင့် ထောက်ပံ့ပေးလျက်ရှိကြောင်းလည်း သိရှိရ သည်။ ၎င်းအပြင် စခန်းဝင်ရောက်လျက်ရှိသည့် အားကစားနည်းအလိုက် အုပ်ချုပ်/ နည်းပြ၊ အားကစားသမားအားလုံးအား T-Shirt၊ Sport Shirt၊ Walking Shoes၊ Track Suit များ၊ လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲသုံးပစ္စည်းများ၊ အားကစားနည်းအလိုက် လိုအပ်သည့် အားကစား အထောက်အကူပြုပစ္စည်းများအားလုံး ပြည့်ပြည့်စုံစုံ ထောက်ပံ့ပေးထားပြီး စခန်းဝင် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအားလုံးကို တစ်ရက် သုံးကြိမ် (နံနက်၊ နေ့လယ်၊ ည) အားဆေးများ တိုက် ကျွေးခြင်း၊ အားကစားအဖွဲ့လိုက်ဖြစ်စေ လိုအပ်ပါက တစ်ဦးချင်းဖြစ်စေ စိတ်ပညာပါမောက္ခမှ Mental Training အဖြစ် စိတ်ဓာတ်မြင့်မားတက်ကြွစေမည့် Motivation များ လုပ်ဆောင်ပေးလျက်ရှိကြောင်း လည်းသိရှိရသည်။

### ဆုတံဆိပ်ရရှိသည့် အားကစားသမားများအား ချီးမြှင့်ထောက်ပံ့မည့်အခြေအနေ

ပြီးခဲ့သည့် အကြိမ်(၃၀)မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် အားကစားသမားများအား နိုင်ငံတော်အနေဖြင့် အားကစားသမားတစ်ဦးချင်း ပြိုင်ပွဲများအတွက် ရွှေတံဆိပ် ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် ကျပ်သိန်း ၁၀၀၊ ကြေးတံဆိပ် ကျပ်သိန်း ၅၀ ချီးမြှင့်ပေးအပ်ပြီး အသင်းလိုက်ပြိုင်ပွဲများအတွက် ရွှေတံဆိပ် ကျပ် သိန်း ၁၀၀၊ ငွေတံဆိပ် ကျပ် သိန်း ၅၀၊ ကြေးတံဆိပ် ကျပ်သိန်း ၃၀ နှင့် နည်းပြများနှင့် အုပ်ချုပ်မှုအဖွဲ့များ အတွက်လည်း ရွှေတံဆိပ် ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ် ကျပ်သိန်း ၅၀၊ ကြေးတံဆိပ် ကျပ်သိန်း ၃၀ ချီးမြှင့်ပေးအပ်ခဲ့ကြောင်းနှင့် လာမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြီးမှာလည်း အောင်မြင်မှုရရှိခဲ့သည့် အားကစား သမားများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ငွေများ ထောက်ပံ့ချီးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

### ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းအားပေးကြပါစို့

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ရာ တွင် အောင်မြင်မှုများရရှိရေးအတွက် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် စခန်းဝင်လေ့ကျင့်နေကြသည့် အားကစားသမား များအား မပြတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက် မှန်သမျှ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ မကြာခဏ အားပေးစကားပြောကြားခြင်း၊ ကျန်းမာရေးကို အထူးဂရုစိုက်ပြီး ပြိုင်ပွဲတွင် အားကစားနည်း အလိုက် အောင်မြင်မှုရရှိအောင် ကြိုးပမ်းဆောင် ရွက်ရေး၊ စိတ်ဓာတ်မြှင့်တင်ရေး အသိပညာပေး ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည့်အပြင် အားကစားသမားများအနေဖြင့်လည်း စိတ်ဓာတ် ရေးရာအရ၊ လေ့ကျင့်မှုအခြေအနေအရ၊ စည်းကမ်း ကောင်းမွန်မှုအခြေအနေအရ နိုင်ငံ့ဂုဏ်ဆောင်နိုင် ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ကြောင့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ စိတ်ဓာတ် မြင့်မားတက်ကြွလာစေရေးအတွက် ပြည်သူတစ်ရပ် လုံးက ဝိုင်းဝန်းအားပေးကြရန် တိုက်တွန်းနှိုးဆော် အပ်ပါကြောင်း ...။ ။

---

### ○ မြန်မာ့လက်ရွေးစင်မှ

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် အာဆီယံဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲနှင့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဇန်နဝါရီ တတိယပတ်တွင် စတင် လေ့ကျင့်ခဲ့ပြီး ပဏာမကစားသမား ၂၂ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်နေပြီး ၂၀၁၉ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲနောက်ပိုင်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲ ပြန်လည် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာရဲမွန်ထွဋ်၊ အသင်းမန်နေဂျာ - ဦးရဲဝင်းထွန်း၊ နည်းပြချုပ် - ဘန်လက်ချာ ယိုဝန် (ထိုင်း)၊ လက်ထောက်နည်းပြများ - ဦးဌေးမြင့်၊ ဦးကျော်ဇင်ညွန့်၊ ဂိုးနည်းပြ- ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြ - Mr.Tawan Wutti (ထိုင်း)၊ ဂိုးသမားအဖြစ် ကျော်ထက်အောင် (MIU FC)၊ ဖွဲ့ပြည့်စုံ (VUC FC)၊ မိုးမင်းအောင် (Myoma FC)၊ ကစား သမားများအဖြစ် ဟိန်းမင်းစိုး (MIU FC)၊ မျိုးမြင့်စိုး (VUC FC)၊ ဇော်ဝဏ္ဏ (Myoma FC)၊ ကိုကိုလွင် (MIU FC)၊ စိုင်းပြုံးအောင် (MIU FC)၊ ဝေဇင်ဦး (VUC FC)၊ ထက်မြတ်ထွန်း (M2K FC)၊ ထက်မြတ်နိုင် (Myoma FC)၊ မျိုးသက်အောင် (MIU FC)၊ ငြိမ်းမင်းစိုး (VUC FC)၊ ထွဋ်ဝေထွန်း (VUC FC)၊ ချမ်းသာ (VUC FC)၊ ထွန်းအောင်ကျော် (Dream Team FC)၊ သိုင်းဘွဲ့အောင် (M2K FC)၊ ခင်ဇော်လင်း (MIU FC)၊ ရဲမင်းခန့် (MIU FC)၊ နိုင်လင်းထွန်းကျော် (VUC FC)၊ လှိုင်မင်းထွန်း (MIU FC)နှင့် အောင်ဇင်ဦး (VUC FC) တို့ ပါဝင်သည်။

မြန်မာဖူဆယ်အမျိုးသားအသင်းသည် ဧပြီလတွင် အာဆီယံဖူဆယ်ပြိုင်ပွဲ၊ မေလ တွင် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ကိုညီလေး**

## သနပ်ပင်မြို့နယ်၌ လက်ကိုင်ရှည် လက်တွန်းထွန်စက် ထွန်ယက်ခြင်းသရုပ်ပြပွဲ ကျင်းပ

**သနပ်ပင် ဖေဖော်ဝါရီ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သနပ်ပင် မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၇၃) စက်မှုလယ်ယာစခန်းက ကြီးမှူး ကျင်းပသော လက်ကိုင်ရှည်လက်တွန်း ထွန်စက် လူထိုင်စီး၍ တမန်းမွှေကိရိယာ ဖြင့် ထွန်ယက်သရုပ်ပြပွဲကို ယနေ့နံနက် ပိုင်းက ရေကျော်ကျေးရွာ ရွှေကျီးပင် မူလတန်းလွန်ကျောင်းရှေ့၌ ကျင်းပ သည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်မှုလယ်ယာမှ စက်မှု လယ်ယာသို့ ကူးပြောင်းရာတွင် လယ်ယာသုံး စက်ကိရိယာများကို စနစ်တကျ ကိုင်တွယ်မောင်းနှင်တတ်



ခြင်း၊ လက်ကိုင်ရှည်လက်တွန်းထွန်စက် အသုံးပြုခြင်းဖြင့် ဘီးချော်မှုမရှိဘဲ လုပ်ငန်းတွင်ကျယ်ခြင်း၊ လုပ်ငန်းပြီးစီးမှု ပိုမိုမြန်ဆန်ခြင်း၊ ဆီကုန်မှုနည်းခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ လမ်းလျှောက် ရန် မလိုသည့်အတွက် လူသက်သာခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးခရိုင်စက်မှု လယ်ယာဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် စက်မှု လယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဝါသနာရှင်များ၊ တောင်သူများက လက်တွန်းထွန်စက် လက်တွေ့ သရုပ်ပြမောင်းနှင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# လူမှုအကျိုးပြုလုပ်ငန်းများ ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

ပခုက္ကူ ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ လူမှုအကျိုးပြုလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ပခုက္ကူမြို့ တော်ဝင်နန်းဟိုတယ်၌ ပြုလုပ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပခုက္ကူမြို့နယ် အနာဂတ်အလင်းရောင်လူငယ်ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်က မြို့နယ်အတွင်း လူမှုအကျိုးပြုလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရသည့်အကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အရပ်ဘက် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးမှု အကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ်အတွင်းရှိ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များအလိုက် တစ်ဦးချင်းမိတ်ဆက်ကြပြီး နေ့/ညအချိန်နှင့်တစ်ပြေးညီ အရေးပေါ်လူနာ ပို့ဆောင်ရေး၊ Quarantine Center ဖွင့်လှစ်ရေး၊ အသိပညာပေးရေး၊ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ ကွင်းဆင်းစစ်ဆေးရေး၊ လူနာများအား ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲ၊ ပြဿနာများနှင့် ရှောင်ရန်/ဆောင်ရန်အချက်များအကြောင်းတို့ကို အုပ်စုဖွဲ့ အပြန်အလှန်ဆွေးနွေးကြသည်။



ယင်းနောက် အုပ်စုအလိုက် ဆွေးနွေးမှုများအပေါ် ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်ရေး နည်းဗျူဟာများ ရေးဆွဲအတည်ပြုကြပြီး လုပ်ငန်းစဉ်များအလိုက် တာဝန်ခွဲဝေယူကြသည်။

**ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)**

# သာယာဝတီမြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သာယာဝတီ ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေး ဌာနဆိုင်ရာများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက် ၇ နာရီက မင်းတဲလမ်း၊ ရာပြည့်လမ်းနှင့် ဘူတာလမ်းတို့တွင် ဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့သန့်ရှင်း သာယာလှပစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟို ဦးဆောင်သည့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များပူးပေါင်း၍ လမ်းဘေးဝဲ/ယာရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ မြက်ခင်းပြင်တွင် စွန့်ပစ်ထားကြသည့် အမှိုက်သရိုက်များနှင့် ပုလင်းကွဲများအား စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။

ထို့အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အထက (၁) ကျောင်းရှေ့တွင်လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးဦးဇော်လွင်ဦးနှင့် ဝန်ထမ်းများက အပတ်စဉ်ဘုရားစေတီပုထိုးများတွင်လည်းကောင်း၊ အမှိုက်များလှည်းခြင်း စသည့်သန့်ရှင်းရေးများ ပြုလုပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန့်ဇော်(သာယာဝတီ)**




## "အသိပေးကြေညာခြင်း"

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)၏ ၂၂-၂-၂၀၂၂ ရက်(အင်္ဂါနေ့)၊ နံနက်(၉:၃၀)နာရီတွင် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)ရုံး၌ ကျင်းပပြုလုပ်မည့် "အလုပ်အမှုဆောင်ရွေးချယ်ပွဲ"အစား "အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးပွဲ"အဖြစ် ပြောင်းလဲကျင်းပသွားမည်ဖြစ်ပါကြောင်းကို အသင်းသားများ သိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**
**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)**

## AQ MART COMPANY LIMITED ၏ လွှဲအပ်ချက်အရ အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂x၃၃လမ်းကြား၊ ၈၇x၈၈လမ်းကြား၊ အမှတ်(၂၆၈)ရှိ ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီ AQ MART COMPANY LIMITED ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ကြည်ပြာဖြိုးဝေအောင် ဘ-ဦးအောင်ထွန်း[၅/ဗမန(နိုင်)၀၄၆၉၈၇]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာပါသည်-

ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီသည် AQ MART အမှတ်တံဆိပ်အား အသုံးပြု၍ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို တရားဝင်မှတ်ပုံတင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း၌ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် အရောင်းမြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီပိုင် AQ MART အမှတ်တံဆိပ်သည် ပြည်သူအများ၏ တစ်ခဲနက်အားပေးမှုကိုရရှိခဲ့ပြီး ဈေးကွက်အား ဦးဆောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း အများသိရှိပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ အကျိုးပျက်စီးမှုကိုလိုလားသော အချို့လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် ကိုယ်စားလှယ်အချို့သည် အများပြည်သူမြင်သာစေသည့် Social Media များတွင် ကုမ္ပဏီပိုင်အမှတ်တံဆိပ်နှင့်ပတ်သက်၍လည်းကောင်း၊ ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်ကြည်ပြာဖြိုးဝေအောင်၏ အမည်ဂုဏ်သတင်း ပျက်ပြားစေရန် ရည်ရွယ်၍လည်းကောင်း မမှန်မကန်သတင်းများဖန်တီး၍ ရေးသားဖြန့်ဝေခြင်း၊ Social Media Post များတင်၍ အသရေဖျက်ခြင်း၊ ပုံရိပ်ကျဆင်းစေရန်ရည်ရွယ်၍ Comment များရေးသား၍လည်းကောင်း၊ React များဖြင့်လည်းကောင်း အားပေးအားမြှောက်ပြုခြင်း၊ မမှန်သတင်းများကို ပြန့်ပွားစေရန်ရည်ရွယ်၍ အီလက်ထရောနစ်ပစ္စည်းများ အသုံးပြု၍ အင်တိုက်အားတိုက် ဖြန့်ဝေပေးခြင်းကိစ္စရပ်များ ပြုလုပ်နေသည်ကို ရေးသားဖြန့်ဝေအားပေးသူများ၏ အချက်အလက်များနှင့်တကွ ခိုင်မာသောသက်သေအထောက်အထားပြည့်စုံစွာဖြင့် မြင်တွေ့သိရှိရပြီးဖြစ်သည်။

သို့ဖြစ်ရာ အဆိုပါကိစ္စများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများအနေဖြင့် လက်ခံခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီဖြစ်သော AQ MART CO.,LTD နှင့် ပတ်သက်၍လည်းကောင်း၊ AQ MART အမှတ်တံဆိပ်နှင့်ပတ်သက်၍လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ပြာဖြိုးဝေအောင်အပါအဝင် ကုမ္ပဏီဒါရိုက်တာများနှင့် ပတ်သက်၍လည်းကောင်း အများပြည်သူ အထင်အမြင်လွဲမှားစေရန် မည်သည့်နေရာတွင်မဆို ရည်ရွယ်ဆောင်ရွက်နေခြင်းများကို တစ်မုဟုတ်ချင်း ရပ်တန့်စေရန်နှင့် မည်သည့်အချိန်တွင်မဆို ဤကြေညာချက်ပါ တားမြစ်ချက်တစ်စုံတစ်ရာအား ချိုးဖောက်ကျူးလွန်ခြင်းများ မပြုလုပ်ရန် ကျွန်ုပ် အပြင်းအထန် သတိပေးတားမြစ်လိုက်သည်။ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ဆောင်ရွက်လာခဲ့ပါက ၎င်းတို့၏ အခွင့်အရေးအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာတရားရုံးတော်များတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားတစ်ထုံးစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ခဲ့ရပါက ကုန်ကျစရိတ်အဝဝနှင့် ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုအားလုံးအတွက် အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးတို့အပါအဝင် တရားမနစ်နာမှုအတွက် ရထိုက်သောအခွင့်အရေးအဝဝတို့အား ကျူးလွန်သူအပေါ်၌ တာဝန်ထားရှိမည်ဖြစ်ကြောင်း တစ်ပေါင်းတည်း သတိပေးအကြောင်းကြားလိုက်သည်။

**လွှဲအပ်ချက်အရ-**

**ဦးပြည့်ဖြိုးမောင်မောင်(LL.M)(စဥ်-၁၁၈၄၉)**
**(တရားလွှတ်တော်ရှေ့နေ)**

**ဦးလင်းခိုင်သိန်း(LL.B)(စဥ်-၁၀၈၅၆)**
**(တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်လဲ့သန္တာအောင်(LL.B)**
**(စဥ်-၁၃၈၄၁)**
**(တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်ချစ်ဆုမွန်(LL.B)**
**(စဥ်-၁၃၄၉၁)**
**(တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်မေသဲစု(LL.M)**
**(စဥ်-၁၇၈၆၃)**
**(တရားလွှတ်တော်ရှေ့နေ)**

**ဦးဝေယံဦး(LL.B)**
**(စဥ်-၅၁၇၆၅)**
**(အထက်တန်းရှေ့နေ)**

**ဦးနောင်နောင်သိန်း(LL.B)**
**(စဥ်-၅၃၁၀၂)**
**(အထက်တန်းရှေ့နေ)**

**Myanmar Garrison Law Firm Limited.,**
**(င-၂/၁၄၇)၊ ၆၂(ဘီ)လမ်း၊ ၁၀၇(အေ)x၁၀၈လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**Ph:09-2035301,09-952200200**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## ဆဋ္ဌမသက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင်အဖွဲ့
## ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏အသိပေးကြေညာချက်
## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်

[illegible]

ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်
## ၂၀၂၂ -၂၀၂၅ ခုနှစ်၊ ဆဋ္ဌမသက်တမ်း အလုပ်အမှုဆောင်အဖွဲ့
## ရွေးချယ်တင်မြှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ ထုတ်ပြန်ချက်

[illegible]

ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဒီမိုကရေစီစနစ်ခိုင်မာရေး၊ ပညာရေးကို ဦးစားပေးမြှင့်တင်

**“ပညာတတ်များ ပေါကြွယ်ဝခြင်းသည် ဒီမိုကရေစီစနစ် ဖော်ဆောင်ရန်နှင့် တိုင်းပြည်၏ အနာဂတ်ကောင်းကို ပိုင်ဆိုင်ခြင်းပင်ဖြစ်သည်”**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့တို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားခဲ့မှုမှ ကောက်နုတ်ချက်)





## ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းနှင့် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်သူများ လာရောက်လေ့လာနိုင်

**မကွေး ဖေဖော်ဝါရီ ၁၉**

ရှေးဟောင်းအမွေအနှစ်ကို ချစ်မြတ်နိုးပြီး ရှေးဟောင်းအဆောက်အအုံများ၊ အနုပညာလက်ရာ မြောက်လက်ဝတ်ရတနာများနှင့် ပစ္စည်းများ၊ မြို့ရိုးနှင့် မြို့ဝင်ပေါက်များကို လေ့လာလိုသည့် ခရီးသွားပြည်သူများအနေဖြင့် အညာဒေသ၏ လေ့လာလည်ပတ်စရာဒေသတစ်ခုဖြစ်သည့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့မှ အနောက်ဘက် ၁၂ မိုင်ခန့်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းနှင့် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်သူများအနေဖြင့် လာရောက်လေ့လာလည်ပတ်နိုင်ကြောင်း သိရသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်း၏ မြောက်ဘက်တွင် ယင်းချောင်း၊ စတုံချောင်းနှင့် တောင်ဘက်တွင် တောင်ဦးချောင်း၊ ရန်ပယ်ချောင်းတို့ စီးဆင်းလျက်ရှိကာ ၁၉၅၉ ခုနှစ်မှစ၍ ယနေ့အချိန်ထိ ကုန်းပေါင်း ၆၆ ကုန်းကျော်ကို တူးဖော်သုတေသနပြုခဲ့ပြီး စာမျက်နှာ ၇ ကော်လံ ၁ သို့ ◆

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲနှစ်ခုမတိုင်မီ ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။

ထိုင်းဘောလုံးအဖွဲ့ချုပ်သည် ထိုင်းလက်ရွေးစင်ဖူဆယ်အသင်း ကြိုတင်ပြင်ဆင်စေရန်အတွက် ယင်းပြိုင်ပွဲကျင်းပခြင်းဖြစ်ပြီး NSDF Futsal Invitation 2022 ပြိုင်ပွဲကို မတ် ၁၅ ရက်မှ ၂၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အိမ်ရှင် ထိုင်း အပါအဝင် မြန်မာ၊ မွန်ဂိုလီးယား၊ တာဂျစ်ကစ္စတန်၊ မော်လ်ဒိုက်၊ အိုမန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံနှင့် ပွဲစဉ်များကို ထိုင်းဘောလုံးအဖွဲ့ချုပ်က ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○

### ယနေ့ ဖတ်စရာ



**နေချင့်စဖွယ် နေရာသစ်တစ်ခုအဖြစ် ပေါ်ထွန်းလာတော့မည့် ရန်ကုန်ပြည်သူ့အငှားအိမ်ရာစီမံကိန်း** စာမျက်နှာ » ၁၂

**စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သံဃာတော်တစ်ပါးအား ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာသတ်ဖြတ်** စာမျက်နှာ » ၁၅

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀၅၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁၀ ဒသမ ၀၃ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၂၂



**ဗီယက်နမ်နိုင်ငံ၌ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး မကြာမီ ကျင်းပတော့မည်** ဆောင်းပါး စာမျက်နှာ » ၂၃